

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၁၀၈၄၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၆၂၁၁၁၀၈

အကြိမ် - ပထမအကြိမ်

၂၀၀၉-ခုနှစ်၊ဧပြီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ- ဦးဝင်းဖေ (မြ-၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။


ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# ကြိုစက္ကာ

# သူယောင်မယ်ချစ်သူ


ရွှေသမင်စာပေ

အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၉၆၁၁၀


www.burmeseclassic.com

# အမှာစာ

ကျွန်တော်အနေနှင့် ဝတ္ထုဇာတ်လမ်းပေါင်းများစွာတို့ကို ရေးသားရာမှာ မြစ်ဝကျွန်းပေါ် ပျဉ်ဒရယ်သစ်တောများအတွင်းမှ ထူးဆန်းအံ့သြဘွယ်ရာများကို ရေးဖွဲ့ရသည်မှာ လက်တွေ့လုပါသည်။

ရွှေသမင်စာပေတိုက်မှ ထုတ်ဝေပြီးသော ကညင်ကိုးပင်စင်ကိုးစင်၊ မျောက်တစ်ရာမြေမှ ဝနေစောင့်ရန့်စွယ်၊ ဂမုန်းနက်ရန့်စွယ်အစရှိသော ဝတ္ထုများသည် ပျဉ်ဒရယ်ဒေသကို နောက်ခံထား၍ ရေးသားသော ဝတ္ထုများဖြစ်သည်။

ထို့အတူ အောင်မြင်စာပေတိုက်မှ ကြိုသခ်အမည်ဖြင့် ရေးသားသော ဝနေစောင့် ဝိဉာဉ်နှင့် အထိကရတောကြမ်းအစရှိသော ဝတ္ထုများမှာလည်း ၎င်းနေရာဒေသများမှ ဖြစ်ရပ်မှန်ဝတ္ထုများဖြစ်ပါသည်။

ယခုရေးသားသော သူယောင်မယ်ချစ်သူ ဝတ္ထုရှည်မှာလည်း ပျဉ်ဒရယ် နောက်ခံဝတ္ထုရှည်ဖြစ်သောကြောင့် ကျွန်တော် ပရိသတ်များ အကြိုက်တွေ့စေမည့် ဝတ္ထုကောင်းတစ်အုပ်ဖြစ်ပါကြောင်း သတင်းကောင်းဖြင့် ....

စာဖတ်သူများ၏ မေတ္တာရိပ်မှ ...

(ကြိုစက္က)

## ဒဿနလက်ဆောင်

♣ မိမိလျှောက်ရမယ့် အနာဂတ်ခရီးလမ်းမှာ အမှား၊ အယွင်း၊ ကင်းကင်းနဲ့ လျှောက်ချင်တယ်ဆိုရင်တော့ အ တိတ်က သင်ကျူးလွန်ခဲ့တဲ့ အမှားအယွင်းဖြစ်ရသမျှတွေကို တစ်ခုမကျန်မှတ်မိနေဖို့ ဖြစ်မှာပါ .....။

♣ လေးနက်ခိုင်မြဲတဲ့အချစ်ဆိုတာ တဖြည်းဖြည်းချင်း ရှင်သန်လာတတ်ပါတယ်။

အချစ်စစ် အချစ်မှန်ဆိုတာကလည်း အချိန်ကာလနဲ့ လေးနက်မှုရှိမှ ပေါက်ဖွားလာတတ်ပါတယ်။

♣ **သင့်အတွက် မျှော်မှန်းမှုတစ်ခုရချင်တယ် ဆိုရင်တော့ သင့်ဆီက တစ်ခုခုကိုပြန်ပေးဖို့ ဝန်မလေးပါနဲ့။**

BURMESE CLASSIC .com

www.burmeseclassic.com

## ဒဿနလက်ဆောင်

♣ အောင်မြင်ကျော်ကြားမှု၊ ချမ်းသာကြွယ်ဝမှုများကို ပိုင်ဆိုင်ခဲ့ကြသူများမှာ အချိန်တ သင်လိုပဲ မကြာခဏ ဆင်းရဲခဲ့တဲ့ ဘဝက နေခဲ့တဲ့သူများပင်ဖြစ်ကြ၏။ သူတို့ အားလုံးမှာ သင်နှင့်မတူသောအချက်မှာ ဆင်းရဲခဲ့နေချိန်မှာပင် သူတို့အလုပ်ကို ထိုးထိမ်မထိတ်တော်

♣ မြစ်ပြင်ကို ဖြတ်ကူးဖို့အတွက် လှေလိုသည်။ လှေကိုလှော်ဖို့ လှော်တက်လိုသည်။ လှော်တက်ကို လှော်နိုင်ဖို့ ခွန်အားလိုသည်။

ကံနှင့် တူသောလှေ၊

ဉာဏ်နှင့်တူသော လှော်တက်

ဝီရိယနှင့် အသုံးချရသော ခွန်အားတို့ ရှိစေကာမူ တဖက်ကမ်းသို့



BURMESE CLASSIC .com

## ဒဿနလက်ဆောင်

♣ ကြီးမားကျယ်ပြန့်တဲ့ ကျောက်သားမျက်နှာပြင်တစ်ခု ကွဲအက် သွားရင် နည်းအမျိုးမျိုးနဲ့ ပြန်ဆက်စပ်လို့ရချင်ရနိုင်ပေမယ့် အချစ်ကြောင့် ကွဲအက်သွားတဲ့ စိတ်ကိုတော့ တစ်သက်လုံးပြန်ဆက်လို့ မရနိုင်တော့ပေ။

♣ ကမ္ဘာပေါ်တွင် လူတစ်ယောက်ကို သတ္တိရှိမရှိ အကဲဖြတ်ခြင်းသည် စိတ်ဓာတ်မကျပဲ ရှုံးနိမ့်မှုကို ခံနိုင်စွမ်း မရှိ စစ်ဆေးခြင်းပင်ဖြစ်သည်။

♣ စေပန်မှုတစ်ခုနှင့် တွေ့တိုင်း သင့်အတွက် အလှ ပေါ်စ်တစ်ခု မြင့်တက်လာလေ့ရှိပါသည်။



www.burmeseclassic.com

## ဒဿနလက်ဆောင်

♣ လောကတွင် သင်တစ်ယောက်လည်း ကံအဆိုးဆုံး လူလို့ တွေးနေချိန်မှာ အခြားသူများသည်လည်း ထိုအတွေးမျိုးတွေး နေကြမည်ကို သတိရခြင်းဖြင့် အတန်အသင့် စိတ်သက်သာရာ ရနိုင်ပါသည်။

♣ အချစ်ဆိုသော အရာဟာ သူ့ဖာသာနေတဲ့ အချိန်မှာ ဖြူစင်သန့်ရှင်းမှု ရှိပါတယ်။ လူသားတွေရဲ့ အကွေးတွေနဲ့ ထိတွေ့လိုက်တော့မှ အရောင်အမျိုးမျိုးပြောင်းသွားတာ ဖြစ်ပါတယ်။



BURMESE CLASSIC .com

## ဒဿနလက်ဆောင်

♣ အသီးအပွင့်မရှိသော သစ်ပင်တစ်ပင်ကို မည်သူကမှ စိတ်ဝင်စားကြမည်မဟုတ်ပေ။ အသီးအပွင့်ရှိလာလျှင်တော့ ခူးဆွတ်ချင်ကြသည်။ လူတစ်ယောက်ဘဝမှာ အညတြအခြေရောက် နေလျှင် မည်သူကမှ အရေးလုပ်ကြမည်မဟုတ်ပေ။

အောင်မြင်ကျော်ကြားလာရင်တော့ ဝေဖန်တိုက်ခိုက်မှုများကို ခံရတော့မည်မလွဲပေ။

♣ လူတစ်ယောက်ပြောလိုက်သော စကားသံမှာ နားဖြင့် မကြားရသော်လည်း လုံးဝပျောက်ကွယ် သွားခြင်းမဟုတ်ပါ။ လေလှိုင်းနှင့်အတူ အာကာသထဲသို့ ပြန့်လွင့်သွားခြင်းသာ ဖြစ်သည်။

တစ်ကြိမ်မှာတော့ သင်ပြောလိုက်သော စကားသည် သင့်ထံသို့ မလွဲမသွေ ပြန်ရောက်လာလေ့ရှိသည်။



www.burmeseclassic.com

## ဒဿနလက်ဆောင်

♣ ရေလှိုင်းဂယက်တွေ၊ လှိုင်းတွေမရှိတဲ့ရေမျက်နှာပြင်ဟာ သာယာလှပမှုရှိသလို…

ပျော်ရွှင်မှုဆိုတာကလည်း ကြည်လင်သန့်စင်တဲ့စိတ်တစ်ခုမှာပဲ တည်ရှိနိုင်ပါတယ်၊

♣ သင်ချစ်သူ၏ အလှကို သင့်မျက်စိနှင့်ကြည့်ပါ။ သူ့အသည်းနှလုံးနှင့် စိတ်ဓာတ်အမှန်ကိုသိရဖို့တော့ 'အချိန်' ဆိုတဲ့ ပညာရှိကို အကြည့်ခိုင်းပါလေ။



BURMESE CLASSIC .com



## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ

အခန်း (၁) – အယူသည်းသူ၏ နိဂုံး၊
အခန်း (၂) – နေရာရွှေ့သော ကျောက်ရုပ်များ၊
အခန်း (၃) – သိဒ္ဓိရှိသော ဂမုန်းများ၊
အခန်း (၄) – ထူးဆန်းသော အဘိုးအိုနှင့် ဂမုန်းလိုဏ်ဂူ။
အခန်း (၅) – တောနက်ထဲမှ အလှပျိုရှင်၊
အခန်း (၆) – နေသူရိန်ကုန်းတန်းသို့ ဒုတိယမြောက်ခရီး၊
အခန်း (၇) – ပဟေဠိဆန်သော မိန်းကလေး၊
အခန်း (၈) – လှေဝမ်းပျက်ထဲမှ အန္တရာယ်ဆိုး၊
အခန်း (၉) – သတို့သားရှာပုံတော်၊
အခန်း (၁၀) – သူယောင်မယ်ချစ်သူ ….၊
အခန်း (၁၁) – တစ်ခါကစ်ရဲ့ အချစ်ဟူသည် …၊
အခန်း (၁၂) – တောကြီးမာယာ ဝင်္ကပါ …၊
အခန်း (၁၃) – အရှက်နှင့် သက်သေခံသူ ….၊
အခန်း (၁၄) – နောက်ဆုံးကြမ္မာ ….၊
အခန်း (၁၅) – ချစ်သူတို့အပြုံး ….၊
– – နိဂုံး ….၊



www.burmeseclassic.com

## အခန်း ( ၁ )
## အယူသည်းသူ၏ နိဂုံး

အချိန်မှာ မြန်မာနိုင်ငံ အတွင်း၌ နယ်ချဲ့ ဆန့်ကျင်ရေးလှုပ်ရှားမှုများ အရှိန်အဟုန်ပြင်းစွာဖြင့် ဆောင်ရွက်နေသော အချိန်ဖြစ်ပေရာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသဟု ဆိုအပ်သော မြစ်ဝကျွန်းပေါ် ဒေသများမှာလည်း သူနေရာနှင့်သူ …သူ့ဒေသနှင့်သူ နယ်ချဲ့ လှုပ်ရှားမှုများဆောင်ရွက်နေသော အချိန်ကာလလည်း ဖြစ်ပေသည်။

ထိုခေတ် ထိုအခါက ဖျာပုံခရိုင်ရှိ သစ်တောများကို သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ကာ ထိုနေရာသို့ ဝင်ရောက်လိုပါက အစိုးရထံမှာ လိုင်စင်ယူပြီးမှ ဝင်ရောက်ခွင့်ရပေသည်။

ရှေးနှစ်ပေါင်းများစွာက ဖောင်ဝင်မြစ်အထက်ပိုင်း ဗိုလ်ကလေး





မြစ် (ယခု ဘိုကလေးဟု ပြောင်းလဲခေါ်ကြသည်။) အနောက်ဘက်ရှိ ကျွန်းညိုကြီးကိုပင် အစိုးရပိုင်သစ်တောများဟု သတ်မှတ်ခဲ့ကြလေသည်။

ထိုအချိန်က ကိုင်းတောမြစ်ဆုံမြောက်ဘက်လောက်မှာသာ လူနေအိမ်ရှိပြီး ကျွန်းညိုကြီး ကျွန်းတစ်ကျွန်းလုံးဒီရေ သစ်တောများအဖြစ် ဖုံးလွှမ်းလျက်ရှိပေသည်။ ပင်လယ်ရေင်များကလည်း ဗိုလ်ကလေးအထိ ရောက်ပေရာ ရေဝန်ကျွန်းများဟုပင် သတ်မှတ်နိုင်ပေသည်။ 'ကျွန်းညိုကြီး' ဆိုသော နာမည်နှင့်လိုက်အောင်ပင်ထိုကျွန်းကြီးမှာ အဝေမှကြည့်လျှင် ညို့မှိုင်းလျက်ရှိနေပေသည်။ ဒီရေရောက်ရာအရပ်၌ ပေါက်လေ့ရှိသော ကနစိုး၊ လဗ၊ လမု၊ ဗျူးဥတစ်လုံး၊ ဗျူးခြေထောက်၊ ကျနု၊ လသုပင်၊ သင်ပေါင်း၊ ကမ္ဘလာ၊ သရော အစရှိသော သစ်ပင်များမှာလည်း နေပြောက်မထိုးအောင် ရှိနေတော့သည်။ အစိုးရသစ်တောဌာနတွင် လိုင်စင်ခံ၍ သစ်ခုတ်ဆင်းကြသူများမှာ အများအားဖြင့် အောက်နယ်ဘက်တွင် အသုံးများသော ကနစို သစ်များကိုသာ ခုတ်ယူကြသည်။

ကနစိုသစ်မှာ အောက်ဖက်နယ်အတွက် ကျွန်းပင်ကဲ့သို့ အသုံးဝင်သော သစ်မာမျိုးဖြစ်ပေသည်။

ကနစိုသစ်မှာလည်း ကျွန်းပင်ကဲ့သို့ ရာဇဝင်နှင့်လာသော သစ်မျိုးဖြစ်သည်။



www.burmeseclassic.com

ရှေးနှစ်ပေါင်းများစွာက ကမ္ဘာပေါ်မှာရှိသော သစ်တောကြီးများထဲမှာ သစ်အမျိုးအနွယ်ချင်း၊ အပင်ချင်း၊ အနှစ်အကာချင်းတူသော ကနစိုနှင့် ပျဉ်းကတိုးသစ်နှစ်မျိုးတို့လည်း အတူတကွရှိကြလေသည်။

သို့သော် ....

ထိုသစ်နှစ်မျိုးတို့သည် အရည်အချင်းခြင်း တူသောကြောင့် သင့်မြတ်မှုမရှိချေ။ သင့်မြတ်မှု မရှိသဖြင့် မကြာခဏ တိုက်ခိုက်ကြသဖြင့် တောမီးလောင်မှုများဖြစ်ပွားခဲ့လေသည်။

သို့ကြောင့် ....

သစ်ဘုရင် ကျွန်းပင်က ၎င်းကနစိုနှင့် ပျဉ်းကတိုးသစ်နှစ်မျိုးတို့ကို အရည်အသွေးပြိုင်စေလျက် ရှုံးနိမ့်သောသူအား နယ်နှင်ဒဏ်ပေးမည်ဟုပြောကာ အရည်အခြင်းပြိုင်စေ၏။ ကာလကြာသောအခါ ကနစိုသစ်သည် ပျဉ်းကတိုးသစ်အား မမီပဲ ဆွေးမြေ့ပျက်စီးခြင်းသို့ ရောက်ခဲ့လေသည်။

သို့ကြောင့် ....

ပင်လယ်အရပ်သို့ နယ်နှင်ခြင်းခံရလေတော့သည်။ ကနစို သစ်မှာ ၎င်းနှင့် မျိုးနွယ်တူဖြစ်သော လဗ၊ လမု၊ ကျနု၊ ကမ္ဗလာ၊ မမေ၊ ဗျူး။ သင်ပေါင်း အစရှိသော သစ်မျိုးနွယ်တို့ကို ခေါ်ဆောင်၍ ကျွန်းနှင့် ပျဉ်းကတိုးသစ်မရောက်နိုင်သော ပင်လယ်ကမ်းခြေရှိ ဒီရေ





တက်ရာ အရပ်များတွင် သွားရောက်နေထိုင်လေတော့သည်။ ထိုသို့နေထိုင်သော်လည်း စိတ်မချသေးပဲ အထက်ပိုင်းမှကျွန်းနှင့် ပျဉ်းကတိုးသစ်များ လှရှိရာသို့ လိုက်လာမည်စိုးသောကြောင့် ကမ်းစပ် တွင် ခြေတံရှည်သော ဗျူးခြေထောက်ပင်များကို စောင့်ကြည့်နိုင်းထားလေသည်။

ထိုပြင် ...

သူပေါက်ရာနေရာတဝိုက်မှာလည်း ဆူးများသော သင်ပေါင်းတောများကို ကာရံထားခဲ့လေသည်။

သို့ကြောင့် ....

ကနစိုတောရှိရာ ကမ်းခြေတစ်လျှောက်တွင် ခြေတံရှည်သော ဗျူးခြေထောက်ပင်တောရှိနေခြင်းဖြစ်ကြောင်း သစ်တောအလုပ်သမားကြီးများ၏ ဖါးစပ်ရာဇဝင်ရှိခဲ့ပေ၏။

ရှေးအခါက သစ်ခုတ်သမားများမှာ ဝေးလံသောအရပ် ဒေသများအထိ သွားစရာမလိုပဲ မိုလ်ကလေးမြို့ အောက်ဘက်ရှိ ကျွန်းညိုကြီးအောက်တွင် ကနစိုသစ်များလိုသလောက်ရနိုင်ကြပေသည်။

သစ်ကြီးသစ်ကောင်းများကိုလည်း မြစ်ကမ်းဆိပ်နှင့် မဝေးလှသော ကမ်းနားတလျှောက်မှာပင် အလွယ်တကူရရှိနိုင်ပေသည်။

မြန်မာပြည်သူတို့အတွက် အသီးများလှသော ရေငံပိုင်ဦးရှင်ကြီးဇာတ်တွင် မောင်ရှင် လိုက်ခဲ့သော လှေသူကြီးတို့ ကနစိုများတိုင်



www.burmeseclassic.com

ဆင်းခုတ်သောနေရာမှာ အခြားမဟုတ်ပေ ....။

ကျွန်းညိုကြီးပင်ဖြစ်၏။

လှေမထွက်နိုင်သဖြင့် လှေသားများကို မဲချရာ ကံဆိုးသော မောင်ရှင်မဲကျသောကြောင့် ရေထဲပစ်ချ၍ ရေစာကျွေးသောနေရာမှာ ကျွန်းညိုကြီးပင် ဖြစ်ပါသည်။ ယခုထက်တိုင် မောင်ရှင်ကို ရေထဲပစ်ချ၍ ရေစာကျွေးခဲ့သော နေရာတွင် လောင်းလှေ ဝမ်းဗိုက်ရာကြီးရှိနေသေး၏။ နှစ်ပေါင်းများစွာ သောင်ပြင်ပေါ်မှာ ထင်နေသော ဝမ်းဗိုက်ရာကြီးပျက်မသွားခြင်းမှာ ထူးခြားသော ဆန်းကြယ်မှု တစ်ခုပင်ဖြစ်တော့သည်။

ထို့ပြင် ....

ထိုလှေဝမ်းဗိုက်ရာကြီးအပေါ်မှာ မိကျောင်းကြီးများတက်ရောက်အိပ်နေတတ်ရာ ထိုမိကျောင်းကြီးများကို မိကျောင်းလိုက်မုဆိုးများက အန္တရာယ်ပေး၍မရကြပေ၊ အကယ်၍ အန္တရာယ်ပေးမိပါက ထိုသူများမှာ ချက်ခြင်းအန္တရာယ် တစ်ခုခုနှင့် တွေ့ကာ ဒုက္ခရောက်ကြရသည်မှာလည်း ထူးခြားသော အစဉ်အလာတစ်ခု ဖြစ်နေတော့သည်။

ကျွန်းညိုကြီးသည် မိန်းမလှကျွန်းနှင့် မျက်စောင်းထိုးအနေ အထားတွင်ရှိသည်။

မြောက်ဘက်မှ စီးဆင်းလာသော ဗိုလ်ကလေး မြစ်သည် ကျွန်းညိုကြီးကို ဖြတ်ကာ မိန်းမလှကျွန်းသို့ ဦးခိုက်ပြီး ဖောင်ဝင်မြစ်ထဲသို့ စီးဝင်သွားလေသည်။





ထို့နောက် ...

ဖောင်ဝင်မြစ်နှင့်အတူ ပင်လယ်ထဲရောက်အောင် အတူတကွ စီးဆင်းသွားလေတော့သည်။

ထိုအချိန်က ဖောင်ဝင်မြစ်တောင်ဘက်တကျောကို ပျဉ်ဒရယ်သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ကာ ဆင်းပွဲစခန်းကြီးများချထားပေသည်။

ထိုဆင်းပွဲစခန်းကြီးများထဲမှာ ကြက်ပြေးစခန်းနှင့် ရေကျော်ကြီး သစ်တောစခန်းတို့မှာ နာမည်ကြီးလှပေသည်။ ထိုသစ်တောစခန်းများတွင် အစိုးရ သစ်တောရုံးများပင် ဖွင့်လှစ်ထားပေသည်။

ကြက်ပြေးစခန်းမှာ မော်လမြိုင်ကျွန်းမြို့နယ်ထဲမှာပါပြီး ရေကျော်ကြီး သစ်တောစခန်းမှာ ဗိုလ်ကလေးမြို့နယ်ထဲမှာ ပါဝင်သောကြောင့် သက်ဆိုင်ရာ မြို့များမှ တစ်ထပ်သင်္ဘောများဖြင့် ခရီးသည်တင်ပြေးဆွဲပေးကြသည်။

သို့ကြောင့် ...

သစ်တောထဲမှာ နေရသည်ဆိုစေကာမူ ရွာများနှင့်မခြားလှ လေသေးမရှိ စည်ကားနေတော့သည်။

ပျဉ်ဒရယ်သစ်တောနယ်နိမိတ်အတွင်း၌ ပါဝင်သော မိန်းမလှ

ကျွန်းမှာ ထူးခြား၍ ဂမ္ဘီရဆန်သော နေရာတစ်ခုဖြစ်ပေသည်။ ထို ကျွန်းပေါ်တွင် ရှေးဟောင်းသမိုင်းဝင် မျောက်တစ်ရာစေတီတော်ရှိသည်သာမက၊ ကျောက်ဖြစ်နေသော မျောက်ရုပ်တစ်ရာလည်းရှိပေသည်။

သို့သော်လည်း ကံထူးသူများသာ ထိုမျောက်ရုပ်တစ်ရာကို တွေ့နိုင်ပြီး တကူးတက လိုက်ရှာရင်တောင်မှ ထိုမျောက်ရုပ်များကို တွေ့နိုင်ဖို့ မလွယ်ပေ ….။

တစ်ခါတစ်ရံမှာတော့ တောထဲမှာ မျက်စိလည်ရင်းနှင့် ကျောက်ရုပ်များကို တွေ့ရတတ်သော်လည်း အကောင်တစ်ရာပြည့်အောင်မတွေ့ရပေ။

အတော်များများကတော့ (၉၉) ကောင်သာ ရေတွက်၍ရသည်ဟုဆိုကြသည်။

မိန်းမလှကျွန်း၏ မြောက်ဘက် ဖောင်ဝင်မြစ်တဘက်ကမ်းတွင်၊ စက်စု၊ စက်ဆန်း၊ ထော်စီထော်ပိုင် အစရှိသော နေရာများရှိသည်။

ထော်စီထော်ပိုင်တစ်ဝိုက်မှာ သစ်တောကြီးများသာ ရှိသေးသော်လည်း စက်စုနှင့် စက်ဆန်းတဝိုက်မှာတော့ လူနေအိမ်များရှိပြီး လယ်မြေရိုင်းများ စတင်ဖော်ထုတ်စအချိန်များလည်းဖြစ်ပေသည်။ လယ်မြေရိုင်းဆိုသောကြောင့် လက်ကျန်သစ်တောများ၊ သစ်ငုတ်သစ်မြစ်များကို ခုတ်ထွင်ရှင်းလင်းပြီး စပါးစိုက်ပျိုးကြခြင်းပင်ဖြစ်၏။





လယ်ရိုင်းများဖြစ်သောကြောင့် မြေသြဇာကောင်းလှပေရာ စိုက်ပျိုးသော စပါးများမှာ သန်စွမ်းလှသည်။ သို့သော်လည်း အနှောက်အယှက်အဖျက်အဆီးကတော့ နေရာတကာတိုင်းမှာ ရှိစမြဲဖြစ်၏။

လယ်မြေရိုင်းများတွင် စပါးအထွက်ကောင်းလှသည်ဆိုသော်လည်း စပါးခင်းများကို ဂဏန်းများညှပ်ခြင်းနှင့် စပါးသီးမှည့်ချိန်တွင် တောဝက်များနှင့် မျောက်အုပ်များ၏ နှောက်ယှက်ဖျက်ဆီးခြင်းကို ခံကြရခြင်းဖြစ်သည်။

မိုးဦးကျအချိန် စပါးခင်းများထကာစအချိန်တွင် ဂဏန်းများညှပ်သဖြင့် စပါးပင်များ ပျက်စီးကြသလို ….၊

ဆောင်းဦးပေါက် စပါးသီးစအချိန်ရောက်လျှင် တောထဲမှ ကြက်တူရွေးအုပ်များရောက်လာပြီး ဖျက်ဆီးကြသည်။ နှံ့ရာသီ စပါးပေါ်ချိန်ရောက်ပြန်တော့လည်း စာအုပ်ကြီးများရောက်လာသလို တောထဲမှ မျောက်အုပ်များဆင်းလာပြီး စိုက်ခင်းနှင့် အခြားသီးနှံပင်များကို စားသောက်ဖျက်ဆီးလေ့ရှိကြသည်။

လယ်ကွက်များနှင့် သစ်တောများမှာ နေရာချင်း ဆက်စပ်လျက်ရှိသဖြင့် နေ့လည်ဘက်တွင် လူတွေပြုလုပ်သမျှကို မျောက်များက သစ်ပင်ပေါ်မှ စောင့်ကြည့်နေတတ်ကြသည်။ လူများမရှိတော့လျှင် မျောက်အုပ်ကြီးက လယ်ကွက်ထဲသို့ ဆင်းလာပြီး တစ်



www.burmeseclassic.com

နေကုန် လူများလုပ်သမျှ လိုက်လုပ်ကြတော့သည်။

လူများက ခမောက်ဆောင်းပြီး တံစဉ်ကိုင်ကာ စပါးရိတ်နေသည်ကိုမြင်လျှင် တူအောင်လိုက်လုပ်ကြသည်။

နွားများကိုကြိုးဖြင့် တွဲကာ စပါးနယ်နေသည်ကို မြင်လျှင် မျောက်ခေါင်းဆောင်က ကျန်မျောက်များထိုကြိုးဖြင့်တွဲပြီး တုတ်တစ်ချောင်းကိုင်ကာ စပါးနယ်နေလေ့ရှိသည်။ ဇချို့ပါးနပ်သော လယ်သမားများက ထိုအကြောင်းကို သိသောအခါ စပါးနယ်သော တလင်းထဲမှာ ကြိုးခွေများများထားပြီး နေ့လည်ဘက်တွင် နွားများကို ကြိုးဖြင့် အထပ်ထပ် ပတ်ချည်ပြပြီး ညဦးပိုင်းရောက်သောအခါ ကြိုးခွေများကို တလင်းထဲမှာ သည်အတိုင်းပုံထားပေးခဲ့ကြသည်။ ပြီးမှ တစ်နေရာရာမှစောင့်နေကြသည်။ ညဦးပိုင်းရောက်သောအခါ တောထဲမှ မျောက်အုပ်ကြီးထွက်လာသည်။

တလင်းထဲရောက်သောအခါ ခေါင်းဆောင်မျောက်ကြီးက ကြိုးခွေများကို ယူ၍ ကျန်မျောက်များကို နွားချည်သလို လိုက်လံချည်ပြီး တုတ်တစ်ချောင်းဖြင့် နွားမောင်းသလို မောင်းလေတော့သည်။

ထိုအချိန်ရောက်မှ အသင့်စောင့်နေသော လူများက အသံပေး၍ ထွက်သွားသောအခါ မျောက်များမှာ အလန့်တကြားထွက်ပြေးကြလေတော့သည်။

သို့သော် ....





ကြိုးများဖြင့် အချည်ခံထားရသော မျောက်အချို့ကတော့ ကြိုးတန်းလန်းဖြင့် အချည်ခံထားရသောကြောင့် လူများ၏ ဖမ်းဆီးခြင်းကို ခံကြရလေသည်။

နောက်ထပ်မျောက်ဖမ်းသော နည်းတစ်နည်းလည်းရှိသေး၏။ နေ့လည်ဘက်တွင် လူများက တလင်းထဲမှာ သောက်ရေအိုးတစ်လုံးချပြီး ရေခွက်များဖြင့် အားရပါးရ ခတ်သောက်ပြပြီး သူတို့ပြန်သွားသောအခါ ထိုသောက်ရေအိုးကို ကောက်ရိုးပုံထဲမှာ ဝှက်ထားခဲ့ကြသည်။

နောက်တစ်နေ့ရောက်လျှင် သောက်ရေအိုးမှာ အပြင်သို့ရောက်နေပြီး အိုးထဲမှာ ရေတစ်စက်မှ မကျန်တော့ပေ၊ ထိုအခါ လူတို့က သောက်ရေအိုးထဲမှာ တောအရက်များထည့်၍ ကောက်ရိုးပုံထဲမှာ ဝှက်ထားခဲ့ပြီး တစ်နေရာမှ စောင့်ကြည့်နေကြလေသည်။

ညအချိန်ရောက်သောအခါ တောထဲမှ မျောက်အုပ်ကြီးဆင်းလာပြီး အိုးထဲမှ အရက်များကို တစ်ကောင်တစ်ခွက်ခပ်သောက်ကြရာ မူးလဲကုန်ကြတော့သည်။

ထိုသို့ မူးလဲနေမှ လူများက ထွက်သွားပြီး အလွယ်အကူဖမ်းယူကြတော့သည်။

ကြာတော့ တောထဲမှ မျောက်များမှာ လူများနေထိုင်သော လယ်ကွင်းများ၊ ရွာများရှိရာသို့ မလာဝံ့တော့ပဲ တဖြည်းဖြည်းနှင့်



www.burmeseclassic.com

ပျောက်ခြင်းမလှ ပျောက်ကုန်ကြတော့သည်။ ထိုအခါ စက်ဆန်းရှာသားများဖြစ်ကြသော ဘမှန်နှင့် ဘစံ ဦးဆောင်သော ရှာသားများသည် လယ်လုပ်ငန်းအားရက်တွင် နေသူရိန်ကုန်းတန်းဘက်သို့ မျောက်ပစ်သွားကြရန် တိုင်ပင်ကြသည်။

"မျောက်တွေကလည်း တို့ရွာသားတွေ နှိပ်စက်တာများတော့ အရင်ကလို ရွာခြေအထိ မလာကြတော့ဘူး"

"ဟုတ်တယ် မျောက်သားမစားရတာလည်း အတော်ကြာပြီ သူတို့ မလာတော့လဲ တို့က တောထဲဝင်ပြီး လိုက်ပစ်ကြရင် မကောင်းဘူးလား"

"ကောင်းတော့ကောင်းပါတယ် ...ဘယ်တောကို သွားကြရင် ကောင်းမလဲ"

"နေသူရိန်တောတန်းဘက်ပဲ သွားကြတာပေါ့"

"ဖြစ်ပါ့မလား ဘမှန်ရ...."

"ဘစံကလည်း နေသူရိန်တောထဲမှာ တောကြမ်းတယ်ဆိုတာလည်း မင်းအသိသားနဲ့ ..."

ဘမှန်စကားကြောင့် ဘစံက ဆေးပတ်လိပ်ကို ဖွာရင်း တစ်ချက်မဲ့လိုက်လေသည်။

"ကိုယ်က ...တောထဲက မျောက်ပစ်ဖို့သွားတာ တခြားဘာလုပ်တာမှတ်လို့ ဘာမှ ကြောက်စရာမရှိဘူး"





"ဘစံ မင်းအဲဒီလိုတော့ တယူသန်စကားမျိုးမပြောသင့်ဘူး။ တောထဲမှာ တို့တတွေမသိနိုင်တဲ့ အကြောင်းတွေ လျှို့ဝှက်ချက်တွေရှိတယ်။ စကားမလွန်တာအကောင်းဆုံးပဲ ..."

"မင်း ဒီလောက်ကြောက်နေရင် မလိုက်ချင်လည်း နေခဲ့ပေါ့ကွာ ...တို့တစ်တွေကတော့ ဟင်းစားရအောင်ခုတာတက်လိုက်ဦးမယ်"

ဘစံက စိတ်မြန်လက်မြန်ဖြင့် တောတက်ရန်ပြင်ဆင်နေပြန်တော့လည်း ဘမှန်တစ်ယောက် မနေခဲ့ပဲ ...ဘစံတို့ အဖွဲ့နှင့် လိုက်ခဲ့လေသည်။

သူတို့သွားမည့် နေသူရိန်ကုန်းတန်းမှာ ထော်ဆီထော်ပိုင်ချောင်းဖျားဘက်တွင်ရှိသောကြောင့် ဦးစွာလှေများဖြင့် ဝင်ကြရသည်။

ချောင်းဖျားဘက်ရောက်သောအခါမှ လှေကိုတစ်နေရာတွင် ထားရစ်ခဲ့ပြီး တောလမ်းအတိုင်းခရီးဆက်ကြလေသည်။

တောတက်သောအဖွဲ့မှာ ဘစံ၊ ဘမှန်တို့အပါအဝင် ၅ ယောက်ဖြစ်သည်။

ချောင်းဖျားဘက်ရောက်သောအခါ နွံထဲတွင် တစ်ပိုင်းမြုပ်နေသော လောင်းလှေကြီးတစ်စင်း ပြိုတွေ့ကြရသည်။ သူတို့တစ်တွေမှာ နေသူရိန်ကုန်းတန်းအကြောင်းကို သတင်းသာကြားဖူးပြီး တစ်ကြိမ်တစ်ခါက်မှ မရောက်ဖူးကြသဖြင့် ယခုကဲ့သို့မြင်တွေ့ရ



www.burmeseclassic.com

သောအခါ အံ့သြနေကြလေသည်။

"လောင်းလှေကြီးက ကြီးလှချည်လားဟ ...ဦးအပိုင်းပေါ်မှာ လူလေးငါးယောက် ထမင်းဝိုင်းစားရင်တောင် ချောင်ချောင်ရနိုင်တယ်။ ဒါဘယ်ကလှေကြီးလဲ ဘမှန် ...."

"ငါလည်း သိပ်မသိဘူး။ မင်းသိချင်ရင် ရွာပြန်ရောက်တော့မှ ဘဘ ဦးမွန်သော်ကို မေးကြည့်ပေါ့ ...သူတို့ကတော့ ရှေ့မှနောက် မီလူကြီးတွေဆိုတော့ ဒါတွေသိချင်သိမှာပေါ့ ..."

သို့ကြောင့် ဘဇံလည်း ဆက်မမေးတော့ပဲ ချောင်းထဲမှာ တစ်ပိုင်းပေါ် တစ်ပိုင်းနစ်နေသော လောင်းလှေကြီးကို စိတ်ဝင်စားစွာ လိုက်ကြည့်နေလေသည်။

ထိုနေရာတဝိုက်တွင် သစ်ပင်များမှာ နေပြောက်မထိုးအောင် ပိတ်ဆီးနေပြီး သစ်ပင်များပေါ်မှာ မျောက်မျိုးစုံတို့၏ အော်သံများကို ကြားရလေသည်။

သူတို့တတွေမှာ ဒူးလေးနှင့် အဆိပ်လူးထားသော မြားဘူးများ အပြင် ဓားနှင့် လှံများလည်းပါလာကြသည်။

"ဘဇံ တောမပစ်ခင် တောပိုင်တောင်ပိုင်တွေကို ခွင့်တောင်းလိုက်ဦးလေ ...."

ဘမှန်က သတိပေးလိုက်သော်လည်း ဘဇံကတော့ သိပ်ပြီး အလေးအနက်မရှိလှပေ ....။





"ရပါတယ်ကွာ ...တို့ကတောကောင်ကြီးတွေလိုက်တာမှ မဟုတ်တာ မျောက်ပစ်တာလောက်တော့ ဒီလောက်မလိုပါဘူး။ ကဲ အချိန်မရှိဘူး။ ဟင်းစားရအောင် ပစ်ကြရစို့ ..."

ဟု ပြောကာ ဒူးလေးနှင့် မြားများကို အဆင်သင့်ပြင်ကာ သစ်ပင်ပေါ်မှာ မျောက်များကို လိုက်ပစ်ကြလေတော့သည်။ မျောက်တို့၏ သဘာဝအတိုင်း စောစောက လွတ်လွတ်လပ်လပ် အော်ဟစ်နေကြသော်လည်း အောက်မှ ရန်သူရောက်လာသောအခါ သစ်ပင်ပေါ်မှာ တစ်ကောင် မှ ရှာမတွေ့တော့ပေ၊ အချို့မှာ လူတို့နှင့် ဝေးရာအခြားသစ်ပင်များသို့ ကူးပြေးကြပြီး အချို့ကတော့ သစ်ရွက်များဖြင့် အကာအကွယ် ယူထားသောကြောင့် သစ်ပင် အောက်မှ လှမ်းကြည့်လျှင် ရုတ်တ ရက်မမြင်နိုင်ပေ ...။

တောမတက်ခင်ကတည်းက အရက်အနည်းငယ်သောက်ထားသော ဘဇံသည် အသံသာကြားနေရပြီး သစ်ပင်များပေါ်မှာ မျောက်များကို တစ်ကောင်မှ မမြင်ရသောအခါ ဒေါသထွက်လာပြီး ပါးစပ်မှ မကျေမနပ်ဖြင့် ရေရွတ်ဆဲဆိုနေတော့သည်။ သူတို့တစ်တွေမှာ စုရပ်တစ်ခုကို သတ်မှတ်ပြီး နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲခွဲသွားကြလေရာ ဘဇံနှင့် အခြားအဖော်တစ်ယောက်တို့က တစ်နေရာသို့သွားပြီး ဘမှန်နှင့် ကျန်အဖော်နှစ်ယောက်က တစ်နေရာသို့ သွားလေသည်။



www.burmeseclassic.com

မျောက်တို့မှာ အောက်မှ လူရောက်လာလျှင် သစ်ရွက်များကို ဖင်ခုပြီးထိုင်ပုန်းနေလေ့ရှိရာ ထိုအကြောင်းကို သိထားသော ဘစံသည် စိတ်ထင်သော နေရာများကို မှန်း၍ မြားဖြင့်ပစ်ကြည့်သော်လည်း မြားသာဆုံးပြီး မျောက်တော့ တစ်ကောင်မှ မရသေးပေ။

သို့ကြောင့် ...

အရက်ကလေးအရှိန်ကြောင့် ဒေါသကလည်း ပိုဖြစ်လာသည်။ ထိုအနိုက်မှာပင် မလှမ်းမကမ်းတောရှင်းတစ်နေရာမှ မျောက်အုပ်ကြီးအော်သံကိုကြားရသဖြင့် စိတ်ထဲမှာ ဝမ်းသာသွားမိလေသည်။

"တို့ရှေ့ရဲ့ မလှမ်းမကမ်းနေရာမှာ မျောက်တွေရှိတယ် မင်းအော်သံတွေကြားသလား"

ဟု မေးလိုက်သောအခါ ၎င်း၏ အဖော်က တအံ့တသြဖြင့် ...၊

"ငါတော့ မကြားမိပါဘူး"

ဟု ပြန်ပြောလိုက်လေသည်။

"ဒီလိုနားပါးပုံမျိုးနဲ့များ၊ တောထဲလာသေးတယ်၊ တောတက်တဲ့ လူဆိုတာ ...မျက်စိဆိုလဲလျင်ရတယ်၊ နားဆိုရင်လည်းပါးရတယ်၊ ဒီလိုမှ မလျင်ရင် မုဆိုးက သားကောင်ဖြစ်သွားမှာပေါ့ ..."

အဖော်ဖြစ်သူက ဘစံကို တအံ့တသြကြည့်နေသည်။

သို့သော် ဘာမှတော့ပြန်မပြောပေ ....။

"ဒီလိုလုပ်ကွာ ...တို့နှစ်ယောက်တစ်နေရာထဲမသွားပဲ ...တစ်





နေရာစီခွဲလိုက်ကြမယ် ...မင်းက ဟိုဘက်ကသွား။ ငါက ဒီဘက်က လိုက်မယ် ...."

ဟု ပြောသောအခါ အဖော်ဖြစ်သူက ခေါင်းညိတ်ပြ ပြီး တောထဲသို့ ဝင်သွားလေတော့သည်။ ထိုအခါမှ ဘစံသည် ဒူးလေးကို အသင့်ပြင်ပြီး အခြားတဖက်သို့ ဝင်လာခဲ့လေသည်။

သူဦးတည်လာသော နေရာဘက်မှာ နေသူရိန်ချောင်းများဘက်ပိုင်းဖြစ်လေသည်။

ထိုဘက်တွင် ချောင်းက တဖြည်းဖြည်းကျဉ်းလာပြီး ကမ်းဘေးတဖက်တချက်တွင် လဗတော၊ ကမ္ဘလာတောများအုပ်ဆိုင်းလျက်ရှိသည်။ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သော ကမ္ဘလာပင်ကြီးများမှာ အပြင်ခြင့်သလောက် လုံးပတ်အရွယ်အစားကလည်း ကြီးလှသည်။ အချို့အပင်များ၏ ပင်ခြေမှာ ကဗျင်းခေါင်းကြီးများရှိပြီး အထဲတွင် လူတစ်ယောက်နှစ်ယောက်ဝင်၍ နေနိုင်လောက်သော အခြေအနေရှိလေသည်။

အချို့သစ်ခုတ်သမားများ၊ အမဲလိုက်သမားတို့သည် တောတက်ရင်း မိုးမိကြလျှင် ထိုကမ္ဘလာသစ်ခေါင်းများထဲဝင်ပြီး မိုးခိုကြရလေသည်။

ကျားနှင့် အခြားသတ္တဝါများလည်း မိုးရွာလျှင် ထိုသစ်ခေါင်းများထဲဝင်၍ မိုးခိုလေ့ရှိကြသည်။

မိန်းမလှကျွန်းဘေးတွင်ရှိသော မျောက်တစ်ရာ ဆရာတော်ကြီးမှာ ကမ္ဗလာပင်ကြီးတစ်ပင်၏ သစ်ခေါင်းကို ကျောင်းအဖြစ်သတ်မှတ်ကာ ဝင်ရောက်သီတင်းသုံးကာ တရားကျင့်ကြံအားထုတ်ခဲ့ပေသည်။ ညအချိန်များတွင် ဆရာတော်ရှိရာ သစ်ခေါင်းဂူအတွင်းသို့ ကျားနှင့် မြွေများပင် လာရောက်နေကြသည်ဟု အဆိုရှိပေသည်။

ယခု နေသူရိန်ချောင်းများဘက်မှာရှိသော လဗပင်နှင့် ကမ္ဗလာပင်ကြီးများမှာလည်း နှစ်ချို့ပင်ကြီးများဖြစ်ပြီး သစ်ခေါင်းများနှင့် သစ်ပင်ခွကြားများတွင် လူတစ်ယောက်၊ နှစ်ယောက်ကောင်းစွာ နိုနေလောက်အောင် အရွယ်အစားကြီးမားလှပေသည်။

ထိုနေရာသို့ ရောက်သောအခါ နေရာအနှံ့အပြားစီမှ မျောက်အော်သံများကို စတင်ကြားရလေတော့သည်။ မျောက်အော်သံများမှာ သစ်ပင်များအပေါ်မှသော်လည်းကောင်း၊ သစ်ခေါင်းများထဲမှသော်လည်းကောင်း ကြားနေရသော်လည်း မျောက်များကိုတော့တစ်ကောင်တစ်လေမှ မတွေ့ရသေးပေ။

ဘာဖသည် ဒူးလေးနှင့် မြှားကို အဆင်သင့်ကိုင်ဆောင်၍ ခြေသံလုံလုံဖြင့် အတွင်းသို့ ဝင်သွားရာ ကမ္ဗလာတောကြီးအတွင်းသို့ရောက်သွားတော့သည်။

ထိုနေရာသို့ ရောက်သောအခါ မျောက်အော်သံများကို ပိုမိုဆူညံစွာကြားရလေသည်။





ထိုအခါ ဘာဖ စိတ်ထဲမှာ ဇဝေဇဝါဖြစ်လာတော့သည်။

"ဘယ်လိုလဲဟ ...မျောက်အော်သံတွေကိုသာ အများကြီးကြားနေရတယ်၊ အခုထိ မျောက်ဆိုလို့ တစ်ကောင်မှ မတွေ့ရသေးဘူး။ငါ့ကိုတောခြောက်နေတာများလား"

သူ့အတွေးမှ မဆုံးမီ တစ်နေရာ ရောက်သောအခါ လဗပင်နှင့် ကမ္ဗလာပင်များတောက်ဘက်မှ မျောက်များအသီးသီးထွက်လာလေတော့သည်။

မျောက်အုပ်ကြီးမှာ အကောင်တစ်ရာထက် မနည်းများလှပေသည်၊ ဘာဖသည်ထိုမျှများပြားလှသော မျောက်များကို ရုတ်တရက်တွေ့လိုက်ရသောအခါ ဘယ်အကောင်ကို ပစ်ရမှန်းမသိလောက်အောင်ဖြစ်ကာ အလန့်တကြားဖြစ်သွားတော့သည်။ မျောက်များက သူ့လက်ထဲမှာ ဒူးလေးနှင့် မြှားရှိနေသော်လည်း ကြောက်ရွံ့ကြဟန်မရှိပဲ၊ မလှမ်းမကမ်းဆီမှ 'တဂီးဂီး၊ တဂဲဂဲ' အော်ဟစ်နေရင်းသွားဖြဲပြနေတော့သည်။

သတ္တိကောင်းလှပြီး နေရာတကာတွင် တဖွတ်ထိုးနိုင်လှသော ဘာဖပင် ဇောချွေးများပြန်လာလေတော့သည်။ သို့သော်လည်း မထူးတော့သော အခြေအနေမို့ ဒူးလေးကို မောင်းတင်၊ မြှားတပ်ကာ အနီးဆုံးမှာရှိသော အကောင်အကြီးဆုံးမျောက်ကို ရွေး၍ပစ်သည်။

"ဒေါင် ...."



www.burmeseclassic.com

ပစ်လိုက်သော မြှားက မျောက်ကို မထိပဲ ဘေးနားမှ ကမ္ဗလာပင်မှာ စိုက်နေလေရာ ထိုမျောက်က မြှားတံကို ဆွဲနှုတ်ပြီး တစ်စစီ ချိုးဖွဲ့ပစ်လိုက်လေသည်။

-"ဂီးဂီးဂီး"

"အူ ဝူး ဝူး"

"ခွီး ခွီး ခွီး"

ပတ်ဝန်းကျင်ရှိ မျောက်အော်သံများမှာ ရှေးကထက်ပိုမို ဆူညံစွာပေါ် ထွက်လာလေတော့သည်။

ဘစံက နောက်ထပ် မြှားတစ်ချောင်းတပ်ကာ ပစ်ပြန်သည်။

"ဒေါင် ...."

မြှားက မျောက်ကို မထိပဲ သစ်ပင်မှာ သွားရောက်စိုက်နေပြန်သည် ဘစံသည် ဒူးလေးကို ကျွမ်းကျွမ်းကျင်ကျင်ပစ်တတ်ရုံမက လက်ဖြောင့်သူ တစ်ဦးလည်း ဖြစ်ပေသည်။ ဒီလောက် နီးကပ်နေသော ပစ်ကွင်းကို လွဲစရာအကြောင်းမရှိ နိုင်ပေ။

မျောက်များရှိသော နေရာမှာ သူရပ်နေသော နေရာနှင့် ဆယ်ပေ ဆယ့်ငါးပေထက်ပင်ပို မဝေးလှပေ၊ တစ်ချက်ပစ်လို့လွဲလျှင်ထားတော့ ...။ ယခုနှစ်ချက်ပစ်တာတောင် မထိသောအဖြစ်ကြောင့် အံ့ဩခြင်းနှင့်အတူ ကြောက်ရွံ့ထိတ်လန့်မှုလည်း ဖြစ်လာတော့သည်။ အခြေအနေမဟန်သောကြောင့် ထွက်ပြေးရန် ကြံပြန်





တော့လည်း မျောက်များက သူပြေးမည့်လမ်းမှန်သမျှ ပိတ်ထားလေတော့သည်။ ဘစံ ကြံရာမရတော့သဖြင့် အဖော်များရှိရာသို့ 'အူ' ၍ အချက်ပေးလိုက်လေတော့သည်။

"အူ ဝူ ဝူ ..."

သူအူလိုက်သည်နှင့် မျောက်များကလည်း သူအူသံကဲ့သို့ အသံများဖြင့် လိုက်အူကြလေတော့သည်။

"အူ ...ဝူ .... ဝူ...."

"အူ ....ဝူ... ဝူ...."

နောက်ဆုံးကြံရာမရတော့သည့်အဆုံး ဘစံ သည် ဒူးလေးကို ပစ်ချပြီး ဓားကို ကိုင်ကာ တွေ့သမျှ မျောက်များကို လိုက်လံခုတ်လေတော့သည်။

"ဒီလောက်တောင်ရှိလှတာ ကိုင်းဟာ ကိုင်းဟာ ..."

ထိုသို့ ပြုလုပ်သည်နှင့် မျောက်များက ကြောက်လန့်ထွက်ပြေးသွားခြင်းမရှိပဲ သူ့ဆီသို့ တိုးဝင်လာပြီး ဝိုင်းဝန်းတိုက်ခိုက်ကြရာ နောက်ဆုံး လက်ထဲမှ ဓားလွတ်ကျသွားပြီး မျောက်များ၏ ဝိုင်းဝန်းကိုက်ခဲခြင်းကို ခံရလေတော့သည်။

"အား ...အား ..."

ဘစံ၏ ဆူးဆူးဝါးဝါး အော်သံကြီးပေါ်လာသောအခါမှ ပတ်ဝန်းကျင်တွင် ရောက်နေသော အဖော်များက အသံကြားရပြီး ထိုနေရာ



www.burmeseclassic.com

သို့ ပြေးလာကြလေတော့သည်။

သို့သော်လည်း သူတို့ရောက်လာသောအချိန်တွင် သွေးအိုင်ထဲမှာ ရုပ်ပျက်ဆင်းပျက် အသက်ပျောက်နေသော ဘဇံကို တွေ့ကြရလေသည်။

"ဟာင် ...."

ဘဇံ၏ မျက်နှာနှင့် လည်ပင်းတဝိုက်တွင် ချွန်ထက်သော အစွယ်များဖြင့် ကိုက်ဖဲ့ထားခြင်းခံရသဖြင့် သွေးများထွက်နေကာ ထိုဒဏ်ရာများကြောင့်ပင် အသက်ပျောက်သွားခြင်းဖြစ်ပေလိမ့်မည်။

အဖော်များက ထိုနားတဝိုက်တွင် ဘဇံအားရန်မူသွားသော သတ္တဝါများရှိလိမ့်မည်အထင်နှင့် လိုက်လံရှာဖွေကြည့်သောအခါ အခြားသတ္တဝါများကိုမတွေ့ရပဲ ကမ္ဘလာတောထဲတွင် ကျောက်ဖြင့် ပြုလုပ်ထားသော မျောက်ရုပ်အရိုးကိုသာတွေ့ရသဖြင့် အံ့သြသွားကြလေသည်။

သူတို့သည် မိန်းမလှကျွန်းတစ်ဝိုက်တွင် နာမည်ကြီးလှသော မျောက်တစ်ရာကျောက်ရုပ်များကို မြော်လင့်ပဲတွေ့ကြရသော်လည်း အံ့သြခြင်းမဖြစ်ပဲ ကြောက်ရွံ့မှုသာဖြစ်ကြရလေတော့သည်။

သို့ကြောင့် ....

ဘဇံအလောင်းကို သယ်ယူကာ ထိုနေရာမှ အမြန်ဆုံးထွက်ခဲ့ကြလေသည်။





အဘယ်ကြောင့်ဆိုသော် ....။

သူတို့ထဲတွင် ပါလာသော ဘမှန်က ကျောက်ရုပ်ဖြစ်နေသော မျောက်များအနီးသို့ ကပ်ကြည့်သောအခါ ၎င်းတို့၏ ပါးစပ်ထဲတွင် သွေးစ သွေးနများကို တွေ့လိုက်ရသောကြောင့် ဖြစ်ပေသည်။



www.burmeseclassic.com

## အခန်း (၂)
## စေနရာဇစ္ဆသော ကျောက်ရုပ်များ

စက်ဆန်းရွာမြန်ရောက်ကြတော့ တဆင့်စကားတဆင့်ကြား ပြီး ထိုအကြောင်းကပြော၍ မဆုံးနိုင်အောင်ရှိနေကြတော့သည်။

"ဘစံ သေတာ သွေးရိုးသားရိုးဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး တော ထဲတောင်ထဲမှာ မဟုတ်တာတွေ လျှောက်ပြောလို့ ခုကွရောက်တာ ဖြစ်ရမယ်"

"ဟုတ်ရဲ့လားကွာ ..."

"ဟုတ်တာပေါ့ဗျာ ...သူအော်သံကြားလို့ ကျုပ်တို့ပြေးသွား တော့ အဲဒီနားမှာ ဘာတွေတွေ့ရတယ်ထင်သလဲ ..."

"ဘာတွေ တွေ့လို့လဲဟ ..."





"ကျောက်မျောက်ရုပ်တွေ တွေ့ခဲ့ရတာဗျ"

"ကျောက်မျောက်ရုပ်တွေ ဟုတ်လား"

"ဟုတ်တယ် ..."

"ဒီလိုဆိုရင် မျောက်တစ်ရာက ကျောက်ရုပ်တွေများဖြစ်မလားဟ"

"ဒါတော့ ကျုပ်တို့လည်း သေသေချာချာမသိရဘူး နောက်တစ် ခု ထူးဆန်းတာ တစ်ခုလည်း တွေ့ရသေးတယ်"

"ဘာလဲ"

"အဲဒီမျောက်ရုပ်တွေရဲ့ ပါးစပ်တွေထဲမှာသွေးစနေသွေးနတွေပါ တွေ့ခဲ့ရတာဗျ ..."

"တန်တော့၊ တန်တော့ မင်းတို့တစ်တွေ တောတောင်မကြိုက် တာတွေ လုပ်မိကြလို့ တောမှောက်ပြီး တောခြောက်ခံကြရတာ သေ ချာပြီ ...အဲဒါဆိုရင် မင်းတို့ ဒီအတိုင်းနေလို့မရတော့ဘူး"

ဟု ဝါရင့် မုဆိုးကြီး ဦးမွန်ထော်က ပြောသဖြင့် ဘမှန်နှင့် အခြား သူများမှာ ကြောက်ရွံ့သွားကြလေတော့သည်။

"ဒါ ...ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ဘကြီးထော် ..."

"ဘစံ သေတဲ့နေရာပြန်သွားပြီး တောပိုင်တောင်ပိုင်တွေ ကျေ နပ်အောင် တောင်းပန်ကြရမယ် ..."

"ဟာဗျာ အဲဒီနားကိုတော့ တစ်ခေါက်ထပ်မသွားဝံ့ပါဘူး"

"မင်းတို့တစ်တွေ လုပ်တုန်းက လုပ်ခဲ့ပြီး အခုမှ ဘာကြောက်



www.burmeseclassic.com

နေတာလဲ ပြစ်မှုတစ်ခုဆိုတာ လုပ်ပြီးရင် ကျေအောင်ပြန်ဆပ်ရတယ်။ မတောင်းပန်ရင် ဒီထက်ပိုဆိုးလာနိုင်တယ်။ မင်းတို့ချည်း မသွားဝံ့ရင် ငါကိုယ်တိုင် လိုက်ခဲ့ပါ့မယ် ...”

“ဘကြီးထော်လိုက်မယ်ဆိုရင်တော့ သွားပါ့မယ်”

ဟု ပြောဆိုနေကြလေသည်။

အချိန်မှာ တန်ဆောင်မုန်းလ၏ ညဦးပိုင်းအချိန်ဖြစ်သည်။ တိတ်မြူကင်းစင်လျက်ရှိသော ကောင်းကင်ပြင်မှာ လရောင်က ထွန်းလင်းတောက်ပနေသည်သာမက နက္ခတ်တာရာများကလည်း စုံလင်စွာပေါ် ထွက်လျက်ရှိနေသည်။ တန်ဆောင်မုန်းလပြည့်နေ့ညသည် နက္ခတ်တာရာစုံလင်စွာပေါ် ထွန်းသော ဆောင်းပေါင်းခသည့် ညဖြစ်ပေရာ တန်ခိုးရှိသော ဂမုန်းပန်းများလည်း စုံလင်စွာ ပွင့်ကြလေသည်။ ထိုညက လူအတော်များများမှာ သေဆုံးသွားသော ဘခ်နေအိမ်တွင်စုကာ အသုဘစောင့်နေကြလေသည်။ တောရွာ၏ ဓလေ့အတိုင်း အသုဘကို လယ်ကွင်းအစပ်မှာ စင်နှင့် တင်ထားကြသည်။

ရွာသားအတော်များများကတော့ ကြေးအံကစားခြင်း၊ ကတ်ဆွဲခြင်း၊ ဖဲရိုက်ခြင်း များပြုလုပ်နေကြပြီး ဦးမွန်ထော်တို့လို လူကြီးများက ရေနွေးကြမ်း သောက်ရင်း၊ ကွမ်းဝါးရင်း စကားပြောနေကြလေ

ရောက်သောအခါ တောထဲဘက်ဆီမှ တောခွေးအူ





သံများပေါ် ထွက်လာလေတော့သည်။

“ဟင် ...”

တောခွေးအူသံများကြောင့် ရွာထဲမှ ခွေးများကပါ တစ်ကောင်ပြီးတစ်ကောင်လိုက်၍အူကြလေရာ ခွေးအူသံများမှာ တစ်ရွာလုံး ဆူညံနေလေတော့သည်။

“ခွေးတွေ ထူးထူးခြားခြား အူလှချည်လားဟ”

တစ်ယောက်က စိတ်မချသော လေသံဖြင့် ပြောလိုက်လေသည်။ ုတို့ပြောဆိုနေကြစဉ်မှာပင် လယ်ကွင်းအစပ်ရှိ သစ်ပင်များပေါ် ွင် မည်းမည်း သတ္တဝါတစ်ကောင်သည် သစ်ပင်တစ်ပင်နှင့် တစ် င် ခုန်ကူးနေလေတော့သည်။

ငှင်းသတ္တဝါမှာ အခြားမဟုတ်ပေ ....။

တောကြောင်နက်ကြီးတစ်ကောင်ပင်ဖြစ်သည်။

တောကြောင်နက်ကြီးမှာ အလုံးအထည်ကြီးရုံမက တစ်ကိုယ် ုံးရှိ အမွေးများက နက်မှောက်လျက်ရှိပြီး မျက်လုံးများက ညအ ှာင်ထဲမှာပင် အရောင်လက်နေလေတော့သည်။ ဘခ်အလောင်း ားသော နေရာမှာ တောစပ်နှင့် မဝေးလှသောကြောင့် တော ကြောင်နက်ကြီးမှာ တစ်နေရာမှ တစ် ရာသို့ ခုန်ရင်းနှင့် အလောင်း နီးသို့ရောက်လာလေတော့သည်။ ညအမှောင်ရိပ်ရှိနေသည်က တစ်ကြောင်း၊ တောရိပ်တောင်ရိပ်ရှိနေသည်က တစ်ကြောင်း

ကြောင်နက်ကြီးတစ်ကိုယ်လုံးမှာ အမည်းရောင်ဖြစ်နေသောကြောင့် ရွာသားများက ၎င်းကိုလှမ်းမမြင်နိုင်ကြပေ ... ထုအခိုက်မှာပင် သစ်ပင်တစ်ပင်မှ တစ်ပင်ခုန်ကူးလာသော ကြောင်နက်ကြီးမှာ လေးတိုင်စင်ပြုလုပ်၍တင်ထားသော ဘုစ်အလောင်းပေါ်သို့ လွှားခနဲ ခုန်ကျော်လိုက်သည်။

ထိုညက သူတို့တစ်တွေသည် ဘယ်သူမှ မအိပ်ပုံကြတော့ပဲ ဘုစ်အလောင်းကို စောင့်ကြရပြီး နောက်တစ်နေ့တွင် ဘုန်းကြီးများကိုပင့်၍ သရဏဂုံတင်ကာ မြေမြှုတ်သင်္ဂြိုဟ်လိုက်ကြလေတော့သည်။

ဘုစ်အသုဘရက်လည်ပြီးသောအခါ ဦးမွန်ဖော်နှင့် ဦးဗန်ကောင်းတို့ နှစ်ယောက် ဦးဆောင်ကာ ကျောက်မျောက်ရုပ်များတွေ့ခဲ့သည်ဆိုသော နေသူရိန် ကုန်းတန်းဘက်သို့ ထွက်ခဲ့ကြသည်။ သူတို့နှင့်အတူ ဘဗုန်လည်းပါလာသည့်အပြင် အခြားလူငယ်လူရွယ်များလည်း လိုက်ခဲ့ကြသည်။

အရေးအကြောင်းရှိလျှင် အသုံးပြုရန် ဓားလှံ လေးမြားစသည်တို့ကိုပါ ယူဆောင်လာကြသည်။ နေသူရိန်ကုန်းတန်းရှိသော နေရာမှာ ထော်စီ ထော်ပိုင်ချောင်းဖျားဘက်တွင် ရှိလေသည်။

သူတို့သည် လှေတစ်စင်းဖြင့် လှော်ဝင်ခဲ့ကြခြင်းဖြစ်သည်။ လမ်းတဝက်ရောက်တော့ ဦးဗန်ကောင်းကပြောသည်။





"နေသူရိန်ကုန်းတန်းဆိုတော့ ရှေးကလူတွေနေသွားတဲ့ နေရာဟောင်းတစ်ခုပဲ၊ အဲဒီနေရာတဝိုက်မှာ ရှေးဟောင်းပစ္စည်းတွေလည်း တွေ့ချင်တွေ့နိုင်တယ်။ အဲဒီလိုတွေကရင် မယူကြဖို့ ကြိုတင်ပြောထားပါရစေ။"

"ဘာကြောင့်လဲ အဘ ..."

"ရှေးဟောင်းပစ္စည်းတွေဆိုတာ ပိုင်ရှင်ရှိတယ်"

"ပိုင်ရှင်ရှိတယ် ...ဘယ်သူတွေလည်း အဘ ..."

"ဥစ္စာပစ္စည်းဆိုတာ ပိုင်ရှင်တွေရှိသည်ဖြစ်စေ မရှိတော့သည်ဖြစ်စေ ...သူတို့ပဲ ပိုင်ဆိုင်ခွင့်ရှိကြတယ် ..။

လူဘဝမှာမရှိတော့ပေမယ့် ဝိညာဉ်ဘဝနဲ့လည်း ပစ္စည်းတွေကို စောင့်နေတတ်ကြတယ် ..."

ဦးဗန်ကောင်းပြောသော စကားအဓိပ္ပာယ်ကို နားမလည်သော်လည်း တအံ့တသြတော့ရှိနေကြသည်။ ချောင်းဖျားရောက်တော့ လှေဆက်သွားလို့ မရတော့သဖြင့် တောလမ်းအတိုင်းတက်ခဲ့ကြလေသည်။

ဘုစ်သေဆုံးသောနေရာသို့ရောက်သောအခါ ပေါ်နေသည်။

"ဘုစ်သေတာ ဟိုသစ်ပင်အောက်မှာပဲ"

ဟု လက်ညှိုးထိုး၍ပြသည်။

"မျောက်ရုပ်တွေက ဘယ်နေရာမှာလဲ"



www.burmeseclassic.com

"အဲဒီနားမှာပဲ ..."

ထို့ကြောင့် အနားရောက်အောင်သွားကြည့်ကြလေသည်။

သို့သော်လည်း ထိုနေရာတွင် မျောက်ရုပ်မဆိုထားနှင့် သစ်ငုတ်တစ်ငုတ်တောင် မတွေ့ကြရပေ။

"ဘမှန် ဘယ်မှာလဲဟ မင်းတို့တွေ့ခဲ့တဲ့ မျောက်ရုပ် ..."

"ကျွန်တော်တို့တွေ့ခဲ့တုန်းက ဒီနေရာမှာ မျောက်ရုပ်တွေ အများကြီးပဲ ဆရာကြီး .... အခု ဘယ်ရောက်ကုန်ပြီလဲမသိဘူး"

ဘမှန်ကိုယ်တိုင်လည်း မျောက်ရုပ်များကို မတွေ့ရတော့သဖြင့် တအံ့တသြ ဖြစ်နေမိသည်။

"ဘစံ သေတာ ဒီနေရာဆိုတာရော သေချာရဲ့လား"

"သေချာပါတယ် ဆရာကြီး ..."

မျောက်ရုပ်တွေ တွေ့ခဲ့တာရော ဒီနေရာဆိုတာ သေချာရဲ့လား"

"သေချာပါပဲ ကျွန်တော် တစ်ယောက်ထဲမြင်တာတောင် သူတို့ လည်း အားလုံးမြင်ကြပါတယ်။ ဆရာကြီး မေးကြည့်ပါ။

အတူသွားခဲ့သော လူများကို သက်သေပြသ ဦးမှန်ထော်တို့မှာ ယုံရအခက်၊ မယုံရအခက်





သူတို့တစ်တွေသည် ထိုနေရာတဝိုက်သို့ လိုက်လံကြည့်ရှုကြသော်လည်း မျောက်ရုပ်များကို မတွေ့ကြရပေ ...။

သို့ကြောင့် ...

အရိပ်ကောင်းသော ကမ္ဘလာပင်ကြီးတစ်ပင်အောက်တွင် ထိုင်ကာ အမောဖြေရင်း ယူလာသော အစားအသောက်များကို စားသောက်ကြရန်ပြင်ဆင်ကြလေသည်။

သူတို့သည် တောစည်းကမ်းကို နားလည်သူများပေမို့ အစားအသောက်များမစားသောက်မီ စတီသဘောမျိုးတောပိုင် ေတာင်ပိုင်များကို တင်မြှောက်ပြီးမှ စားသောက်ကြသည်။ တကယ်တော့ သူတို့ရောက်နေသော နေသူရိန် ကုန်းတန်းမှာ ရှေးဟောင်းလူတို့အခြေချနေထိုင်သွားသော နေရာဟောင်းတစ်ခုပင်ဖြစ်ပေသည်။

တစ်နည်းဆိုရပါလျှင် ဂမ္ဘီရ ဆန်သော နေရာထူးတစ်ခုဆိုကလည်း မမှားပေ ...၊

ထော်ပိုင်ချောင်းဖျားဘက်တွင် သဲနုံးများအောက်၌ နစ်မြုပ်လျက်ရှိသော လောင်းလှေကြီးတစ်စင်းရှိသည်။ တစ်စင်းလုံးနုန်းများအောက် နစ်မြုပ်ပျောက်ကွယ်နေပြီး ဦးပိုင်းကြီးက ပေါ်နေသည်။ လှေဦးပိုင်းကြီးမှာ လူလေးငါးယောက်ထိုင်ပြီး ထမင်းဝိုင်းစားနိုင်လောက်အောင်ကြီးမားကျယ်ပြန့်လှပေသည်။

ဦးဖျားဘက်တွင် မှန်စီကနုတ်ပန်းများဖြင့် ပြုလုပ်ထားသော ယခု



www.burmeseclassic.com

တိုင် ပျက်စီးခြင်းမရှိသေးပေ။

ငင်းလောင်းလှေကြီးမှာ ကျုံတုံးမြို့စားကြီး ဗညားဓေယျစီး လာသော လှေကြီးဖြစ်ပြီး ကုန်းဘေးတွင် ၎င်းတို့ စခန်းချနေထိုင်သွား သောနေရာများရှိပြီး မရမ်းပင်၊ ဒညင်းပင်၊ ပိန္နဲပင်၊ သရက်ပင်၊ ကွမ်း ပင်၊ ငြုတ်ကောင်းပင်များရှိသည်။ ကွမ်းပင်ကြီးများမှာ အနွယ်များ ဖြစ်ကာ အခြားအပင်များပေါ်သို့ တက်နေပြီး အရွက်ကြီးများမှာ တောဝင်နေသောကြောင့် ဝါးမရတော့ပေ ....။

ထိုနေရာတွင် နေသူရိန် ကုန်းတန်းရှိသည်။ ၎င်းနေရာသို့ မြင်း စိုင်းကုန်းဟူ၍လည်း ခေါ်ကြသည်။ နေသူရိန်တပ်မှူး မြင်းစီး၍ စစ် ရေးလေ့ကျင့်ခဲ့သော နေရာဖြစ်ပြီး ယခုနေရာတောက်လျှောက် ယခု တိုင် သစ်ပင် မြက်ပင်လုံးဝမပေါက်ဘဲ သဲကုန်းတန်းကြီးဖြစ်နေခဲ့သည်။

ထိုကုန်းတန်းအလွန် အရှောင်းကာမ်းစပ်အနီးတွင် ရှေးက လူများ တည်ထားခဲ့ဟန်ရှိသော ကျိုက်ဒေးယံ့ စေတီတော်ရှိသည်။ ပြုပြင်မည့်သူမရှိသောကြောင့် ပြိုကျပျက်စီးလျက်ရှိနေပေပြီ။

ထိုနေရာ၏ ထူးခြားချက်မှာ ၎င်းနေရာတစ်ဝိုက်တွင် ရွှေတိုရွှေ စ၊ ငွေတိုငွေစများ၊ လက်ဝတ်ရတနာများ၊ ကြေးအိုးကြေးခွက်၊ ငွေ အိုးငွေခွက်များကို ရှာဖွေရရှိကြသော်လည်း ရွာသို့ ယူဆောင်၍မရ ပေ။

အကယ်၍ ခွတ်ယူလာမိပါက တစ်ကိုယ်လုံး မခံမရပ်နိုင်





အောင် ယားယံခြင်း၊ မြွေကြီးများလိုက်လံနှောင့်ယှက်ခြင်းအစရှိသော ဘေးဆိုးများကြုံတွေ့ကြရသဖြင့် မည်သူမှမယူဝံ့ကြပေ။ အကယ်၍ ယူလာမိလျှင်လည်း ချက်ချင်း ၎င်းနေရာရောက်အောင် ပြန်ပို့ပေးကြ ရသည်။

မိန်းမလှကျွန်းဧ၀ါ မှာတော့ မျောက်တစ်ရာဘုရားရှိသည်။ သို့ သော် တောနက်ပဲမှာဖြစ်သည်။ မြို့စားကြီး ဗညားဓေယျတို့တည် ထားခဲ့သော ကောင်းမှုတော်စေတီဖြစ်သည်။

၎င်းစေတီတော်နှင့် မနီးမဝေးတွင် ကျောက်ဖြင့် ထုလုပ်ထား သော မျောက်ရုပ်များရှိသည်။ အကောင်တစ်ရာရှိသည်ဟုဆိုသည်။ သို့သော် ...ထိုမျောက်ရုပ်များကို တကူးတက တက်ရောက်ရှာဖွေ ပါက မည်သူမှ ရှာမတွေ့နိုင်ကြပေ။

တောလိုက်မုဆိုးများ သစ်တောအလုပ်သမားများတစ်ဦးတစ် လေ ထိုနေရာသို့ မျက်မိလည်၍ ရောက်သွားဖူးကြသည်။ ထိုသို့ ရောက်သွားဖူးသူများမှာလည်း မျောက်တစ်ရာကျောက်ရုပ်များကို တွေ့၍ ရေတွက်ကြည့်လျှင် ကိုးဆယ့်ကိုးကောင်သာ လျှင်တွေ့ရ သည်။ မည်သူမျှ အကောင်တစ်ရာပြည့်အောင်ရေတွက်၍မရပေ။ အချို့ကတော့ အကြီးဆုံးမျောက်ရုပ်ကြီးတွင် သိဒ္ဓိဝင်ပစ္စည်းတွေ မျိုးမျိုးရှိသဖြင့် သာမန်လူတို့ မမြင်နိုင်ခြင်းဖြစ်မည်ဟု ထင်ကြေး ပေးကြသည်။



www.burmeseclassic.com

ထိုမျောက်တစ်ရာ ဘုရား၏ မနီးမဝေးရှိ ကမ္ဘာလာပင်ကြီးတစ်ပင်၏ သစ်ခေါင်းထဲတွင် တရားကျင့်ကြံအားထုတ်နေသော ဘုန်းကြီးတစ်ပါးရှိပြီး ၎င်းဘုန်းကြီးအား မျောက်တရာနယ်ကို အကြောင်းပြုကာ "မျောက်တရာ ဆရာတော်" ဟူ၍ခေါ်ကြသည်။

၎င်းဘုန်းကြီးက စက်စုဘက်ကမ်းသို့ ကူးလာလေ့မရှိပဲ ဒီဘက်ကမ်းမှ လူများကသာ တခါတရံ ဘုန်းကြီးထံသို့သွားကာ လှူဖွယ်ပစ္စည်းများသွားရောက်လှူဒါန်းကြသည်။ ထိုသို့သွားရောက်သော အခါတွင်လည်း ဘုန်းကြီးက စကားတစ်ခွန်းမှ မပြောဘဲ ခေါင်းညိတ်ပြရုံသာပြကာ တရားကိုသာ အားထုတ်မြဲအားထုတ်နေလေ့သည်။

မိန်းမလှကျွန်းအတွင်းသို့ ထိုထက်တိုးဝင်သွားနိုင်လျှင် မျောက်တရာဘုရားနှင့် မနီးမဝေးနေရာတွင်တောင်ပို့ သင်္ချိုင်းနေရာအများအပြားရှိကာ အချို့ပို့များမှာ အတွင်း၌အတော်အတန်ကျယ်ဝန်းလှပေသည်။

အရှေ့အနောက်တောင်မြောက်သုံးလေးမိုင်ခန့် ကျယ်ဝန်းသော နေရာတွင် သဲကုန်းတန်းကြီးသဖွယ်တွေ့ရပြီး ရှေးကလူများအခြေချနေထိုင်သွားခဲ့သော နေရာဖြစ်ဟန်ရှိသည်။ ကနစို၊ ကဗ၊ ကမ္ဘလာအစရှိသော အပင်ကြီးများ တညီတညွတ်တည်း ပေါက်ရောက်နေသော်လည်း တော၏ အောက်ခြေမရှုပ်ထွေးဘဲရှင်းလင်းလှသည်။ ထိုနေရာကို မျောက်တရာကုန်းတန်းဟုခေါ်ပြီး လွှန်





စွာသာယာသောနေရာတစ်နေရာလည်းဖြစ်ပေသည်။

အချို့နေရာများတွင် စေတီငယ်များ၊ စေတီဟောင်းများ အပြိုအပျက်များစွာရှိပေသည်။ ထိုဘုရားဟောင်းစေတီဟောင်းများတဝိုက်တွင် သဲကုန်းတန်းများဖြစ်နေပြီး ရုံ့ညွန့်များကင်းဝေးကာ တောခြေရှင်းလှသည်။ ရှေးလူတို့စိုက်ပျိုးခဲ့သော မရမ်း၊ သရက်၊ ပိန္နဲ အစရှိသော အပင်ကြီးများကလည်း အရိပ်အာဝါသကောင်းမွန်စွာဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပေသည်။ ထိုသစ်ပင်ကြီးများမှ နှစ်စဉ် ရာသီအသီးအနှံများသီးလေ့ရှိသော်လည်း မည်သူတစ်ဦးတစ်ယောက်ကမှ တက်ရောက်ခူးဆွတ်လေ့မရှိကြပေ။

တစ်ခါတရံ တောလိုက်သမားများ၊ သစ်ခုတ်သမားများ မျက်စိလည်၍သော်လည်းကောင်း၊ တောကျွံ၍သော်လည်းကောင်း ထိုနေရာသို့ရောက်သွားပါကလည်း မည်သူတစ်ဦးတစ်ယောက်မှ ထိုအသီးအနှံများကို ခူးဆွတ်ယူငင်ခြင်းမပြုဝံ့ကြပေ။

တစ်ခါက နယ်ကျွံသွားသော မုဆိုးဖာစ်ဦး၏ ပြောပြချက်အရ ထိုနေရာတဝိုက်တွင် လူတစ်ဦးလာရောက်နေထိုင်သည့် လက္ခဏာများကို တွေ့ခဲ့ရကြောင်း သဲပြင်ပေါ်တွင် ထင်ကျန်ခဲ့နေသော ခြေရာများ သစ်ပင်ကြီးတစ်ပင်အောက်တွင် မီးဖိုကစ်ဖို၏ အစအနများကို တွေ့ရသဖြင့် အံ့သြနေခဲ့ကြသည်။

ထိုဒေသတစ်ဝိုက်မှာ ဆင်ရိုင်းများ၊ ကျား၊ ကျားသစ်များ၊ ကြွ



www.burmeseclassic.com

ဆိုးများလွန်စွာပေါလှသော နေရာဖြစ်သောကြောင့် အရဲစွန့်၍ ရောက်သွားသူတိုင်း အန္တရာယ်တစ်မျိုးမဟုတ်တစ်မျိုးနှင့် ကြုံရသည်ချည်းဖြစ်ရာ သာမန်တစ်ဦးတစ်ယောက်ချင်းမဆိုထားနှင့် တောအုပ်တောခေါင်းများပင်လူအစုနှင့် မသွားဝံ့မလာဝံ့ကြပေ။

နယ်ခံမုဆိုးများကတော့ ထိုမျောက်တရာကုန်းတန်းတစ်ဝိုက်မှာ 'နတ်ကြီးသည်' ဟု ယူဆကြသည်။ နတ်ကြီးသည်ဟု ဆိုသည်မှာ ထိုနေရာတစ်ဝိုက်တွင် အမဲသားငါးရှာဖွေ၍ မရရှိခြင်းနှင့် အပြုအမူ အပြောအဆိုအမှားအယွင်းမခံခြင်းပင်ဖြစ်သည်။

တောလည်မုဆိုးများမှာ မျောက်တရာကုန်းတန်းတစ်ဝိုက်သို့ သားကောင်ရှာမည်ဟု ရည်ရွယ်ကာ သွားပါက ထိုနေရာသို့ မရောက်တော့ဘဲ မျက်စိလည်ခြင်း၊ လမ်းမှားခြင်း၊ သားကောင်မတွေ့ဘဲ ကျား၊ ဆင်၊ မြွေတို့နှင့် ရင်ဆိုင်တိုးခြင်းအစရှိသော အန္တရာယ်ဆိုးများဖြင့် ကြုံတွေ့ကြရသည်။

ထိုသို့ အကုသိုလ်အလုပ်များလုပ်ရန်မဆိုထားနှင့်၊ ၎င်းတောထဲမှာ ဆဲဆိုခြင်း၊ ညစ်ညမ်းသော စကားများပြောရုံနှင့် ပင်ပြန်လမ်းရှာမတွေ့ဖြစ်တတ်ပေရာ အားလုံးက ထိုနေရာသို့သွားရန် ရှောင်ကြဉ်ကြတော့သည်။

၎င်းနယ်မြေဒေသသို့ ရှေးလူကြီးများက 'မျောက်တရာ ဝှန်းရှင်နယ်မြေ' ဟု သတ်မှတ်ပြောဆိုကြသည်။ အဘယ့်ကြောင့်ထိုသို့





ခေါ် ဝေါ် သမုတ်ခဲ့ကြသည်ဆိုလျှင် ထိုနေရာသည် မကောင်းမှု ခုစရိုက်လုပ်ငန်းများပြုလုပ်၍မရခြင်း သူတော်ကောင်းတို့ ပျော်မွေ့ရာနေရာဖြစ်သောကြောင့်ပင်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ထိုနေရာတဝိုက်တွင် ကျုံတုံးမြို့ကြီးကိုဖျက်၍ စစ်ဘေးတိမ်းရှောင်လာကြသော မြို့စားကြီး ဗညားဓေယျနှင့်နောက်လိုက်နောက်ပါတို့ အတွင်းအမြုတ်ထားခဲ့သော နေရာဖြစ်သည်က တစ်ကြောင်း ယခု မျက်မှောက်ကာလတွင် မျောက်တစ်ရာ ဆရာတော်ကြီး တရားကျင့်ကြံသီတင်းသုံးနေထိုင်သောကြောင့်ဖြစ်သည်။

သို့သော်လောကတွင် ဆန့်ကျင်ဘက်များက အမြဲတစေ ယှဉ်တွဲ၍ ရှိနေတတ်ပေရာ မျောက်တစ်ရာ ဝှန်းရှင်နယ်မြေနှင့် ပတ်သက်ပြီး ယုံကြည်ကြသူများရှိသလို တစ်ဖက်မှလည်း မယုံကြည်ကြသူများလည်းရှိနေပေ၏။ လုံး၀ မယုံကြည်ကြသူများက ယုံကြည်သူများအား အကြောင်းမဲ့ ထိတ်လန့်ကြောက်ရွံ့နေသည်ဟု အထင်အမြင်သေးစွာ ပြောဆိုကြသည်။

ထိုသို့ဖြင့် ယုံကြည်သူများ မယုံကြည်သူများရှိနေသည်ဆိုသော်လည်း ထိုဝှန်းရှင်တစ်ဝိုက်တွင် ပေါက်သော သစ်ပင်ကြီးများပေါ်တွင် အမျိုးအစားစုံလင်လှသော သစ်ခွပန်းများ လွန်စွာပေါလှသောကြောင့် ရာသီအလိုက်တောသို့ဝင်၍ သစ်ခွပန်းရှာသူများ၊ ထို့ပြင်



www.burmeseclassic.com

ဂမုန်းပင်များလည်း နေရာအနှံ့တွေ့ရှိနိုင်လေရာ တစ်ခါတစ်ရံ ဂမုန်းရှာသူ၊ ပန်းရှာသူများ အစုလိုက် အဖွဲ့လိုက် ရောက်လာတတ်ပေသည်။

ထူးဆန်းသည်မှာ ဂမုန်းရှာသူ၊ သစ်ခွပန်းရှာသူများရောက်လာတိုင်းကျား၊ ဆင်၊ မြွေအစရှိသော အန္တရာယ်ဆိုးများနှင့် လုံးဝမတွေ့ကြုံရခြင်းပင်ဖြစ်၏။ ၎င်းတို့အတွက်ကတော့ ဝှန်နန်းရှင်နယ်မြေသည် တကယ့်ကို အေးချမ်းသာယာသော နယ်မြေတစ်ခုဖြစ်တော့သည်။

သို့သော်လည်း ထိုနေရာတွင် ရတနာ ပစ္စည်းများရှာဖွေရနိုင်သည်ဆိုသောကြောင့် အရဲစွန့်ကာ လာရောက်ကြသူတွေလည်းရှိပေသည်။

ဦးဗန်ကောင်းနှင့် ဦးမွန်ထော်တို့ ခေါင်းဆောင်လာသော ...ဖွဲ့သည် ဘမုန်တို့တွေ့ခဲ့သည်ဆိုသော ကျောက်မျောက်ရုပ်များကို လိုက်လံရှာဖွေရာ မတွေ့ကြပဲရှိနေစဉ် တစ်နေရာသို့ရောက်သောအခါ တောထဲမှ တောတိုးလာသံအချို့ကို ကြားလိုက်ရသဖြင့် လက်နက်များကို အသင့်ကိုင်ဆောင်ပြီး စောင့်ကြည့်နေကြရာ ခဏကြာတော့ တောထဲမှ ထွက်လာသောလူအချို့ကို တွေ့ရလေသည်။ ရှေးခေတ်အဝတ်အစားများဝတ်ကာ သျှောင်ထုံးကြီးများထုံးထားသော ယောကျ်ားကြီးနှစ်ဦးနှင့် ရင်ဖုံးအကျႌ ထဘီဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးတို့ဖြစ်ကြသည်။





သူတို့သုံးဦးမှာ တစ်နေရာမှ မောမောပန်းပန်းဖြင့် လာခဲ့ကြဟန်နှင့် ချွေးသံရွှဲရွှဲနှင့် ရှိနေကြသည်။

သူတို့ကိုမြင်တော့ ....။

"သောက်ရေလေးများပါရင် နဲနဲလောက်ပေးကြပါဗျာ ...ကျွန်တော်တို့ ခရီးသွားတွေပါ ...."

ဟု ခရီးသွားတစ်ဦးကပြောသဖြင့် ဦးဗန်ကောင်းက ၎င်း၏ ရေဘူးကို ဖြုတ်ပေးလိုက်သည်။

"သောက်ကြပါ ဝအောင်သောက်ကြပါ ..."

"ကျေးဇူးပါပဲဗျာ ..."

"ဒါထက်နောင်ကြီးတို့က ဘယ်ကလာလို့ ဘယ်နေရာကို ...ကြတာလဲ" ဟု ဦးဗန်ကောင်းက မေးလိုက်သည်။

"ကျုပ်တို့က မျောက်တစ်ရာဘက်က ကူးလာခဲ့ကြတာပါ။ ကျွန်းပေါ်က ကျိုက်ဒေးရဲ့ ဘုရားကို လာပြီးဖူးကြတာပါ"

"ကျိုက်ဒေးရဲ့ ဘုရားက ဘယ်နေရာမှာရှိတာလဲဗျ"

ဦးမွန်ထော်က ဝင်မေးလိုက်သည်။

"ဟိုး တောနက်ထဲမှာရှိတယ် ...ဒါထက် နောင်ကြီးတို့ကရော ဒီနေရာကို ဘာလာလုပ်ကြတာလဲဟင်"

ခရီးသည်က ရေဘူးကို ပြန်ပေးရင်း မေးလိုက်သည်။



www.burmeseclassic.com

"ကျုပ်တို့က ကျောက်နဲ့လုပ်ထားတဲ့ မျောက်ရုပ်တွေကို လိုက်ရှာနေတာပါ"

"ဟာဗျာ အဲဒီကျောက်ရုပ်တွေက ဒီနားတဝိုက်မှာမှ မရှိတာ ခင်ဗျားတို့ လိုက်ရှာလည်းဘယ်တွေ့မှာလဲဗျ"

"ဒါဖြင့် ဘယ်နားမှာရှိတာလဲ"

"အဲဒီ ကျောက်ရုပ်တွေက မျောက်တစ်ရာဘုရားနားမှာရှိတာလေဗျာ ...ခင်ဗျားတို့က ဒီနေရာမှာ လိုက်ရှာနေလို့ ဘယ်တွေ့မှာလဲဗျ ...."

"ဟင် ..."

ထိုစကားကြောင့် အားလုံးတအံ့တသြဖြစ်သွားကြတော့သည်။

"မဟုတ်ဘူးဗျ .... မကြာသေးခင်ကမှ ကျွန်တော်တို့ ဒီနေရာမှာ တစ်ခါတွေ့လိုက်ရသေးတယ်"

ဟု ဘမှန်က ဝင်ပြောသည်။

ထိုစကားကြောင့် ခရီးသွားသုံးဦးမှာ သဘောကျစွာဖြင့် ပြုံးနေကြလေသည်။

"ဒီမျောက်ရုပ်တွေရဲ့ မူလရှိကဲ့ နေရာကတော့ မျောက်တစ်ရာဘုရားနားမှာပါပဲ ...ဒါကြောင့် မျောက်တစ်ရာဘုရားလို့ခေါ်ကြတာပေါ့ ...ဒါပေမယ့် အဲဒီမျောက်ရုပ်တွေက အခါအားလျော်စွာ





နေရာပြောင်းရွှေ့လေ့ရှိတယ်။ ကိုင်းရေတိုက်တာ ကျေးဇူးတင်ပါတယ်။ ကျုပ်တို့ ခရီးဆက်လိုက်ဦးမယ်ဗျို့'

ဟု ပြောဆိုနှုတ်ဆက်ကာ တောနက်ထဲသို့ ဝင်သွားကြလေရာ သူတို့တစ်တွေမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပါးစပ်အဟောင်းသားနှင့် ကျန်နေခဲ့တော့သည်။



www.burmeseclassic.com

## အခန်း (၃)
## သိဒ္ဓိရှိသော ဂမုန်းများ

ဟာန်ဆောင်မုန်းလပြည့်နေ့ည ...

အရှေ့ဘက်တောပေါ်မှာ ကျော်တက်လာသော လရောင်သည် သစ်ညွှန့်သစ်တောများကို ကျော်ပြီး ပတ်ဝန်းကျင်တဝိုက်သို့ ဖြာကျနေတော့သည်။

လရောင်ဆမ်းထားသော ညချမ်းမှာ သာယာကြည်နူးဖွယ်ရာ ကောင်းလှပေသည်။

(၁၂) လရာသီတွင် ကြတ္တိကာ နတ်ကွတ်သည် ကျိုးတာရာ နှင့် စန်းယှဉ်၍ နေ့အခါတွင် ဝိသာခါ နက္ခတ်နှင့် နေတို့ယှဉ်သော





ကြောင့် ကြတ္တိကာနက္ခတ်စန်းယှဉ်သော တန်ဆောင်မုန်းလတွင် ဂမုန်းပေါင်း၊ ဆေးပေါင်းခညအလှပဆုံးအချိန်ပင် ဖြစ်ပေတော့သည်။

ဆောင်းဝင်စရာသီဖြစ်သောကြောင့် လေပြေလေညှင်းကလေးများတိုက်ခတ်လေတိုင်း နှင်းမှုန်နှင်းဖွဲကလေးများကပါလာတတ်လေသည်။ ထိုကဲ့သို့သော ရာသီမျိုးရောက်လျှင် ဦးပန်းညိုတစ်ယောက် အလုပ်များနေတတ်ပေသည်။

သူသည် ဆေးမြစ်ဆေးဥထည့်ရန်ခြင်း၊ ပလိုင်းများ၊ တူးဆွလိုးဖြတ်ရန်၊ တူရွင်း၊ ဓားအစရှိသော ပစ္စည်းများကို ပြင်ဆင်လျက်ရှိနေသည်။ မြေးဖြစ်သူ နီမောင်ကတော့ ရန်သူနှင့် တွေ့လျှင် အသုံးပြုရန်အတွက်၊ ဓား၊ လင်းလေး၊ မြားဘူး အစရှိသည်တို့ကို ပြင်ဆင်လျက်ရှိနေသည်။ ရေဘူးနှင့် အခြားပစ္စည်းကိရိယာများကိုလည်း အိတ်တစ်လုံးနှင့် မမေ့မလျော့ ထည့်ယူကြလေသည်။

ဦးပန်းညိုမှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီ ဖြစ်သော်လည်း လူငယ်လူရွယ်များနှင့်မခြား မျက်စိကောင်းခြင်း၊ ကြံ့ခိုင်သန်စွမ်းမှုများရှိနေသေးသည်။

သျှောင်တစ်စောင်းထုံးထားပြီး နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများနှင့် ကွမ်းတမြုံ့မြုံ့နှင့် နေတတ်သူဖြစ်လေသည်။

ဦးပန်းညို၏ အဓိက လုပ်သောအလုပ်မှာ ဂမုန်းနှင့်ဆေးမြစ် ဆေးဥများရှာခြင်းနှင့် အင်္ဂါရတ်ထိုးခြင်းပင်ဖြစ်သည်။ နီမောင်က



www.burmeseclassic.com

တော့ အသက်နှစ်ဆယ်ကျော်အရွယ်ရှိပြီး ကြံ့ခိုင်သန်စွမ်းသော
လူရွယ်တစ်ဦးဖြစ်သည်။

အသားမဖြူ မညို၊ အရပ်မြင့်မြင့်နှင့် ယောက်ျားပီသသော ရု
ရည်မျိုးရှိသည်။ အမိအဘ နှစ်ပါးမရှိတော့သည့်နောက်ပိုင်းတွင်
အဘိုးဖြစ်သူ ဦးပန်းညိုက ခေါ်ယူစောင့်ရှောက်ကာ ကြီးပြင်းအော
မွေးမြူထားခဲ့ပေသည်။

နီမောင်သည် ဦးပန်းညိုခိုင်းစေသော အလုပ်မရှိလျှင် လင်းလေး
တစ်လက်ကို လွယ်ပြီး တောထဲဝင်၍ အမဲပစ်လေ့ရှိသည်။

၎င်းသည် လေးပစ်ရာတွင် သူမတူအောင် လက်ဖြောင့်သူ
ဖြစ်သောကြောင့် တောပစ်ထွက်လျှင် အမဲမရပဲ ပြန်လာရသည်ဟူ၍
တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဘူးပေ ...။

ထို့ပြင် ...

သူတောတက်လျှင် အခြားသူများနှင့် တွဲသွားလေ့မရှိပဲ တစ်
ကိုယ်တော်သွားလေ့ရှိရာ သူ့ကို အခြားသူများက တစ်ကိုယ်တော်
အမဲပစ်သမားဟူ၍ အမည်ပေးထားကြလေသည်။

အမှန်တော့ ...

တောပစ်ထွက်ရာမှာ အခြားအဖော်များနှင့် သွားလျှင် အကူအ
ညီရနိုင်သည်ဆိုသော်လည်း ၎င်းတို့ကြောင့်ပင် အနှောက်အယှက်
များဖြစ်ကာ သားကောင်ပစ်ရာတွင် အခက်အခဲတွေ့နိုင်ကြပေသည်။





သို့ကြောင့် ....

နီမောင် တောတက်သည့်အခါတွင် အခြားသူများအား အဖော်
မခေါ်ပဲ တစ်ကိုယ်တော်သွားလေ့ရှိသည်။

"နီမောင်ရေ ..."

"ဗျာ ... အဘ ..."

"လထွက်လာပြီဟေ့ တို့မြေးအဘိုးတောထဲဝင်ကြရအောင်"

ဟု ပြောလိုက်သည်နှင့် လက်နက်လေးမြားနှင့် အခြားယူ
ဆောင်စရာပစ္စည်းများကို ယူဆောင်၍ အဆင်သင့်ဖြစ်နေပေပြီ။ အ
မှန်တော့ သာမန်အမဲပစ်ထွက်သူများဆိုလျှင်တော့ ညအချိန်တွင်
တောထဲဝင်ကြမည်မဟုတ်ကြပေ။

အဘယ်ကြောင့်ဆိုသော် ...၊

ယခုကဲ့သို့ မှောင်မိုက်သောအချိန်မျိုးတွင် တောကောင်ကြီးများ
အစာရှာထွက်လာလေ့ရှိသောကြောင့် အန္တရာယ်နှင့် အချိန်မရွေး
တွေ့နိုင်ကြပေသည်။

ညမှောင်နေသောအချိန်ဖြစ်သောကြောင့် အမှောင်ထဲမှာ မျက်
စိကျင့်သားရနေသော ကျား၊ ကျားသစ် အစရှိသော တောကောင်ကြီး
များနှင့်စာလျှင် လူတွေဘက်မှ တပန်းရှုံးနေသောကြောင့် ညအချိန်
တွင် တောမတက်ကြခြင်းဖြစ်၏။ တောထဲမှာ အခြားသားကောင်
များက နေ့အချိန်တွင် အစာရှာထွက်လေ့ရှိပြီး ညအချိန်တွင်အိပ်



www.burmeseclassic.com

တတ်ကြသည်။ ကျား၊ ကျားသစ်အစရှိသော တောကောင်ကြီးမျာ
ကတော့ နေ့ဘက်တွင် တစ်နေရာရာမှာ တစ်နေ့ကုန်အိပ်နေတတ်ပြ
နေစောင်းသောအခါမှ အိပ်ယာမှထကာ ရေသောက်ဆင်းကြသည်
အမှောင်ရိပ်သမ်းသည်နှင့် တောသို့ဝင်ကာ ငိုက်မြည်းနေကြသော
သားကောင်များအား ဖမ်းဆီးကာ စားသောက်တတ်ကြလေသည်

ယခု နီမောင်တို့ မြေးအဘိုးတောတက်လာကြခြင်းမှာ အမဲပစ်
ထွက်လာခြင်းမဟုတ်ပဲ ဂမုန်းနှင့် အခြားဆေးမြစ်ဆေးဥများ ရှာဖွေ
ရန်ထွက်လာကြခြင်းဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့ညသည် နက္ခတ်တာရာများစုံလင်
လျက် ဆေးပေါင်းခသောညဖြစ်သည်။

တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်သာကြုံကြိုက်ခဲ့သော
အချိန်မျိုးဖြစ်သောကြောင့် အန္တရာယ်များလှသော်လည်း အရဲစွန့်က
ထွက်လာကြခြင်းဖြစ်တော့သည်။

ဦးပန်းညိုသည် အင်္ဂရတ်ပညာကို အထူးကျွမ်းကျင်လှသလို
ဂမုန်းနှင့် ပတ်သက်သော အစီအရင်များကိုလည်း ကျွမ်းကျင်လှသူ
ဖြစ်၏။ ၎င်းထံ၌ တောထဲတွင် ရသေ့ကြီးတစ်ပါးနှင့် တွေ့ရာ
ထိုရသေ့ကြီး ပေးထားခဲ့သော ဂမုန်းကျမ်းတစ်စောင်ရှိသည်။

ပုရပိုက်များပေါ်တွင် ကညစ်ဖြင့် ရေးထားတာဖြစ်ပြီး ၎င်းပု
ပိုက်များ၌ ဂမုန်းအမျိုးအနွယ်များ၏ အမည်၊ စီရင်အသုံးချပုံများနှ





တန်ခိုးသိဒ္ဓိများအကြောင်းကိုရေးသားဖော်ပြထားလေသည်။ ၎င်းပေ
စာထဲတွင် တန်ခိုးသိဒ္ဓိရှိသော ဂမုန်း ၁၂၈ ပါးအကြောင်းကိုရေးသား
ထားသည်။

ဦးပန်းညိုနှင့် နီမောင်တို့ နှစ်ယောက်သည် နေသူရိန်ကုန်းတန်း
ဘက်သို့ရောက်လာသောအခါ လရောင်က အတော်မြင့်စပြုလာချေ
ပြီ။

“အဘ ...”

“ဘာလဲ ...”

“ကျွန်တော်တို့အခု ဘယ်နေရာကို သွားကြမှာလဲ ဟင်”

“တောနက်ထဲမှာရှိတဲ့ ကျိုက်ဒေးရုံဘုရားရှိတဲ့နေရာကို သွားမှာ
ကွ။ အဲဒီနေရာတွေက လူသူအရောက်အပေါက်နည်းတော့ ဂမုန်းနီ
တွေရော ဂမုန်းနက်တွေပါ မျိုးစုံရှိတယ်။ ဒါပေမယ့် ဒီဂမုန်းမျိုးတွေက
အချိန်တိုင်းသွားရှာလို့ မတွေ့နိုင်ဘူး”

“ဘာကြောင့်လဲ အဘ ...”

“ဂမုန်းမျိုးနွယ်တွေ မှာသမှု သိဒ္ဓိရှိကြတယ်။ သာမာန်လူတွေ
နဲ့လည်း မတိုက်တန်လေတော့ ရှာဖိုင်းလိုက်ရှာလည်း မတွေ့နိုင်ဘူး”

“ဟင် ဘာဖြစ်လို့ မတွေ့တာလဲ အဘ”

“ဂမုန်းစောင့်နတ်တွေ အစောင့်အရှောက်တွေက ကွယ်ဝှက်
ထားလို့ မတွေ့နိုင်ကြတာပဲ”



www.burmeseclassic.com

"ဒါဖြင့် အဲဒီဂမုန်းမျိုးတွေကို လိုက်ရှာတော့မယ်ဆိုရင် ဘယ်လို လုပ်ရသလဲ အဘ ..."

"တန်ခိုးသိဒ္ဓိရှိတဲ့ အရာဝတ္ထုတစ်ခုခုကိုလိုချင်ရင် ထိုက်တန်တဲ့ ကျင့်ကြံအားထုတ်မှုတွေပြုကြရတယ်။ သီလဆောက်တည်ရတယ်။ အဓိဋ္ဌာန် ဝင်ရတယ်။ တရားအားထုတ်ရတယ်။ ဂမုန်းစောင့်နတ်တွေ အစောင့်အရှောက်တွေနဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေနဲ့ မြင်အပ်တဲ့ ပုဂ္ဂိုလ် မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေကို မေတ္တာပို့အမျှအတန်း ပေးဝေတာတွေလုပ်ရတယ် ငါ့မြေးရဲ့"

ထိုစကားကြောင့် နီမောင်က သိချင်သော အချက်ကိုမေးပြန် လေသည်။

"သီလဆောက်တည်ပြီး တောထဲတောင်ထဲသွားတော့၊ တစ်ကယ်လို့ တောကောင်တွေ၊ ကိုယ့်ကို ရန်မူမယ့်ရန်သူတွေနဲ့တွေ့ခဲ့ ရင် ဘယ်လို လုပ်မလဲ အဘ ..."

ထိုစကားကြောင့် ဦးပန်းညိုက သဘောကျစွာပြုံးလိုက်လေ သည်။

"ဒီအတွက် စိတ်မပူပါနဲ့ ငါ့မြေးရယ် သီလကို လုံခြုံအောင်စောင့် ထိန်းတဲ့ သူကို ဘယ်လိုရန်သူကမှ အနှောက်အယှက်မပေးနိုင်ပါဘူး။ မေတ္တာနဲ့နေရင် ရန်သူတွေက အနားတောင်မကပ်နိုင်ပါဘူး။ တော ထဲမှာ တရားကျင့်ကြံနေကြတဲ့ သူတော်စင်တွေ၊ ရဟန်းသံဃာတွေ





ကို ဘယ်လို ဘီရဿန် ဘယ်လိုရန်သူကမှ အနှောက်အယှက်မပေး နိုင်ကြဘူး။ အဓိက ကတော့ သီလလုံခြုံဖို့နဲ့ မေတ္တာမြဲဖို့ပါပဲ"

ဟု ရှင်းပြလေသည်။

"အဘပြောတဲ့ မေတ္တာလက်နက်က တယ်လည်း တန်ခိုးထက် လှပါလား"

"မေတ္တာလက်နက်တန်ခိုးထက်ပုံကတော့ မပြောနဲ့တော့ ငါ့ မြေးရေ ... မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးဆိုရင် မေတ္တာ လက်နက် တစ်ခုတည်းနဲ့ လောကအားလုံး၊ အရာအားလုံးကို အောင် မြင်ခဲ့တာသာကြည့်ပေတော့ကွယ် ..." ဟု ပြောဆိုရင်းနှင့် တောထဲ မှာ လင်းဖြည်တစ်ခါ မှောင်ခြည်တလှည့်နှင့် လျှောက်လာကြရာ ကုန်းတန်းပိုင်းသို့ ရောက်ခဲ့ကြလေတော့သည်။

ထူးဆန်းသည်မှာ ...

သူတို့မြေးအဘိုးနှစ်ယောက် တောနက်ထဲတွင် လျှောက်သွား နေသော်လည်း တောကောင်များနှင့်မတွေ့ရခြင်းပင်ဖြစ်၏။ နီမောင် စိတ်ထဲမှာတော့ ...

"အဘပြောတာ ဟုတ်မယ်ထင်တယ်။ ဒီလောက်အမှောင်ထဲ မှာ လျှောက်နေတာ အန္တရာယ်ပြုမယ့်တောကောင်တွေနဲ့ မတွေ့ရ တာတော့ အတော်ကို ဆန်းတယ် ...."

ဟု အံ့ဩစွာ တွေးနေမိသည်။



www.burmeseclassic.com

ကုန်းတန်းအတွင်းပိုင်းရောက်တော့ မလှမ်းမကမ်းဆီမှ ဆည်းလည်းသံ သဲ့သဲ့ကိုကြားရလေသည်။

ညဉ့်နက်ပိုင်းရောက်သည်နှင့် လရောင်ကလည်းတဖြည်းဖြည်းနှင့်မြင့်တက်လာရာ လရောင်က သစ်ပင်များကြားမှ မြေပေါ်သို့ ကွက်တိကွက်ကြား ကျဆင်းနေလေသည်။ ခဏကြာသောအခါ ဘုရားရှိရာသောင်ကုန်းနှင့် လှမ်းတစ်ခုသာခြားသော နေရာသို့ရောက်လာကြသည်။

ထိုနေရာသို့ရောက်သောအခါ ဦးပန်းညို က သစ်ပင်ကြီးတစ်အောက်တွင် ဝင်၍ နားလိုက်ကြသည်။

ညဦးပိုင်းတစ်ချိန်လုံး တောထဲမှာ လျှောက်သွားနေသောကြောင့် မောပန်းနေကြပြီဖြစ်ရာ ယူဆောင်လာသော ရေနှင့် အစားအသောက်များကို အမောပြေစားသောက်ကြလေသည်။

သူတို့ရောက်နေသော တောင်ကုန်းပေါ်မှလှမ်းကြည့်လျှင် တောတွင်း၌ တည်ထားသော ကျိုက်ဒေးရုံ ဘုရားနှင့်ရင်ပြင်တော်ကိုပါ လှမ်းမြင်ရလေသည်။

"အဲဒါ ကျိုက်ဒေးရုံ စေတီတော်ပဲ၊ ရှေးကမွန်မြို့စားကြီး ဗညားဓေယျနဲ့ သူရဲ့အပေါင်းပါတွေ တည်ထားခဲ့တဲ့ စေတီတော်ပဲ၊ ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူပေါ့၊ ဒီညလပြည့်နေ့ညဆိုတော့ ဘုရားမှာ ထူးခြားတာတွေ တွေ့ရနိုင်တယ်။





ဟု သီးပန်းညိုက ပြောပြသည်။

"ဒီဘုရား တောထဲမှာ ရှိတယ်လို့သာ သတင်းကြားနေရတာ တွေ့ဘူး ရောက်ဘူးတဲ့သူအတော်နည်းတယ်"

"တို့မြေးအဘိုးစိတ်ရှည်လက်ရှည်နဲ့စောင့်ရင်တော့ တို့လိုချင်တာတွေ့ရနိုင်မယ်ထင်တာပဲ၊ ကဲ ငါ့မြေးလည်း ပင်ပန်းလာတယ် တမှေးမှေးလိုက်ဦး။ အဘပုတီးစိပ်ရင်းနဲ့ စောင့်နေမယ်။ အခြေအနေထူးတာနဲ့ မင်းကို နှိုးလိုက်ပါ့မယ်။"

ဟု ပြောသဖြင့် နီမောင်လည်း ခရီးပန်းလာသည်က တစ်ကြောင်း မိုက်လေးနေသည်က တစ်ကြောင်းကြောင့် သစ်ပင်ကြီးကို ကျောမှီ၍ မှေးလိုက်ရာ မကြာချင် အိပ်ပျော်သွားလေတော့သည်။



www.burmeseclassic.com

## အခန်း (၄)
## ထူးဆန်းသော အဘိုးအို့နှင့် ဂမ္ဘီရလိုဏ်ဂူ

နီမောင်အိပ်မောကျသွားချိန်တွင် သူ့အနီးသို့ မိန်းကလေးအချို့ ရောက်လာပြီး သူ့ကိုလာနိုးလေသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ လွန်စွာချောမောလှပသော မိန်းကလေးများကိုတွေ့ရလေသည်။

၎င်းတို့ထံမှ သင်းပျံ့သော မွှေးရနံ့များကိုလည်း ရနေသည်။ သူ့တစ်သက်တွင်ထိုမျှ ချောမောလှပသော မိန်းကလေးများကိုမ တွေ့ဘူးသေးချေ။

ထို့ထက် ....





သည်မျှ သီခေါင်လှသော တောနက်ထဲမှာ မိန်းမလှလေးများကို တွေ့နေရသဖြင့် များစွာအံ့သြသွားလေတော့သည်။

"မင်းတို့ ဘယ်သူတွေလဲ ..."

"ကျွန်မတို့က လူတွေပဲလေ ..."

"မဖြစ်နိုင်ဘူး အခုလောက်နက်တဲ့ တောထဲမှာ ညကြီးအချိန်မတော် မင်းတို့ကို တွေ့နေရတာဆိုတော့ ဘယ်နည်းနဲ့မှ လူအစစ်တွေမဖြစ်နိုင်ဘူး။ နာနာဘာဝတွေလား ဒါမှမဟုတ်ကျတ်ကုန်းက ကျတ်ကွေ လူယောင်ဆောင်လာသလား၊ တစ်ခုခုဖြစ်ရမယ် ..."

ထိုစကားကြောင့် မိန်းကလေးများက သဘောကျစွာ ရယ်နေကြသည်။

"အစ်ကိုကလဲ လူတွေတွေ့နေပါရက်နဲ့ ကျတ်တွေပြောလို့ ပြောနာနာဘာဝတွေ ပြောလို့ပြောနဲ့ ခေါက်ပေဘူးလား။ ဒီလောက်တောင်မှ အစ်ကိုမယုံရင် ကျွန်မတို့ရဲ့ အသားကို သာကိုင်ကြည့်ပေတော့"

ထိုစကားကြားတော့မှ နီမောင်စိတ်သက်သာရာရသွားသည်။

"ဒါထက် မင်းတို့ ဘယ်မှာနေကြတာလဲ ..."

"ဟို ... တောထဲမှာ ..."

မိန်းကလေးတစ်ယောက်က တောနက်ထဲသို့ လက်ညှိုးထိုးပြသည်။

"အခု ဘယ်ကလာကြတာလဲ"



www.burmeseclassic.com

"ဒီတောထဲမှာ လူတွေနေတဲ့ရွာတွေရှိတယ်လို့ တစ်ခါမှ မကြားပိပါဘူး။ တန်တော့ မင်းတို့ ထော်ဆီထော်ပိုင်ချောင်းဖျား ဘက်က ကရင်ရွာကပဲဖြစ်ရမယ်။ ငါပြောတာ ဟုတ်လား"

အားလုံးက သဘောကျစွာ ပြုံးပြီးခေါင်းညိတ်ပြကြလေသည်။

"အခု မင်းတို့က ဒီကိုဘာလာလုပ်ကြတာလဲ"

"အစ်ကိုကို ကျွန်မတို့နေတဲ့နေရာကို အလည်လိုက်ခဲ့ဖို့လာခေါ်တာပါ ...."

"ဟာ ဒါတော့ မဖြစ်နိုင်သေးဘူး၊ ငါက အဘိုးနဲ့ ဆေးမြစ်တူးဖို့ လိုက်လာတာ ...နောက်ငါ ဖာသာတောပစ်ထွက်တော့မှာပဲ လမ်းကြုံရင် ဝင်လာခဲ့မယ်။ ဒါထက် နေပါဦး မင်းတို့ ရွာနာမည်က ဘာလဲ ဘယ်လိုလာရင် ရောက်မှာလဲ"

"ကျွန်မတို့ရွာနာမည်က "ခတ္တာတော" လို့ခေါ်တယ်။ အစ်ကို တောထဲရောက်လာလို့ "ခတ္တာရေ" လို့အော်ခေါ်လိုက်ရင် ကျွန်မတို့ လာကြိုပါ့မယ် ..."ဟုပြောကာ နေရာမှ ပြန်လှည့်ထွက်သွားသဖြင့် နီမောင်က ...

"ဟေ့ နေဦးလေ ...နေဦးလေ ..."

"နီမောင် နီမောင် ..."

"ဟင် ..."

တစ်ခုံတစ်ယောက်က မိမိကို ပုတ်နှိုးလိုက်တော့မှ အိပ်ပျော်





ရာမှ လန့်နိုးလာလေတော့သည်။

"ဘာတွေယောင်အော်နေတာလဲ ...ထစမ်း မင်းကို ထူးဆန်းတာတွေပြမလို့"

ဦးပန်းညိုက လေသံတိုးတိုးဖြင့် ပြောလိုက်သဖြင့် နေရာမှ ထကြည့်လိုက်သည်။

ဦးပန်းညိုက ကျိုက်ဒေးရဲ့ ဘုရားရှိရာဘက်သို့ လက်ညှိုးထိုးပြလေသည်။

ဘုရားရင်ပြင်တော်တစိုက်တွင် တန်ဆောင်မုန်းလ၏ လပြည့်ညလရောင်က အစွမ်းကုန် ဖြာဆင်းကျနေလေသည်။ ထိုရင်ပြင်တော်တဝိုက်မှာ အမျိုးသမီးအချို့ကို လှမ်းမြင်နေရသည်။

အမျိုးသမီးများရှိသော နေရာမှာ သူတို့ရှိသော နေရာနှင့်အတန်ငယ်ဝေးသည်က တစ်ကြောင်း။ ညအချိန်ကလည်း ဖြစ်နေသည်က တစ်ကြောင်းကြောင့် ဝိုးတဝါးသာမြင်နေရသည်။

နီမောင့်စိတ်ထဲမှာတော့ ထိုမိန်းကလေးများမှာ စောစောက သူ့အိပ်မက်မက်နေသော မိန်းကလေးများဖြစ်လေမလားဟု တွေးလိုက်မိသည်။

"အဘ ဘယ်ကလူတွေလဲဟင် ညကြီးအချိန်မတော် ဘုရားမှာ ဘာလာလုပ်နေကြတာလဲ ..." ဟု လေသံတိုးတိုးဖြင့်မေးလိုက်သော အခါ ဦးပန်းညိုက အသံမထွက်စေရန် အမူအယာဖြင့် လက်ကာပြ



www.burmeseclassic.com

လိုက်သဖြင့် နီမောင်လည်း ဆက်မမေးဝံ့တော့ပေ။

ခဏကြာသောအခါ ဆောင်းလေတစ်ချက်ဝှေ့လာသည်နှ သင်းပျံ့သော ဂမုန်းပန်းရနံ့များကိုရလေသည်။

“ဟန်ကျပြီ ...”

ဦးပန်းညို မျက်နှာပေါ်ဝယ် တစ်စုံတစ်ခုကျေနပ်မှု ဖြစ်သွားဟ ဖြင့် နှုတ်မှလည်း တိုးတိုးလေး ရေရွတ်လိုက်လေသည်။ အတန်ကြ သောအခါ ဘုရားပေါ် ရောက်နေသော မီးကလေးများတောထဲ ပြန်ဝင်သွားလေတော့သည်။

“လာဟေ့ ...သွားကြစို့ ...”

ဦးပန်းညိုက ပြောပြောဆိုဆိုနှင့် နေရာမှ ထသဖြင့် နီမော လည်း နောက်မှ ကဗျာကရာလိုက်ထကာ မြေအဘိုးနှစ်ယော ကျိုက်ဒေးရုံဘုရားရှိရာဘက်သို့ ခတ်သုတ်သုတ်ထွက်လာခဲ့ကြလေ သည်။

ကြားတွင် လှိုဏ်တစ်ခုခံနေသောကြောင့် လှိုဏ်ထဲသို့ အရင်ဆင်းပြ မှ စေတီတော်ရှိရာ ကုန်းတော်ပေါ်သို့ ပြန်တက်ကြရလေသည်။

တောင်ကုန်းမှာ သိပ်တော့မမြင့်လှပေ။

အပေါ်ရောက်သောအခါ ဘုရားရင်ပြင်တော်တစ်ခုလုံး ဂမုန် ပန်းရနံ့များ လှိုင်နေသည်ကို သတိပြုမိကြသည်။

ဘုရားရင်ပြင်ပေါ် ရောက်သောအခါ ဦးပန်းညိုက ဘုရားကာ





တော့ပြီးနောက် ရင်ပြင်တော်တစ်ပတ် ပတ်ရှာသောအခါ အရှေ့ ဘက်မုခ်ပေါက်ဝရှေ့တွင် ရှေးဟောင်းပန်းအိုးသုံးလုံးထဲတွင် စိုက် ထားသော ဂမုန်းပန်းပွင့်များကို တွေ့ရလေသည်။

ပန်းအိုးတစ်လုံးထဲမှာ ဂမုန်းပန်းဖြူ ...၊

ပန်းအိုးတစ်လုံးထဲမှာ ဂမုန်းပန်းအနီ ...။

နောက်ပန်းအိုးထဲမှာတော့ ဂမုန်းပန်းအနက် စသည်တို့ဖြစ်ကြ လေသည်။

“ဟန်ကျတာပဲ ...မြတ်စွာဘုရားထံမှာ ဘုရားပန်းစွန့်ပြီး ဒီဂမုန်း ပန်းတွေကို ယူသွားရမယ်”

ဟု ပြောဆိုပြီး ဂမုန်းပန်းသုံးမျိုးကို စွန့်ယူလိုက်လေသည်။ ထို ညက တစ်ညလုံး မြေအဘိုးနှစ်ယောက် ဘုရားရင်ပြင်တော်မှာရှိနေ ကြပြီး ဘုရားအတွက် သန့်ရှင်းရေးနှင့် ဝေယျာဝစ္စများပြုလုပ်နေကြ ရင်းနှင့် အာရုဏ်တက်အချိန်သို့ ရောက်လာတော့သည်။

ထိုအချိန်တွင် တောထဲမှ အထက်အောက်အဝတ်ဖြူများဝတ် ဆင်ထားပြီး သျှောင်ထုံးစောင်းထုံးထားသော အဘိုးအိုတစ်ဦးထွက်လာ ကာ ၎င်းယူဆောင်လာသော ငှက်ပျောသီးမှည့်နှစ်လုံးကို ဘုရားတွင် ကပ်လှူ၍ ဘုရားရှိခိုးနေလေ၏။ အတန်ကြာပြန်တော့ နောက်ထပ် လူတစ်ယောက်ထွက်လာပြီး ၎င်းတို့ ယူဆောင်လာသော ရေချမ်းအိုး၊ ဆွမ်းတော်ပန်း ဆီမီးတိုင်တို့ဖြင့် ရေချမ်း၊ ဆီမီးနှင့် ဆွမ်းတော်များကို



www.burmeseclassic.com

ကပ်လျှနေကြရာ မြေးအဘိုးနှစ်ယောက်လည်း မလှမ်းမကမ်းနေရာမှသာ အခြေအနေကို စောင့်ကြည့်နေကြရသည်။

ငင်းတို့သည် ဘုရားရှိခိုး အမျှအတန်းပေးဝေပြီးသည်နှင့် ရေချမ်းဆီမီး၊ ဆွမ်းတော်တို့ကို တစ်နေရာတွင်သွားရောက်စွန့်ကြကြလေသည်။

ဆွမ်းတော်စွန့်သော ထမင်းဟင်းများကို မလှမ်းမကမ်းရှိ သစ်တုံးကြီးပေါ်တွင် သွားရောက်စွန့်သောအခါ တောထဲမှ မျောက်အုပ်ကြီးထွက်လာပြီး လာရောက်စားသောက်ကြလေသည်။

နီမောင် သတိထားမိလိုက်သောအချက်မှာ ....

ထိုမျောက်အုပ်ကြီးမှာ အစာကိုတစ်ကောင်နှင့်တစ်ကောင် လုယက်စားသောက်ခြင်း အော်ဟစ်ဆူညံခြင်းမရှိပဲ ငြိမ်သက်စွာ စားသောက်ကြခြင်းပင်ဖြစ်၏။ စားသောက်ပြီးသောအခါ မျောက်အုပ်ကြီးမှာ တစ်ကောင်ပြီးတစ်ကောင်တောထဲသို့ ပြန်ဝင်သွားကြသည်။

လူများကလည်း ဆွမ်းတော်ပွဲများကို စွန့်ပြီး ၎င်းတို့ ယူဆောင်လာသော ပစ္စည်းများကို ပြန်လည်ယူဆောင်၍ တောထဲသို့ ပြန်ဝင်သွားကြသည်။

ဘုရားရင်ပြင်ပေါ်မှာတော့ အဘိုးအိုတစ်ဦးသာ ကျန်ရစ်ခဲ့လေတော့သည်။

အချိန်ကလည်း အာရုဏ်တက်အချိန်ကို ကျော်လွန်ပြီး အရှေ့





ဘက်တွင် အလင်းရောင်များပေးလာချေပြီ။ ထိုအခါမှ အဘိုးအိုမှာဘုရားဝတ်ပြုခြင်းကိစ္စပြီးကာ ၎င်းတွင်ပါလာသော ကြေးစည်ကလေးကို ထုတ်ကာ မေတ္တာပို့အမျှအတန်းများပေးဝေနေလေသည်။

"နောင် ...ဝေ ..ဝေ .."

"နောင် ...ဝေ ..ဝေ .."

"နောင် ...ဝေ ..ဝေ .."

တိတ်ဆိတ်ငြိမ်သက်နေသော တောနက်ထဲတွင် နံနက်ခင်းအိပ်တန်းမှ နိုးထစကျေးငှက်သံကလေးများနှင့်အတူကြေးစည်သံကလေးမှာ သာယာနာပျော်ဘွယ်ရာ ပေါ်ထွက်လာလေတော့သည်။

နီမောင်နှင့်ဦးပန်းညိုတို့လည်း တိုးတိုးကလေး သာဓုခေါ်လိုက်ကြသည်။

အဘိုးအိုက ကိစ္စပြီးသောအခါ ရင်ပြင်တော်ပေါ်မှာတင်ထားသော ငှက်ပျောသီးနှစ်လုံးကို ယူ၍ သူတို့ရှိရာသို့ လျှောက်လာပြီး အနားရောက်သောအခါ လက်ထဲမှ ငှက်ပျောသီးနှစ်လုံးကို ကမ်းပေးလေသည်။

"ရော့ ဒီငှက်ပျောသီးကို တစ်ယောက်တစ်လုံးစားလိုက်ကြွယ် ..."

သို့ကြောင့် ...

နှစ်ယောက်သားလှမ်းယူပြီးစားလိုက်ကြသည်။



www.burmeseclassic.com

ငှက်ပျောသီးမှာ ရွာများတွင် စိုက်သော ငှက်ပျောသီးမျိုးမဟုတ်ပဲ ပေါက်ဝင်နေသော ငှက်ပျောသီးဖြစ်စေကာမူ အစေ့လုံးဝမရှိပဲ ရန်မွှေး၍ အရသာမှာလည်း ချိုလှပေသည်။

(မှတ်ချက်။ တောထဲမှာ အလေ့ကျပေါက်သော ငှက်ပျောသီးများမှာ ရွာတွင် စိုက်သော ငှက်ပျောသီးမျိုးနှင့် လုံးဝမတူပဲ အလုံးသေးညှက်၍ အစေ့များစွာပါလေသည်။ (စာရေးသူ))

သူတို့နှစ်ယောက်သည် ထိုငှက်ပျောသီးကို စားပြီးသောအခါ အနည်းငယ် အားပြည့်လာသလို ခံစားရလေသည်။

"ဘုရားမှာ ဝေယျာဝစ္စလုပ်နေကြတာလား"

"ဟုတ်ပါတယ် အဘ"

"ကောင်းတယ်၊ ကောင်းတယ်၊ ဘယ်အလုပ်မဆို စေတနာသန့်သန့်လေးနဲ့သာလုပ်၊ ချက်ချင်း အကျိုးပေးတယ်၊ တစ်စုံတစ်ခု လိုချင်လို့ မျှော်ကိုးပြီး လုပ်တာဆိုရင်တော့ ထင်သလောက် မရနိုင်ကြဘူး။ မိဘတွေကို မုန့်ဖိုးလိုချင်လို့ နင်းနှိပ်ပေးတဲ့ကလေးလို ဖြစ်တတ်တယ်"

"ဟုတ်ကဲ့ အဘ"

"အခု တောထဲကို ဘာကိစ္စနဲ့ လာကြတာလဲ"

"ဆေးဖက်ဝင်ဂမုန်းတွေကို လိုချင်လို့ လာရှာတာပါ အဘ"

"တွေ့ရော တွေ့ကြပြီလား"

"မတွေ့သေးပါဘူးလေ"





"ဂမုန်းဆိုတာ သိဒ္ဓိရှိတယ်၊ မြင်ရင်ရော မှတ်မိပါ့မလား။ သိနိုင်ကြပါ့မလား"

အဘိုးအိုထံမှ ထိုစကားကြားရသောအခါ အနည်းငယ်တော့ ...ညြသွားကြလေသည်။

"ဒီလိုပဲ ကြိုးစားပြီး ရှာကြည့်ရမှာပါ အဘ"

ဦးပန်းညိုက ပြန်ပြောလိုက်သည်။

"ဂမုန်းတွေရတော့ ဘယ်လိုအသုံးချမှာလဲ၊ အများအတွက် ...အသုံးချမှာလား၊ ဒါမှမဟုတ် ကိုယ်ကျိုးအတွက် အသုံးချမှာလား"

"အများအတွက် အကျိုးရှိမယ့်ကိစ္စတွေမှာ အသုံးပြုမှာပါ အဘ"

"အေး ... ကောင်းတယ်၊ ကောင်းတယ်၊ အများအကျိုးဆောင်...င် ကိုယ့်အကျိုး အောင်မြင်တယ် တဲ့၊ ဒီတော့ ငါမြေးတို့ကို အဘိုး ...ကူညီပေးပါ့မယ်"

"ဟုတ်ကဲ့ အဘ"

"မနက်လင်းတော့ ဒီကနေ အရှေ့စူးစူးဘက်ကို တက်သွားရင် ...သို့နှစ်ခုရဲ့ကြားမှာ ဂူပေါက်ဝတစ်ခုရှိတယ်၊ အဲဒီဂူပေါက်ထဲကို ဝင်...သွားရင် မင်းတို့လိုချင်တဲ့ ဂမုန်းမျိုးတွေ တွေ့ရပါလိမ့်မယ်"

"ဟုတ်ကဲ့ အဘ"

"ဒါပေမယ့် မင်းတို့ ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

"ဘာများပါလိမ့်"



www.burmeseclassic.com

"တခြားတော့ မဟုတ်ပါဘူး။ ဂမုန်းပင်တွေကို တွေ့ရင် ကိုယ်လိုသလောက်ပဲ ယူရမယ်၊ နောက်တစ်ချက်က ဒီနေရာကို ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးရမယ်"

"ကတိပေးပါတယ် အဘ"

"ကတိသစ္စာဆိုတာ အရေးကြုံလာရင် ဘေးလုံတယ်၊ ဆေးဖြစ်တယ်၊ ကိုင်း ... အဘိုးလဲ သွားတော့မယ်၊ ငါ့မြေးတို့လဲ သွားပေဦးတော့၊ ဩော် ...တစ်ခုတော့ မှာလိုက်ရဦးမယ်၊ ဂူထဲရောက်လို့ တစ်ယောက်ယောက်နဲ့တွေ့လို့ မေးရင် အဘဦးသူတော်နဲ့ တွေ့ခဲ့ပြီးပါပြီ လို့ပြော၊ 'ကတိသစ္စာတည်သောအခါ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်' လို့သာ ရွတ်လိုက်၊ သူတို့ ခွင့်ပေးပါလိမ့်မယ်"

ဟု မှာကြားကာ တောထဲသို့ ဝင်သွားလေတော့သည်။ နီမောင်တို့လည်း အဘိုးအိုထွက်သွားပြီး မကြာမီမှာပင် ၎င်းညွှန်ပြခဲ့သော အရှေ့ဘက်သို့ ထွက်လာကြသည်။ အဘိုးအိုပြောသည့်အတိုင်းပင် နံနက်ပိုင်းအချိန်မှာပင် လျှိုနှစ်ခုကြားမှာရှိသော ဂူပေါက်ဝကို တွေ့ရသည်။

ဂူပေါက်ဝမှာ အတော်အတန်ကျယ်ဝန်းသော်လည်း အပြင်ဘက်မှ သစ်ပင်၊ နွယ်ပင်များ ဖုံးအုပ်နေသောကြောင့် ရုတ်တရက် မမြင်နိုင်ပေ။ ချုံနွယ်များကို ဖယ်ပြီး အထဲသို့ ဝင်လိုက်ရုံရှိသေး၊ အတွင်းဘက်မှ အသံသြသြကြီးနှင့် လှမ်းမေးသံကြားလိုက်ရသည်။





"ဘာကိစ္စနဲ့ ဝင်လာတာလဲ"

"ကျွန်တော်တို့ ဂမုန်းရှာတဲ့သူတွေပါ"

"ဘယ်သူနဲ့ တွေ့ခဲ့ပြီးပြီလဲ"

"အဘ ဦးသူတော်နဲ့ တွေ့ခဲ့ပြီးပါပြီ"

"သူက ဘာမှာလိုက်သေးလဲ"

"ကတိသစ္စာတည်သောအခါ နွယ်မြက်သစ်ပင် ဆေးဖက်ဝင် လို့ မှာလိုက်ပါတယ်"

ထိုစကား ပြန်ပြောလိုက်သောအခါ ဂူအတွင်းမှ အသံပျောက်သွားသောကြောင့် မြေးအဘိုးနှစ်ယောက် အတွင်းသို့ ဆက်ဝင်လာကြလေသည်။

ဂူအတွင်းပိုင်းမှာ ဝင်သွားကာစမှာသာ မှောင်သော်လည်း အတန်ငယ်ကြာသောအခါ အပေါ်ပိုင်းရှိ ဂူပေါက်များမှ အလင်းရောင်များ ကျိုကြားကျိုကြား ကျနေသောနေရာများဆီသို့ ရောက်သွားကြသည်။ တစ်နေရာသို့ရောက်သောအခါ ကျောက်ကလပ်ကဲ့သို့ ဖြစ်နေသော နေရာများပေါ်တွင် ထင်ထားသော ပစ္စည်းများကို တွေ့ကြရလေသည်။

၎င်းအရာများမှာ အခြားမဟုတ်ပေ။ ရွှေ ငွေ၊ ကြေးတို့ဖြင့် ပြုလုပ်ထားသော လူ့အသုံးအဆောင်ပစ္စည်းများပင် ဖြစ်တော့သည်။ လင်ဗန်း၊ ပန်းကန်၊ ရေခွက်၊ မီးတိုင်၊ ဆွမ်းတော်ကပ်ရာတွင် အသုံးပြု



www.burmeseclassic.com

သော ဆွမ်းတော်ပွဲ၊ ပန်းအိုး အစရှိသည်တို့ပင် ဖြစ်သည်။ ထိုပစ္စည်းများကိုမြင်သောအခါ နီမောင်က ...

"အဘ၊ ဒီပစ္စည်းတွေက ညတုန်းက ဘုရားလာတဲ့ အမျိုးသမီးတွေ ယူလာတဲ့ ပစ္စည်းတွေများ ဖြစ်လေရော့သလား"

ဟု တိုးတိုးမေးလိုက်သည်။

"ဒါကတော့ အတပ်ဘယ်ပြောနိုင်ပါ့မလဲကွ"

"အခုနေ ဒီပစ္စည်းတွေဆိုရင် တန်ဖိုးအတော်ရှိမှာပဲနော်"

"မင်းစိတ်ကူးထဲမှာ အဲဒီအတွေးဝင်တာတောင် အတော်အပြစ်ကြီးနေပြီ ကဲ ...ကဲ ... တို့အလုပ်က ဂမုန်းပင်တွေ ရှာဖို့ပဲမဟုတ်လား၊ အထဲဝင်ပြီး ရှာကြည့်ရအောင်"

နီမောင် စိတ်ထဲမှာတော့ မိမိတို့မြေးအဘိုး ဂူထဲဝင်ကာစက လှမ်းမေးနေသောလှ ဘယ်နေရာမှာ ရှိနေမည်ကို စိတ်ဝင်စားနေကြသည်။ သို့သော် ဦးပန်းညိုကိုလည်း မမေးဝံ့သောကြောင့် အသာငြိမ်နေရလေသည်။

ဂူအတွင်းပိုင်းသို့ ရောက်သောအခါ တောင်ကုန်း၊ တောင်ဂမူစာများ၊ ရေအိုင်ကလေးများကို တွေ့ရပြီး ထိုနေရာတစ်ဝိုက်တွင် သူတို့အလိုရှိသော ဂမုန်းပင်အတော်များများကိုတွေ့ရသောကြောင့် ဝမ်းသာသွားကြလေသည်။

ထို့နောက် စိတ်ထဲမှနေ၍ သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အစောင့်





အရှောက်များကို တိုင်တည်ခွင့်ပန်၍ မိမိအသုံးပြုလိုသော ဂမုန်းပင်အချို့ကို နှုတ်ယူပြီးနောက် မြေးအဘိုးနှစ်ယောက် ဂူထဲမှ ပြန်ထွက်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

## အခန်း (၅)
## တောနက်ထဲမှ အလှူရှင်

နီမောင်တို့ တောထဲမှ ပြန်ရောက်လာပြီးနောက်ပိုင်းတွင် စက်ဆန်းရွာသာမက အခြားရွာနီးချုပ်စပ်များတွင်ပါ သတင်းအချို့ ပျံ့လွင့်လာတော့သည်။

ထိုသတင်းကား အခြားမဟုတ်ပေ။ နီမောင်တို့မြေးအဘိုး တောတက်ရင်းနှင့် ကျိုက်ဒေးယျုံဘုရားကို ရောက်သွားပြီး ရွှေငွေရတနာများရှိသော ရှေးဟောင်းနေရာတစ်ခုကို တွေ့ခဲ့သည်ဆိုသော သတင်းပင်ဖြစ်၏။ ထိုသတင်းကို ဘယ်သူအရင်စ၍ လွှင့်လိုက်သည်မသိပေ။





တစ်ဆင့်စကား တစ်ဆင့်ကြားပြီး ယခုဆိုလျှင် လူအတော်များများက သိပြီး စိတ်ဝင်စားနေကြလေပြီ။

အချို့ကလည်း နည်းအမျိုးမျိုးနှင့်ချဉ်းကပ်ပြီး အချို့သပ်ကာ မေးကြသည်။ သို့သော်လည်း နီမောင်တို့မြေးအဘိုးကတော့ တစ်ခွန်း တစ်လေမှပင် မပြောကြပေ။

ဦးပန်းညိုကပင်လျှင် မြေးဖြစ်သူ နီမောင်ကို စိတ်မချသောကြောင့် အတန်တန်သတိပေးနေရသည်။

"နီမောင်၊ တောထဲက ဘုရားအကြောင်းနဲ့ ဂူထဲကပစ္စည်းတွေအကြောင်းကို ဘယ်သူမှ မပြောမိဖို့ သတိထားနော်၊ အဘကို ကတိပေးထားခဲ့တာကို မင်းလဲသိတယ် မဟုတ်လား"

"စိတ်ချပါ အဘရယ်၊ ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူး၊ ဒါထက်နေပါဦး၊ ကျွန်တော်တို့ ကျိုက်ဒေးယျုံဘုရားကို ရောက်ခဲ့တာကို ဘယ်သူများသိလို့မြင်လို့အခုလို သတင်းလွှင့်နေတာလဲ မသိဘူးနော်"

"ဒါကတော့ အတပ်မပြောနိုင်ဘူး၊ ဒါပေမယ့် သတင်းဆိုတာက လဲ စိတ်အထင်နဲ့ မှန်းပြောရင်းကနေ တစ်ဆင့်စကား တစ်ဆင့်ကြားပြီး ရဲ့ကားပြောတတ်ကြသေးတာ မမှတာပဲ၊ ကိုယ့်ဆီက မပေါက်ကြားရင် ပြီးတာပဲ၊ ကတိသစ္စာဆိုတာ ပေးထားပြီးရင် သူတစ်ပါးသိတာမသိတာထက် ကိုယ့်ဘာသာသိဖို့က အရေးကြီးတယ်"

"စိတ်ချပါ"



www.burmeseclassic.com

နီမောင်တို့မြေးအဘိုးနှစ်ယောက်က အဘယ်မျှ လုံခြုံသည်ဆို စေကာမူ ပတ်ဝန်းကျင်မှာတော့ သတင်းစကားများက ပုံ့မြဲပုံ့နေဆဲ ပင်။ ထိုသတင်းကို တောလိုက်မုဆိုးအဖွဲ့ များ၊ သစ်ခုတ်သမားအဖွဲ့ များက စိတ်ဝင်စားကြလေသည်။ ထိုအထဲတွင် ဇမုန်းထန်တို့ အမဲ လိုက်အဖွဲ့ က အသည်းဆုံးဖြစ်တော့သည်။

ထိုသတင်းကို ကြားရသောသူတို့အဖွဲ့ သည် သားကောင်အနံ့ ကို ရသော မုဆိုးများလို 'ရှေးဟောင်းရတနာများ' ဆိုသောသတင်း ကို စိတ်ဝင်စားမှုအရှိဆုံး ဖြစ်နေတော့သည်။

ဇမုန်းထန်မှာ အသက်လေးဆယ်ကျော်အရွယ်ရှိပြီး မျက်လုံး တစ်ဖက်က မကောင်းပေ။ ငယ်ရွယ်စဉ်က အမဲလိုက်ရင်း ဝက်ပက် ခံရသောကြောင့် မျက်နှာနှင့်ကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များ ရှိနေသည်။ အဆိုးဆုံးက မျက်နှာပေါ်တွင် ကန့်လန့်ဖြတ်ဖြစ်ပေါ်နေ သော ဒဏ်ရာကြီးပင်ဖြစ်သည်။

ဇမုန်းထန်တွင် ထွန်းမောင်နှင့်ကရင်လေး ဆိုသော တပည့်နှစ် ယောက်ရှိလေသည်။ ၎င်းတို့နှစ်ယောက်စလုံးမှာလည်း ငယ်စဉ်က တည်းက တောထဲ တောင်ထဲတွင် ကြီးပြင်းလာကြသူမို့ တော အကြောင်းတောင်အကြောင်းတို့၏ မာယာပရိယာယ်ကို နှံ့စပ်ကျွမ်း ကျင်သူများ ဖြစ်ကြလေသည်။

"ဘယ်လိုလဲ ဆရာသမား၊ ခုတလော နီမောင်တို့မြေးအဘိုး





သတင်း ကြားပြီးရောပေါ့၊ စိတ်မဝင်စားဘူးလား"

"အဲဒီသတင်းက ဘယ်က ထွက်လာတာလဲ"

ဇမုန်းထန်က ပွတ်ချွန်းဟု ခေါ်သော ဆေးပတ်လိပ်ကို မီးညှိမှာ ရင်း သေချာအောင် မေးလိုက်သည်။

"ကျွန်တော်တို့လဲ အသေအချာမသိဘူး၊ ဒါပေမယ့် သတင်း ကြားရတာတော့ ရွာထဲက မုဆိုးတစ်ယောက်က တောထဲမှာ မျက် စိလည်ပြီး သစ်ပင်ပေါ်မှာ တက်အိပ်နေတုန်း လှမ်းမြင်လိုက်တာလို့ တော့ ပြောသံကြားတာပါပဲ"

ထိုသတင်းကတော့ နည်းနည်းတော့ အခြေအမြစ်ရှိလေသည်။

"ကဲ ... ထားပါတော့၊ ဒီသတင်းမှန်တယ်ဆိုရင် မင်းတို့က ဘယ်လိုများလုပ်ချင်ကြလို့လဲ"

ဇမုန်းထန်က တပည့်နှစ်ယောက်ကို သွေးတိုးစမ်းသည့်သဘော ဖြင့် မေးလိုက်သည်။

"ဆရာသမားကလဲ၊ တောထဲမှာ အမဲလိုက်နေလို့ကတော့ ဒီ တစ်သက် ဆင်းရဲတွင်းက ဘယ်လိုလုပ်ပြီး လွတ်မှာလဲဗျ၊ ဒီလိုပွ ပေါက်ကလေးဘာလေး တိုးမှ ဟန်ကျမှာပေါ့"

"ကရင်လေးပြောတာ မှန်တယ် ဆရာသမား၊ ကျုပ်တို့တစ္ဆေ လဲ တောတိုးရလွန်းလို့ ပုဆိုးကွဲ၊ ဒူးပြဲတာပဲ အဖတ်တင်တယ်။ ဘယ် မှာ လူမွေးလူရောင် ပြောင်လို့လဲဗျ၊ တစ်ခါတစ်လေလေး စွန့်ပြီး



www.burmeseclassic.com

ထွက်ပေါက်ရှာတန်ရှာမှ ဖြစ်မှာပေါ့”

ထွန်းမောင်က တိုက်တွန်းသည့်လေသံနှင့် ပြောလိုက်သည်။

“ကဲလေ၊ မင်းတို့ပြောတဲ့သတင်းကို ငါလဲ စိတ်ဝင်စားပါတယ်၊ သူတို့ရောက်ခဲ့တဲ့ နေသူရိန်ကုန်းတန်းဆိုတာ ရှေးလူတွေနေသွားတဲ့ နေရာဟောင်းတစ်ခုဆိုတော့ ဒီလိုရတနာမျိုးတွေလဲ ရှိနိုင်ပါတယ်၊ အဖော်ညီရင်တော့ တို့ဆရာတပည့်သုံးယောက် တက်သွားလိုက်ကြတာပေါ့၊ မကောင်းဘူးလား”

“ဆရာသမားကလဲဗျာ၊ ကိုယ့်တပည့်တွေရဲ့ အကြောင်းကို သိရဲ့သားနဲ့များ တိုင်ပင်နေရသေးတယ်၊ ဆရာ့ရဲ့တပည့်နှစ်ယောက်စလုံးက အဖော်ကောင်းရင် ငရဲအထိ လိုက်ဝံ့ကြတဲ့သူတွေချည်းပဲ၊ မဟုတ်ဘူးလား ထွန်းမောင်”

“သိပ်ဟုတ်တာပေါ့ကွာ၊ တို့တတွေ အမဲလိုက်နေလို့ကတော့ နောက်ဆုံး အရိုးတွေပဲ စုမိမှာပဲ၊ ဒီလိုစွန့်စွန့်စားစား ကိစ္စမျိုးတွေ လုပ်မှ ဆင်းရဲတွင်းက လွတ်ကြမှာ”

ဟု သုံးယောက်သား သဘောတူတိုင်ပင်ပြောဆိုပြီးနောက် လက်နက်ကိရိယာများအပြည့်အစုံ ယူဆောင်ကာ ထော်ဆီထော်ပိုင် ချောင်းဖျားဘက်သို့ တက်ခဲ့ကြလေသည်။ လမ်းတစ်လျှောက်လုံးမှာ မျောက်အုပ်များနှင့် အခြားတိရိစ္ဆာန်များကို တွေ့ရသော်လည်း ပစ်ခတ်ခြင်း မပြုကြပေ။





ချောင်းဖျားပိုင်းသို့ ရောက်သောအခါ လှေကို ကမ်းစပ်တစ်နေရာမှာ ဆိုက်ကပ်ရန် ပြင်လိုက်စဉ် သမန်းဖျိုက်တောထဲမှာ ဆောင့်ကြောင့်ထိုင်နေသော တောကောင်ကြီးကို လှမ်းမြင်လိုက်ရလေသည်။

“ဟင် ...”

“ဟာ ...”

ဗမုန်းထန်တို့ တေးနားမှာ ချထားသော ဒူးလေးကို ကောက်ယူပြီး ပစ်ရန်ပြင်လိုက်သောအခါ တောကောင်ကြီးက သူတို့ကို ပါးစပ်ကြီးဖြဲပြပြီးနောက် သမန်းဖျိုက်တောထဲသို့ ဝင်သွားလေတော့သည်။

ခရီးမထွက်မီက ဟန်တစ်လုံးပန်တစ်လုံး ပြောဆိုနေကြသော ထွန်းမောင်နှင့်ကရင်လေးတို့နှစ်ယောက်မှာ တကယ်တမ်း တောကောင်ကြီးကို အနီးကပ်မြင်လိုက်ရသောအခါ မျက်စိမျက်နှာပျက်သွားကြလေတော့သည်။

“တောက် ... မပစ်လိုက်ရတာ နာတယ်ဗျာ၊ ငါ့ဒူးလေးစာ မိလို့ကတော့ ကိုးတောင်ကျားမကလို့ ဆယ်တောင်ကျားဖြစ်ပစေ ထုတ်ချင်းခတ်ပဲ အောင်းမေ့ရော့”

ဗမုန်းထန်က မကျေမနပ်နှင့် ကြိမ်းမောင်းလိုက်သေးသည်။ သူပြောမယ်ဆိုလည်း ပြောစရာပင်။ သူ ကိုင်သော ဒူးလေးက အခြားဒူးလေးများနှင့်မတူဘဲ စိတ်တိုင်းကျပြုလုပ်ထားသော ဒူးလေးဖြစ်သည်။



www.burmeseclassic.com

ရေမနေသားအနှစ်ကို ဒူးလေးအိမ်ပြုလုပ်ထားပြီး သုံးပေခန့် ရှည်သည်။ ကိုင်းကို သုတ်အားပြင်းလှသော ဗျူးခြေထောက်သား ဖြင့် ပြုလုပ်ထားပြီး တစ်ဖက်ကို နှစ်ပေခန့် အလျားရှိသည်။ ညို့ကြိုး ကတော့ နွားသားရေကို ဆွဲပြီး ကျစ်ထားသောကြောင့် သံမဏိကြိုး တမျှ ခိုင်ခန့်လှသည်။ မြားတံကိုတော့ ဝါးဘိုးဝါးဖြင့် ပြုလုပ်၍ အမြီး တွင် ငှက်မွေးတပ်၍ ထိပ်ဖူးမှာ အဆိပ်လူးထားသော သံချွန်ထိပ်ဖူး ဖြစ်သည်။

ဇမုန်းထန်၏ ဒူးလေးကို ဟော်ရုံလူ ညို့ကြိုးဆွဲမတင်နိုင်ပေ။ ဇမုန်းထန်ကတော့ ခွန်အားဗလကြီးသူမို့ ၎င်းကြိုးကို လက်တစ်ဖက် တည်းနှင့် အတင်အချ ပြုလုပ်နိုင်သည်။ လေးညို့တင်ပြီးလျှင် ရေ အပြည့်ထည့်ထားသော သံစည်ပိုင်းပင် ပေါက်ထွက်လောက်အောင် ပြင်းထန်သော ဒူးလေးပင်ဖြစ်သည်။

သုံးယောက်သား ထိုနေရာမှာပင် လှေကို ဆိုက်ကပ်ထားခဲ့ပြီး လက်နက်များကို အဆင်သင့်ပြင်ဆင်ကာ တောပေါ်သို့ တက်ခဲ့ကြ သည်။

စောစောက တောကောင်ကြီးထိုင်နေသော သမန်းဖျိုက်တော နေရာရောက်သောအခါ စိတ်မချသလိုဖြင့် ပတ်ဝန်းကျင်ကို ကြည့်ကြ တော့ ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။

တပည့်နှစ်ယောက်ရှေ့မှာမို့ ဟန်လုပ်နေရသော်လည်း ဇမုန်း





ာနက်ကိုယ်တိုင်ပင် အနည်းငယ် ထိတ်လန့်တုန်လှုပ်မှု ရှိနေလေသည်။

သို့သော်လည်း တောနက်ထဲရောက်လာသည့်တိုင် တော ောင်ကြီး၏ အရိပ်အယောင်ကို နောက်ထပ်မတွေ့ရတော့မှ အနည်းငယ် စိတ်သက်ရာရသွားကြသည်။

ချောင်းဖျားပိုင်းရောက်တော့ သဲနုံးများအောက်မှာ နစ်မြုပ်နေ သော ရှေးခေတ်သုံး လောင်းလှေကြီးတစ်စင်းကို တွေ့ကြရသည်။ လောင်းလှေကြီး၏ လှေဝမ်းတစ်ခုလုံးမှာ သဲနုံးများအောက်သို့ နစ် မြုပ်လျက်ရှိပြီး ပဲ့ပိုင်းနှင့် လှေဦးပိုင်းကတော့ ပေါ်နေဆဲဖြစ်သည်။

ပဲ့ပိုင်းရှိ လှေသူကြီးထိုင်သောစင်ပင် ရှိနေသေးပြီး မှန်စီရွှေချ ာနုတ်ပန်းများက ယခင်လက်ရာအတိုင်း ရှိနေသေးသည်။ လှေဦး င်းကြီးမှာလည်း လူလေးငါးယောက် ထမင်းထိုင်စားလောက်အောင် င် ကြီးမားကျယ်ပြန့်လှပေသည်။ ကနုတ်ပန်းများဖြင့် ရွှေချထား သော လှေဦးတုံးကြီးမှာ လှပတင့်တယ်နေဆဲပင်။

သူတို့သုံးယောက်သည် လှေကြီးရှိရာ အရှေ့ဘက်ကုန်းကြော ာသို့ တက်ခဲ့ကြသည်။ ထိုကုန်းကြောတစ်ပိုက်ရှိ မြေများမှာ ဒီရေ ာက်ရာအရပ်တွင်ရှိကာ ရွှံ့နွံ့နုံးမြေမျိုး မဟုတ်ဘဲ သဲကုန်းတန်းများ ဖြ်သောကြောင့် ထိုနေရာတွင်ပေါက်ကြသော သစ်ပင်များကလည်း မျိုးအစားမတူကြတော့ပေ။

နေသူရိန်ကုန်းတန်းတွင်ရှိသော မြင်းစိုင်းကုန်းတန်းဟုခေါ်



www.burmeseclassic.com

သော နေရာတစ်လျှောက်မှာတော့ မြက်ပင်များမှလွဲ၍ အခြားသစ်ပင်
ကြီးငယ်တို့ မပေါက်ဘဲ တစ်ဖြောင့်တည်းရှိနေပေသည်။

နေသူရိန်တပ်မှူး စစ်ရေးလေ့ကျင့်ခဲ့သောနေရာဟုလည်း ပြော
စမှတ်ပြုကြလေသည်။

ထိုကုန်းတန်းတစ်ဝိုက်တွင် မြို့စားကြီး ဗညားဒေယျ၏ နောက်
လိုက်နောက်ပါများ အခြေချနေထိုင်ခဲ့သော နေရာဖြစ်သောကြောင့်
မရမ်းပင်၊ သရက်၊ ပိန္နဲ၊ ဒညင်းပင်ကြီးများ ရှိနေသေးသည်။ ရေတ
ကောင်းနှင့် ကွမ်းပင်ကြီးများကတော့ တောဝင်နေလေပြီ။

ရေတံကောင်းပင်ကြီးများဆိုလျှင် နွယ်ပင်ကြီးများသဖွယ် ကြ
မားနေပြီး ကွမ်းပင်ကြီးများဆိုလျှင်လည်း အရွက်ဖားဖားကြီးများနှ
စား၍ ဝါး၍ မရတော့ပေ။

ကွမ်းရွက်နုံ့ ကွမ်းရွက်အရသာ ရှိနေသေးသော်လည်း သား
ပြားဝါးရသကဲ့သို့ မာကျောနေလေပြီ။ ထိုနေရာတစ်ဝိုက်မှာတော
တောကောင်ကြီးများ မတွေ့ရဘဲ ကမန်းမျောက်အုပ်များလောက်
သာ တွေ့ကြရသည်။

လူကိုမြင်သဖြင့် မျောက်များ၏ အော်သံများက တစ်တောလုံ
ဆူညံနေတော့သည်။ ဇမုန်းထန်တို့သုံးယောက်သည် ထိုနေရာတ
ဝိုက်တွင် လိုက်လံရှာဖွေကြည့်သော်လည်း အဖိုးတန်သောပစ္စည်းဓ
လို့ အပ်တိုတစ်ချောင်းပင် မတွေ့ရသောကြောင့် ကျိုက်ဒေးယ





စေတီတော်ရှိရာဘက်သို့ ခရီးဆက်ခဲ့ကြသည်။

သူတို့ရောက်သွားသောအချိန်မှာ ညနေစောင်းအချိန်ဖြစ်လေ
သည်။ ပတ်ဝန်းကျင်တစ်ဝိုက်မှာ အနည်းငယ်မှောင်စပြုနေချေပြီ။

ဇမုန်းထန်တို့ ထိုနေရာနှင့် မလှမ်းမကမ်းနေရာရောက်သော
အခါ တောထဲမှ လူသံဆူသံများကြားရသဖြင့် သုံးယောက်သား သစ်
ပင်ကြီးတစ်ပင်ဘေးသို့ ကပ်ကာ အခြေအနေကို စောင့်ကြည့်နေလေ
သည်။

ခဏကြာတော့ တောထဲမှ လူအချို့ထွက်လာပြီး ဘုရားရှိရာသို့
လာကြလေသည်။ ထိုလူများလက်ထဲမှာ သစ်ခွပန်းများနှင့် ဆီမီးထွန်း
ရန်၊ ရေချမ်းကပ်ရန် ရွှေခွက်ငွေခွက်များ ယူဆောင်လာကြလေသည်။
အချို့ခွက်များမှာ တစ်စွန်းတစ်စကျန်နေသေးသော နေ၏အလင်း
ရောင်ကြောင့် အရောင်တလက်လက် တောက်ပသွားလေသည်။

ဇမုန်းထန်တို့ ရှိနေသောနေရာမှ လှမ်းကြည့်လျှင် မည်သည့်
ပစ္စည်းများဖြစ်သည်ကို သဲသဲကွဲကွဲ မမြင်ရသော်လည်း ပုံပန်းသဏ္ဍာန်
ကြည့်ရုံနှင့် အဖိုးတန်ရှေးဟောင်းပစ္စည်းများဖြစ်လိမ့်မည်ဟု ခန့်မှန်း
မိသည်။

"သူတို့တစ်တွေလက်ထဲမှာကိုင်လာတဲ့ ပစ္စည်းတွေဟာ ရှေး
ဟောင်းပစ္စည်းတွေ ဖြစ်ရမယ်၊ ငါ့အထင်ပြောရရင်တော့ ရှေးခေတ်
က လူတွေသုံးတဲ့ ရွှေခွက်၊ ငွေခွက်တွေတောင် ဖြစ်မယ်ထင်တယ်"



www.burmeseclassic.com

ဟု ဇမုန်းထန်က တိုးတိုးပြောသည်။

"အဲဖြင့် ဘယ်လိုလုပ်ကြမလဲ"

"သူတို့ ဘာလုပ်မလဲဆိုတာ ခဏလေးစောင့်ကြည့်ကြတာပေါ့

ဘုရားသို့ ဆီမီး၊ ပန်း၊ ရေချမ်း အစရှိသည်တို့ဖြင့် လာရောက်ကပ် လှူကြသူများမှာ ယောကျ်ား မိန်းမ ကလေး လူကြီး စုံလှသည်။ သူတို့သည် အနည်းငယ်မှောင်လာသည်အထိ စေတီတော်ရင်ပြင် တော်ပေါ်မှာ ရှိနေကြပြီး တောထဲမှ အဘိုးအိုတစ်ဦး ထွက်လာသော အခါမှ တောထဲသို့ ပြန်ဝင်သွားကြလေသည်။ အဘိုးအိုမှာ အသက် အရွယ် အတော်ကြီးရင့်ဟန်ရှိပြီး အဝတ်ဖြူများ ဝတ်ဆင်ထားလေသည်။

သူသည် ရင်ပြင်တော်ပေါ် ရောက်သည်နှင့် အရှေ့ဘက်မုခ်ဦး ရှေ့တွင်ထိုင်ကာ ပုတီးစိပ်နေလေတော့သည်။ စောစောကလူများ ယူဆောင်လာသော ပစ္စည်းများကိုတော့ ဘုရားရင်ပြင်တော်ပေါ်မှာ သည်အတိုင်း ထားရစ်ခဲ့ကြလေသည်။

ဒါကို လှမ်းမြင်သော ဇမုန်းထန်တို့ သုံးယောက်ကတော့ သဘောကျစွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြုံး လိုက်ကြလေသည်။

"အချိန်သိပ်မရှိတော့ဘူး။ ဘုရားပေါ်မှာ ဟိုလူတွေ ထားခဲ့တဲ့ ပစ္စည်းတွေကို သွားယူကြမလား"

ဟု ကရင်လေးက စကားစလိုက်သည်။





"ဘုရားပေါ်မှာ ဟိုအဘိုးကြီးရှိနေသေးတာ ဘယ်လိုလုပ်မှာလဲ"

ထွန်းမောင်က ပုတီးစိပ်နေသော အဘိုးကြီးရှိရာသို့ တစ်ချက် လှမ်းကြည့်ပြီး ပြောလိုက်လေသည်။ ထိုအခါ ဇမုန်းထန်က ...

"တို့က သုံးယောက်တောင်ရှိတာပဲ၊ ဒီလောက်အသက်ကြီးတဲ့ အဘိုးကြီးတစ်ယောက်ကို ဂရုစိုက်စရာမလိုပါဘူး။ တို့ရဲ့အလုပ်ကို အနှောင့်အယှက်ပေးရင် လက်နဲ့တစ်ချက်တွန်းတာနဲ့ လဲသွား လောက်တယ်၊ ကဲ ...ပြောနေတာ ကြာတယ်၊ အခုပဲ မြန်မြန်သွားယူ ပြီး ပြန်ကြရအောင်"

ဟု ပြောဆိုကာ သုံးယောက်သား သစ်ပင်ကြီးနောက်မှ ထွက် ကာ ဘုရားရင်ပြင်တော်ရှိရာသို့ ဆင်းသွားကြလေသည်။ သူတို့ဆင်း လာတာမြင်သော်လည်း အဘိုးအိုကတော့ ပုတီးစိပ်မြဲ စိပ်နေလေသည်။

ဇမုန်းထန်တို့သုံးယောက်သည် ဘုရားရင်ပြင်ပေါ် သို့ရောက် သောအခါ စောစောက လူများ တင်ထားခဲ့သော ပန်းအိုး၊ ဆီမီးတိုင်၊ ရေခွက် အစရှိသည်တို့ကို သိမ်းကျုံး၍ အိတ်တစ်လုံးထဲသို့ ထည့်ယူ ကြ‌လေသည်။

ထိုအခါမှ အဘိုးအိုက ပုတီးစိပ်နေရာမှ ထလာလေသည်။

"အဲဒါ ဘာလုပ်နေကြတာလဲ ငါ့မြေးကို့"

"ဒီပစ္စည်းတွေ ယူမလို့လေ"

"ဒါတွေက ဘုရားအတွက်ရည်စူးပြီး လှူထားတဲ့ပစ္စည်းတွေ



www.burmeseclassic.com

ကွယ့်၊ မဖြစ်မှားကောင်းဘူး"

"အဲဒါတွေ မသိဘူး၊ ကျုပ်တို့ကတော့ လိုချင်တာရှိရင် ယူရမှာပဲ"

ဖမုန်းထန်က လေသံမာမာဖြင့် ပြန်ပြောလိုက်သည်။

"ဘုရားအတွက် ရည်စူးထားတဲ့ပစ္စည်းတွေကို ဖြစ်မှားမိရင် အန္တရာယ်များတယ်ကွယ့်"

ထိုသို့ ပြောနေသော်လည်း သုံးယောက်သား ဂရုမစိုက်ဘဲ လိုချင်တာများကို အိတ်တစ်လုံးဖြင့် ထည့်ယူပြီးနောက် ဘုရားပေါ်မှ ပြန်ဆင်းခဲ့ကြလေတော့သည်။





## အခန်း (၆)

## နေသူရိန်ကျွန်းတာန်းသို့ ဒုတိယခြောက်ခရီး

တောနက်သောကြောင့် နေဝင်သွားသည်နှင့် တောထဲမှာ အမှောင်ရိပ်သမ်းလာလေတော့သည်။ ညဦးပိုင်း အစာရှာထွက်လာကြသော တောကောင်ကြီးများ၏ ဟိန်းသံ၊ ဟောက်သံများကို ကြားလာရတော့သည်။

သူတို့သည် တောထဲမှာ အမဲလိုက်ခြင်းအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများပီပီ အမှောင်ရိပ်သမ်းလာသောအချိန်မျိုးတွင် တောနက်ထဲမှာ ခရီးမသွားသင့်မှန်း သိကြသော်လည်း လက်ထဲမှာ လိုချင်သော ပစ္စည်းများ ရလာသောကြောင့် လှေဆိပ်သို့ ပြန်ရောက်



www.burmeseclassic.com

စေရန် အမှောင်ထဲမှာပင် မှန်း၍ လျှောက်နေကြလေသည်။

ထိုအခိုက်မှာပင် ရှေ့မလှမ်းမကမ်းဆီမှ ဝေါင်းခနဲ မာန်ဖီသံတစ်ချက်ကြားလိုက်ရသဖြင့် ဇမုန်းထန်က လက်နှိပ်မီးဖြင့် လှမ်းထိုးကြည့်လိုက်ရာ သူတို့ရှေ့ကိုက်အနည်းငယ်ကွာသော ချုံစပ်တွင် ဆောင့်ကြောင့်ထိုင်နေသော တောကောင်ကြီးကို လှမ်းမြင်လိုက်ရသည်။

"ဟင် ..."

ဇမုန်းထန်က မီးကို ချက်ချင်းပြန်ပိတ်လိုက်ပြီး ကရင်လေးကို လက်နှိပ်မီး လှမ်းပေးလိုက်သည်။

"ကရင်လေး၊ အဲဒီနေရာကို မီးနဲ့ထိုးပြစမ်း၊ ငါပစ်မယ်"

ဟု ပြောပြီး ဒူးလေးကို မောင်းဆွဲတင်၍ မြားတပ်ကာ ထိုနေရာသို့ အသင့်ချိန်သည်။

"မီးထိုးလိုက်တော့"

ကရင်လေးက စောစောက တောကောင်ကြီးရှိသော နေရာသို့ လက်နှိပ်မီးဖြင့် လှမ်းထိုးလိုက်သည်။

"ဟင် ..."

"ဟာ ..."

ထိုနေရာတွင် စောစောက ငုတ်တုတ်ထိုင်နေသော တောကောင်ကြီး မရှိတော့ပေ။ ပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံ၍ မီးဖြင့်ထိုးကြည့်သော်လည်း အစအနမျှပင် မတွေ့ရတော့သဖြင့် မကျေ





မနပ် ဖြစ်သွားကြသည်။

"စောစောက ဟင်းမျိုးကြီး ဘယ်ရောက်သွားပြီလဲ"

သုံးယောက်သား ဇဝေဇဝါဖြင့် တွေးရင်း ဆက်လျှောက်လာရာ ကိုက်အနည်းငယ်ကွာရုံရှိသေး ရှေ့နားမှ ကျားဟိန်းသံ ကြားရပြန်သဖြင့် ကြည့်ပြန်တော့ သူတို့သွားမည့်လမ်း၌ ဆောင့်ကြောင့်ထိုင်နေသော တောကောင်ကြီးကို တွေ့ရပြန်သဖြင့် ဒူးလေးနှင့်ပစ်ရန် ချိန်လိုက်သည်နှင့် နီရဲသောပါးစပ်ကြီးကို ဖြဲပြပြီး တစ်ဖက်ချုံထဲသို့ တိုးဝင်သွားပြန်သောကြောင့် မပစ်လိုက်ရပြန်ချေ။

တစ်ကြိမ်မှာတော့ စူးစူးဝါးဝါးအော်သံများ ကြားရပြီး သူတို့ရှိရာဘက်သို့ ဆင်းလာသော တောဆင်ရိုင်းအုပ်ကြီး၏အသံကို ကြားလိုက်ရသဖြင့် နောက်ကြောင်းသို့ ပြန်လှည့်ရန်ပြင်လိုက်ပြန်တော့ နောက်ဘက်မှလည်း ထိုကဲ့သို့သော ဆင်အော်သံများကို ကြားရပြန်လေသည်။

"ဘယ်လိုလုပ်မလဲ ဆရာသမား၊ ရှေ့မှာရော နောက်မှာပါ တောဆင်ရိုင်းအုပ်တွေ ပိတ်မိနေပြီ"

"ဒီကောင်ကြီးတွေ လှုန့်ရသွားရင် မလွယ်ဘူး၊ သစ်ပင်မြင့်မြင့်ပေါ် တက်နေမှဖြစ်တော့မယ်"

ဟု ပြောကာ အနီးအနားရှိ ကမ္ဗလာပင်ကြီးတစ်ပင်၏ ခွဆုံကြားထဲသို့ တက်နေကြရလေတော့သည်။



www.burmeseclassic.com

သူတို့သုံးယောက် သစ်ပင်ပေါ် ရောက်၍မှမကြာမီ ကမ္ဘာလာပင်ကြီးအောက်သို့ တောဆင်ရိုင်းအုပ်များ ရောက်လာကြလေတော့သည်။

ဆင်ရိုင်းအုပ်ကြီးမှာ သစ်ပင်အောက်ရောက်သည်နှင့် အိပ်သည့်အကောင်က အိပ်၊ ရပ်သည့်အကောင်က ရပ်နှင့် အေးအေးဆေးဆေး စတည်းချနေကြရာ သစ်ပင်ပေါ် ရောက်နေသော လူသုံးယောက်မှာ အောက်ပင် ပြင်းပြင်းမရှူဝံ့လောက်အောင် ကြောက်ဒူးတုန်နေကြလေတော့သည်။

ဆင်ရိုင်းများမှာ အနံ့ခံကောင်းလှသောကြောင့် အကယ်၍ သစ်ပင်ပေါ် ရောက်နေသော လူနံ့ကို ရသွားပါက အုပ်စုလိုက်သစ်ပင်ကို ဝိုင်းဖြိုလှဲလိုက်ပါက သူတို့အတွက် ဘယ်လိုမှ ပြေးပေါက်ရနိုင်မည်မဟုတ်ပေ။

ဆင်ရိုင်းများမှာ တစ်ညလုံး သစ်ပင်အောက်မှာပင် စတည်းချနေကြလေသည်။ ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာလေလေ နှင်းများက တဖြောက်ဖြောက်နှင့် ကျဆင်းလာလေသည်။ လဆုတ်လရောင်က မစို့မပို့လောက်သာရှိပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှာ နှင်းမှုံနှင်းစက်များကြောင့် ဝေဝေဝါးဝါးဖြစ်နေလေသည်။

သန်းခေါင်ယံအချိန်လောက် ရောက်သောအခါ တောနက်ထဲမှ လူသံသူသံလိုလို ကြားလာရသည်။ စကားပြောသံများလိုလို မသဲမကွဲကြားလာရသည်။





ဇမုန်းထန်တို့မှာ လွန်စွာ ကြောက်ရွံ့နေချိန်၌ လူသံများ ကြားလိုက်ရသောကြောင့် အနည်းငယ် အားရှိသွားကြလေသည်။ သို့သော် ထိုအသံများကိုသာ ကြားနေရသော်လည်း လူရိပ်လူခြည်ကိုတော့ လုံးလုံးမှပင် မတွေ့ရသေးပေ။ အတန်ကြာသောအခါ အော်သံများကို ကြားရလေတော့သည်။

"တို့ပစ္စည်းတွေ ပြန်လာပေးဟေ့ ...."

"တို့ပစ္စည်းတွေ ပြန်လာပို့ဟေ့ ...."

ဟူသော အသံများကို သဲသဲကွဲကွဲ ကြားရသောအခါ ပိုမိုကြောက်ရွံ့ကြလေသည်။

"တို့ပစ္စည်းတွေ ပြန်လာပို့ဟေ့"

"တို့ပစ္စည်းတွေ ပြန်လာပေးဟေ့"

ထိုအသံများ ကြားရသောအခါ သုံးယောက်သား မိမိတို့အိတ်ဖြင့် ထည့်ယူလာသော ပစ္စည်းများကို ယခုပင် ပြန်ပစ်ချရတော့မလိုဖြစ်နေကြသည်။ သို့သော် အောက်မှာ ဆင်ရိုင်းများရှိနေသောကြောင့် ဘယ်လိုမှ မလှုပ်သာအောင် ဖြစ်နေကြတော့သည်။

"ဆရာသမား၊ သူတို့ပစ္စည်းတွေ ပြန်လာတောင်းနေပြီ ဘယ်လိုလုပ်ကြမလဲ"

ကရင်လေးက ကတုန်ကယင်အသံဖြင့် တိုးတိုးကပ်မေးသည်။

"အခုနေ ဘယ်လိုလုပ်မလဲ၊ နောက်မှ အခြေအနေကြည့်လုပ်ကြ



www.burmeseclassic.com

ရုံ ရှိတာပေါ့"

"ဒါထက် ဒီဆင်ရိုင်းတွေက ဒီနေရာက ဘယ်တော့သွားကြမှာ လဲဟင်"

ထွန်းမောင်စကားကြောင့် ဇမုန်းထန် အတော့်ကို စိတ်တိုသွား လေသည်။

"ဘယ်အချိန်သွားမလဲဆိုတာ မင်းပဲ ဆင်းမေးကြည့်ပေတော့၊ စိတ်ညစ်ရတဲ့အထဲမှာ ..."

ဟု ဘုတောပစ်လိုက်သည်။

ဤသို့ဖြင့် ရှိနေကြရာ နံနက်ပိုင်းအရုဏ်တက်သောအချိန် ရောက်လာမှ တောနက်ထဲမှ ကြားနေရသော လူသံသူသံများ ပျောက်သွားပြီး တောဆင်ရိုင်းအုပ်ကြီးလည်း သစ်ပင်အောက်မှ ပြန် ထွက်သွားကြလေတော့သည်။

သို့တိုင်အောင် ဇမုန်းထန်တို့မှာ သစ်ပင်အောက်သို့ မဆင်းဝံ့ ကြသေးဘဲ အခြေအနေကို စောင့်ကြည့်ရသေးသည်။ စိတ်ချရသော အနေအထားရောက်သောအခါမှ သုံးယောက်သား သစ်ပင်ပေါ်မှ ဆင်းကြသည်။

"ဘယ်လိုလုပ်ကြမလဲ ဆရာသမား"

"ဘာကိုလဲ"

"ကျုပ်တို့ယူလာတဲ့ ပစ္စည်းတွေလေ၊ ယူသွားမှာလား၊ သူ့နေရာ





သူ ပြန်ထားမှာလား"

"ဒီအခြေအနေရောက်မှတော့ ပြန်မထားတော့ဘူးကွာ၊ ဖြစ်ချင် ရာဖြစ်ပစေ၊ ယူသွားတော့မယ်"

ဟု ပြောဆိုကာ ဘုရားမှယူလာသော ပစ္စည်းများကို ယူပြီး လှေဆိပ်ရောက်အောင် ဆင်းခဲ့ကြလေသည်။ လှေဆိပ်ရောက်ပြီး ရွာသို့ပြန်ခဲ့ကြသည်အထိတော့ နောက်ထပ် အနှောင့်အယှက်များ တွေ့ရတော့သဖြင့် စိတ်သက်သာရာတော့ ရသွားကြသည်။

သို့သော်လည်း ရွာပြန်ရောက်သောအခါမှ သုံးယောက်စလုံး ခံစားကြရလေတော့သည်။ ပစ္စည်းများကို ယူလာပြီး တစ်နေရာ ဝှက်ထားပြီးနောက်တစ်နေ့မှာ သုံးယောက်စလုံး မိတ်ဖုကဲ့သို့ ားယံသော အဖုကလေးများ ပေါ်လာပြီး ခွေးလှေးယားသီးနှင့် မိသလို မခံမရပ်နိုင်အောင် ယားယံလာတော့သည်။

ထိုအဖုကလေးများက ယားသဖြင့် ကုတ်ရင်းဖဲ့ရင်းနှင့်ပင် ဖြည်းဖြည်း အနာများဖြစ်လာပြီးနောက် ယားလွန်းသဖြင့် အော် စ်လူးလှိမ့်နေရတော့သည်။

"အမယ်လေး၊ ကယ်ကြပါဦး၊ ကူကြပါဦးဗျ၊ တစ်ကိုယ်လုံး ယား သေရပါတော့မယ်"

"လုပ်ကြပါဦးဗျ၊ မခံမရပ်နိုင်အောင် ယားလွန်းလို့ပါဗျ"

ထိုသို့ အော်ဟစ်နေသည်ကို မြင်သောရွာသားတစ်ယောက်က



www.burmeseclassic.com

ဆေးဆရာကြီး ဦးဗန်ကောင်းကို သွားခေါ်လာခဲ့သည်။

"အဲဒီလူ ၃ ယောက်တောထဲက ပြန်လာပြီး သိပ်မကြာဘူး အဲဒီ လိုဖြစ်နေတော့တာပါပဲ ဘေးကကြည့်ရတာ စိတ်မချမ်းသာလွန်းလို့ တဆိတ်လောက်ကြည့်နိုင်ရင် ကြည့်ပေးပါ ဆရာကြီးရယ်"

ဟု ရွာသားတစ်ယောက်ကပြောသဖြင့် ဦးဗန်ကောင်းက ဗမုန်း ထန်တို့ သုံးယောက်၏ အခြေအနေကို စစ်ဆေးကြည့်လေသည်။

အတန်ကြာသောအခါ ...၊

"မင်းတို့ တောထဲမှာ အမှားအယွင်းတစ်ခုခုလုပ်ခဲ့မိကြပြီနဲ့တူ တယ်"

ဟု အတပ်ပြောလေသည်။

ထိုအခါ ဗမုန်းထန်က ...၊

"ကျွန်တော်တို့ ဘာမှတော့ အမှားအယွင်းမလုပ်မိခဲ့ပါဘူး။ ဆ ရာကြီးရယ် ...."

ဦးဗန်ကောင်းကို ကွမ်းတမြုံ့မြုံ့ဝါးရင်းပြုံးနေသည်။

"ကျုပ်မောင်ရင်တို့ရဲ့ သွေးကို စမ်းကြည့်ပြီးပြီ ...ဓာတ်လေးပါ ညီညွတ်တဲ့ လက္ခဏာတွေ့ရတယ်။ ဒီရောဂါက အတွင်းက ဓာတ် တစ်ပါးပါးဖောက်ပြန်လို့ဖြစ်တာမဟုတ်လေတော့ အပြင်က အနှောင့် အယှက် တစ်ခုခုရှိတယ်ဆိုတာ သိနိုင်ပါတယ်။ ကျုပ်တို့ မြန်မာ ဆေးဆရာတွေကို ဓာတ်ကိုသိတော့ လောကဓာတ်ဆရာဝန်တွေ





းကြပ်ကိုရိယာတွေနဲ့ စမ်းနေဖို့တောင်မလိုဘူး"

ဟု အနိုင်အမာပြောလိုတော့မှ သုံးယောက်စလုံးငြိမ်ကျသွား လေတော့သည်။

"ဟုတ် ဟုတ်ပါတယ်"

"ဘာတွေမှားခဲ့ကြသလဲ ...."

"ကျိုက်ဒေးရဲ့ ဘုရားက ပစ္စည်းတွေယူလာမိပါကယ်"

"ဘုရားပစ္စည်းကျောင်းပစ္စည်းကိုသာ လှူတဲ့လူက စေတနာ းတန်ပြလို့ ေ ာက်ချပြီး လှူထားတာ မဟစ်မှားပောင်းဘူး။ အခု းယားနေရုံဆိုပေ ှ ်ကဆိုင်ရာပုဂ္ဂိုလ်တွေက သတိပေးနေတဲ့ ဆင့်ပဲရှိသေးတယ်။ ဒီထက်ဆိုးလာရင် အသက်အန္တရာယ်ပါ ဖြစ် ာနိုင်တယ်"

ဦးဗန်ကောင်းက သူအနေနှင့် ဆေးကုပေးရန်မလိုသော ရောဂါ းသိသဖြင့် ဆေးလွယ်အိတ်ကိုပင် ပြန်သိမ်းနေတော့သည်။

"ဒါ ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"ယူလာတဲ့ ပစ္စည်းတွေကို သူနေရာပြန်ရောက်အောင်ပြန်ပို့ လိုက်ပေါ့ကွာ"

ဟု ပြောဆိုကာ ပြန်သွားလေတော့သည်။

ထိုသို့ သိရသော်လည်း သူတို့သုံးယောက်ကတော့ ရေ နေသောကြောင့် ဘယ်လိုမှ နောက်တစ်ခေါက်တောလဲသို့



www.burmeseclassic.com

ပြန်မသွားနိုင်သောကြောင့် တစ်ယောက်ယောက်ကို အကူအညီ တောင်းကြရတော့သည်။

ထိုသို့တောင်းရာမှာလည်း နေသူရိန်ကုန်းတန်းဆိုလိုက်တာ နှင့် မသွားဝံ့သူများနေသောကြောင့် အခက်တွေ့ကြရပြန်သည်။

အချို့ကတော့လည်း သတ္တိရှိပြီး အကူအညီပေးချင်သော်လည်း နေသူရိန်ကုန်းတန်းဘက်သို့ သွားသောလမ်းခရီးကို မသွားတတ်သောကြောင့် အခက်တွေ့ကြရသည်။

ထိုသတင်းကိုကြားသော ဦးပန်းညိုက ...

"နီမောင် ... ဖမုန်းထန်တို့တွေတော့ မလုပ်သင့်တာတွေ လုပ်ခဲ့မိလို့ ဒုက္ခတွေ့နေကြပြီ"

ဟု မြေးဖြစ်သူကိုပြောသည်။

"သူတို့က ဘာတွေလုပ်ခဲ့လို့လဲ အဘ"

"ကျိုက်ဒေးရဲ့ ဘုရားက ပစ္စည်းတွေယူလာကြတယ်လို့တော့ ပြောသံကြားတယ်။ ဘာတွေလဲတော့မသိဘူး။ အခုတော့ သုံးယောက်စလုံး မခံနိုင်အောင် ယားနေကြပြီ၊ အခုဆိုရင် မစားနိုင် မသောက်နိုင်ဖြစ်ပြီး နေရာကတောင်မထနိုင်တော့ဘူး။ ကြာရင် သေဖို့ပဲရှိတယ်။"

"အဲဒါဆိုရင် ဘယ်လိုလုပ်ရမလဲ အဘ"

"ပစ္စည်းတွေပြန်ပို့မှရောဂါ သက်သာမှာကွ"

"အဲဖြင့်လည်း အဘရယ် ဒီပစ္စည်းတွေကို သူနေရာသို့ပြန်ထား





လိုက်ရင်ပြီးတဲ့ ဥစ္စာ"

"မင်းပြောတော့အလွယ်သား သူတို့က တောထဲပြန်ပို့ပေးဖို့နေသာသာ နေရာကတောင် မထနိုင်ပါဘူးဆိုမှပဲ"

"အဲဒါဆိုရင်လဲ တစ်ယောက်ယောက်ကို လွှတ်ပြီးပြန်ပို့ခိုင်းရင် မဖြစ်ဘူးလား"

"အဲဒီလိုလွှတ်ဖို့ကို ဘယ်သူမှမသွားဝံ့လို့ခက်နေတာပေါ့ ... နောက်ပြီး ဘုရားပေါ်က ယူလာတဲ့ ပစ္စည်းတွေကိုကြောက်ကြောက်လန့်လန့်နဲ့ တောထဲမှာ ချထားခဲ့လို့လည်းမဖြစ်သေးဘူး။ ... ဒါမှ ပိုဆိုးမှာ သူတို့ယူလာတဲ့ပစ္စည်းတွေကို မူလနေရာရောက်အောင် ... ထားမှကိုဖြစ်မှာ ...."

"အဲဒါဖြင့် ဘယ်လိုလုပ်ရမလဲ ..."

"ဒီဘုရားကိုရောက်ဖူးပြီး ဒီတောလမ်းကိုသိတဲ့လူက မင်းပဲရှိ... သူတို့ကို ကူညီတဲ့အနေနဲ့ မင်းသွားပို့ပေးလိုက်ပေါ့ ငါ့မြေးရယ်"

ဟု ဦးပန်းညိုက ပြောလေသည်။

ထိုစကားကြားသောအခါ နီမောင်မှာအတန်ကြာအောင်စဉ်းစား... နေလေသည်။

"မင်းတစ်ယောက်တည်းမသွားချင်ရင် စောထီးနဲ့ ငမဲအောင်ကို ... အဖော်ခေါ်သွားလိုက်ပေါ့ကွယ်။ လူတဘက်သားဒုက္ခရောက်... နေတဲ့အချိန်ဆိုတာ ကူညီသင့်ပါတယ် ငါ့မြေးရယ်"



www.burmeseclassic.com

"အဘက သွားပို့ဆိုရင်လည်း ကျွန်တော်သွားပို့ပေးလိုက်ပါ့မယ်"

"သာဓုကွယ် သာဓု သာဓု ..."

ထို့နောက် ....

နီမောင်သည် ၎င်း၏ သူငယ်ချင်းနှစ်ယောက်ဖြစ်သော စောထီးနှင့် ငမဲအောင်တို့ကို အဖော်ခေါ်ကာ ဓမုန်းထန်တို့ဆီမှ ပစ္စည်းထည့်ထားသော လွယ်အိတ်ကိုယူပြီး ကျိုက်ဒေးရုံ စေတီတော်ရှိရာသို့ ခရီးထွက်ခဲ့လေတော့သည်။ ဘည်တစ်ခါမှာတော့ ...၊

သူ့ဘဝအတွင် ထူးဆန်းအံ့ဩဖွယ်ရာများနှင့် ထပ်မံကြုံတွေ့ရမည်ကို ထိုအချိန်က ကြိုတင်မသိခဲ့ရပါပေ ...။

✱✱✱✱





## အခန်း (၇)

## ပဖောဠှိဆန်သော မိန်းကလေး

ဒါပေမယ့် နေသူရိန်ကုန်းတန်းသို့ ဒုတိယမြောက်သွားရသော ခရီးသည် သူတို့အတွက် ချောချောမွေ့မွေ့တော့ မဟုတ်ခဲ့ပါချေ။

စောထီးနှင့် ငမဲအောင်ဆိုတာ နီမောင်အတွက် သူငယ်ချင်းဆိုလည်းဟုတ်၊ အဖော်ကောင်းများဆိုရင်လည်း မမှားပေ။

နီမောင်နှင့်သာသွားရမည်ဆိုလို့ကတော့ ဘယ်လိုခရီးပဲသွားရသွားရ၊ ဘယ်လိုသတ္တဝါမျိုးနဲ့ပဲရင်ဆိုင်တိုက်ခိုက်ရ၊ တိုက်ခိုက်ရ မမှုကြသူများဖြစ်သည်။

www.burmeseclassic.com

"နီမောင် နေသူရိန်ကုန်းတန်းဘက်က ဒီလောက်နာမည်ကြီး
တာတောင်မှ တို့တစ်တွေမရောက်ဖြစ်ကြသေးဘူး" ဟု ငမဲအော
ကပြောသည်။

"ဟုတ်တယ် ကျိုက်ဒေးရဲ့ ဘုရားဆိုတာ သတင်းသာကြား
တယ်။ တစ်ခါမှ မဖူးဘူးသေးဘူး၊ မင်းရောရောက်ဖူးပြီလားနီမောင်"

"တန်ဆောင်မုန်းလပြည့်နေကတော့ အဘနဲ့ လိုက်သွားလို့တ
ခေါက်ရောက်ဖူးတယ်"

"အဲဒီနေရာက အတော်ကြမ်းတယ်လို့ သတင်းကြားရတယ်
မင်းဘာတွေ တွေ့ခဲ့သလဲနီမောင် ...."

"တွေ့ခဲ့တာတွေကတော့ အစုံပဲ သစ်တော်ကောင်းကောင်
တွေလဲတွေ့ခဲ့တယ်။ သီးပင်စားပင်တွေလည်းတွေ့ရတယ်။ နော
ပြီး တောကောင်တွေလဲ အများကြီးတွေ့ခဲ့ရတယ်။"

"အဲဒါတွေကို မေးတာမဟုတ်ဘူးဟ တောထဲဆိုမှတော့ သ
ပင်နဲ့ တောကောင်တွေ တွေ့တာ အဆန်းလား။ ငါမေးတာက ထူ
ထူးဆန်းဆန်းတွေ ဘာတွေ့ခဲ့သလဲလို့မေးတာ"

စောထီးက စိတ်မရှည်သလို ပြောလိုက်သည်။

"အေးတွေ့တော့တွေ့ခဲ့တယ်၊ တို့မြေးအဘိုးက ဂမုန်းနဲ့ပ
သက်တာတွေ သွားရှာတာဆိုတော့ ဂမုန်းတွေပဲရခဲ့တယ်။ တခြ
တော့ ထူးထူးဆန်းဆန်းသိပ်မတွေ့ခဲ့ရပါဘူး"





နီမောင်က သူတို့မြေးအဘိုးဂူကြီးတစ်ဂူထဲရောက်သွားပြီး ဂမုန်း
ပင်များရလာသည့်အကြောင်းကိုမပြောတော့ပေ ...။

"ဟိုလေကွာ တို့မေးတာက တောထဲမှာ တစ္ဆေသရဲတွေ ကျတ်
တွေဘာတွေနဲ့ မတွေ့ခဲ့ဘူးလားလို့မေးတာ"

"အဲဒါတွေတော့ မတွေ့ခဲ့ပါဘူး"

ထိုသို့ပြောရင်း သုံးယောက်သား ခရီးဆက်ခဲ့ကြရာ ညနေပိုင်း
အချိန်လောက်တွင် နေသူရိန်ကုန်းတန်းအတွင်းပိုင်းနေရာသို့ ရောက်
လာကြသည်။

သူတို့သည် ချောင်းထဲမှလျှောက်လာကြသည် မဟုတ်ပဲ တော
ထဲမှ ဖြတ်လမ်းများကို အသုံးပြု၍ လာကြရာ နီမောင်နှင့် ဦးပန်း
ညိုတို့ ပထမတစ်ခေါက်လာစဉ်က လမ်းများကိုမတွေ့နိုင်ဘဲရှိ
နေတော့သည်။ ကျိုက်ဒေးရဲ့ ဘုရားဆီမီး ဆွဲလဲသံကိုပင် မကြား
ရသေးပဲနှင့် တောထဲမှာ မှောင်ရိပ်သမ်းစပြုလာလေပြီ။

သို့ကြောင့် ....

သုံးယောက်သား မိမိတို့ ယူဆောင်လာသော အစားအ
သောက်များကိုစားသောက်ကြပြီး ကမ္ဘလာပင်ကြီးတစ်ပင် ရှိဆုံပေါ်
သို့တက်နေကြတော့သည်။

ထိုရက်က လဆုတ်ရက်ဖြစ်သောကြောင့် လရောင်မရှိပေ။

သို့ကြောင့် တောထဲမှာ သစ်ရိပ်များကြောင့် အမှောင်ရိပ်များ



www.burmeseclassic.com

ဖုံးလွှမ်းနေလေတော့သည်။

ညဥ့်နက်ပိုင်းရောက်တော့ ကြယ်ရောင်များရှိသဖြင့် အလင်း ရောင်ပိုးတဝါးရလာသည်။

ဆောင်းဝင်လာပြီဖြစ်သောကြောင့် ညဥ့်နက်ပိုင်းရောက်လာ လေ နှင်းများကကျလာပြီး အအေးဓာတ်ကများလာလေဖြစ် တစ် ချက်တစ်ချက်လေတိုးလိုက်တိုင်း နှင်းစက်နှင်းပေါက်များအောက် ပြုတ်ကျလာသံကိုကြားရလေသည်။

နီမောင်တို့သုံးယောက်သည် သစ်ပင်ခွဆုံပေါ်ရောက်သည်နှင့် အောက်သို့ ပြုတ်မကျစေရန် ပုဆိုးများနှင့် ကွင်းသိုင်း၍ ပတ်ချည် ကာ ခပ်အေးအေးနှင့် တရေးတမောမှေးကြလေသည်။

ထိုသို့ မှေးနေစဉ်မှာပင် နီမောင်နားထဲမှာ ခေါ်သံလိုလိုကြား လိုက်မိလေသည်။

"အစ်ကိုရေ အစ်ကို ..."

"ဟင် ..."

ထိုအသံကြောင့် နီမောင်မျက်လုံးဖွင့်ကြည့်လိုက်သည်။ ငမဲ အောင်နှင့် စောထီးတို့ကို ကြည့်လိုက်ပြန်တော့ တခူးခူးတခေါခေါနှင့် အိပ်ပျော်နေကြသည်ကိုတွေ့ရလေသည်။

"အစ်ကိုရေ ...အစ်ကို"

"ဒီအသံမျိုး ငါကြားဘူးသလိုပဲ"





ထိုသို့ စဉ်းစားနေစဉ်မှာပင် တောထဲမှာ မီးရောင်လိုလိုအရင်မြင် လိုက်ရပြီးနောက် အမျိုးသမီး သုံးယောက်ထွက်လာလေသည်။

"ဟင် ..."

နီမောင် စိတ်ထဲမှာ အံ့သြသွားလေသည်။

"ဒီအချိန်ကြီးမှာ ဘယ်က မိန်းကလေးတွေများတောထဲမှာ လျှောက်သွားနေတာပါလိမ့်"

ဟု စဉ်းစားနေစဉ်မှာ မိန်းကလေး သုံးယောက်က သူတို့ရှိနေ သော သစ်ပင်အောက်သို့ရောက်လာလေသည်။

နီမောင်က အဖော်နှစ်ယောက်ကို ကြည့်လိုက်တော့ နှစ် ယောက်စလုံး အိပ်မောကျနေကြသည်။

ပထမတော့ ခြေထောက်နှင့် လှမ်းကန်နှိုးလိုက်မည်ဟု စိတ်ကူး မိသော်လည်း နိုးလာမှ ဗူးဗူးဝါးဝါးလုပ်နေမှာစိုးသဖြင့် မနှိုးပဲ ထားလိုက်သည်။

သစ်ပင်အောက်ရောက်လာသော မိန်းကလေး သုံးယောက်တွင် တစ်ယောက်၏ လက်ထဲမှာ ရှေးခေတ်သုံး မီးအိမ်တစ်လုံးကိုင်လာပြီး ထိုမီးအိမ်မှာအလင်းရောင်ကြောင့် သူတို့သုံးယောက်၏ မျက်နှာများ ကိုလည်း သဲသဲကွဲကွဲမြင်ရလေသည်။

ထိုမိန်းကလေး သုံးယောက်ထဲမှ တစ်ယောက်၏ မျက်နှာကို တစ်နေရာမှာ မြင်ဘူးသည်ဟုထင်နေမိသည်။

ဘယ်နေရာမှာ တွေ့ဘူးသည်ကိုတော့ သူမမှတ်မိပေ။



www.burmeseclassic.com

"အစ်ကို ကျွန်မကိုမှတ်မိလား"

ထိုမိန်းကလေးက လှမ်းမေးသည်။

နီမောင်က ဘာမှ ပြန်မပြောပေ ...။

သူ့စိတ်ထဲမှာ ထိုမိန်းကလေး ၃ ယောက်ကို လူကောင်းသူကောင်းတွေမဖြစ်နိုင်ပဲ ကြွက်ကုန်းမှ ဝိညာဉ်၊ ဒါမှမဟုတ်တောထဲမှ နာနာဘာဝတွေက အယောင်ဆောင်လာသည်ဟုသာထင်နေမိသည်။

အကယ်၍ တောထဲတောင်ထဲတွင် ညအချိန်မတော် ကြွက်တွေနှင့် တွေ့လို့စကားပြန်ပြောမိလျှင် ဒုက္ခရောက်တတ်ကြောင်းကို သိထားပြီး ဖြစ်သောကြောင့် ယခုကဲ့သို့ စကားပြန်မပြောပဲ နှုတ်ပိတ်နေခြင်းဖြစ်၏။

"အစ်ကို ကျွန်မတို့ကို မမှတ်မိဘူးနဲ့တူတယ်။ အစ်ကိုအရင်တစ်ခေါက်တောထဲလာတုန်းကတောင် ကျွန်မတို့လာပြီးရွာကို အလယ်လိုက်ဖို့ လာခေါ်ဖူးသေးတာ မမှတ်မိဘူးလား"

ထိုစကားကြားတော့မှ နည်းနည်းတော့ မှတ်မိသလိုရှိလာသည်။

"ကျွန်မနာမည်က ခွေ့ဘာလို့ခေါ်တယ်။ ကျွန်မတို့နေတဲ့ရွာက "ခွေ့ဘာတော" လို့ခေါ်တယ်။ ကျွန်မတို့အရင်တစ်ခေါက်လာတုန်း က အစ်ကိုပဲနောက်တစ်ခေါက် လမ်းကြုံရင် ဝင်ခဲ့မယ်လို့ ကတိပေးထားခဲ့ပြီးတော့ ဒါကြောင့် အနုလာခေါ်တာ ..."

ဟုပြောပြတော့မှ နီမောင်မှတ်မိသွားတော့သည်။





ယခု သစ်ပင်အောက်တွင် ရောက်နေသော မိန်းကလေးမှာ တစ်ခါက အိပ်မက်ထဲတွင်တွေ့ခဲ့ရသော မိန်းကလေးဖြစ်မှန်း ကောင်းစွာမှတ်မိလေတော့သည်။

သို့ကြောင့် ....

စိတ်ထဲမှာ ဝမ်းသာအားရဖြစ်ကာ တစ်စုံတစ်ခုပြောလိုက်ဖို့ စိတ်ကူးလိုက်မိသေးသည်။

သို့သော်လည်း ကြောက်ရွံ့နေသောကြောင့် ဘာတစ်ခွန်းမှ ပြန်မပြောမိအောင် စိတ်ထိန်းထားလေသည်။

"အစ်ကိုကြည့်ရတာကျွန်မကို မယုံဘူးနဲ့တူတယ် ဒီလိုဆိုရင်လည်း မနက်လင်းတော့မှပဲ အစ်ကို့ကို ကျွန်မတို့ဆီရောက်အောင် လာခေါ်ပါတော့မယ် .."

ဟု ပြောကာ မိန်းကလေးက ၎င်းခေါင်းပေါ်တွင် ပန်လာသော ခွေ့ဘာပန်းခက်ကလေးကို ပြုတ်၍ပစ်ကိုင်းတစ်ခုပေါ်တွင်တင်ထားခဲ့ပြီး တောထဲသို့ ပြန်ဝင်သွားလေတော့သည်။ ထိုအခါမှ နီမောင်လည်း သက်ပြင်းချနိုင်ပြီး အသက်ဝဝရှူနိုင်လေတော့သည်။

နီမောင်မှာ တစ်ယောက်တည်း အတွေးကောင်းနေပြီး အတော်ညဉ့်နက်ပိုင်းရောက်မှ အိပ်ပျော်သွားရာ နောက်တစ်နေ့မနက်မိုးလင်းရောက်မှ စာသီးနဲ့ ငမဲအောင်တို့က နှိုးတော့မှ အိပ်ပျော်ရာမှနိုးလာတော့သည်။

"အိပ်လှချည်လားကွ"

"ဒါ ညက အတော်ညဥ့်နက်မှ အိပ်ပျော်သွားလို့ အစုမှ နိုးတာပါ"

"ဘာဖြစ်လို့ ညဥ့်နက်မှအိပ်တာလဲ"

"မင်းတို့မသိလိုက်ဘူးလား။ ညက မိန်းကလေး ၃ ယောက်ဒီ သစ်ပင်အောက်ရောက်လာတာ မင်းတို့ မသိလိုက်ဘူးလားဟု မေး သောအခါ နှစ်ယောက်သား သဘောကျစွာဖြင့် ရယ်နေကြလေသည်။

"မင်းကလဲကွာ ...တောထဲတောင်ထဲမှာ သွားလာနေတာနှစ် ပေါင်းကို မနည်းလှတော့ဘူး။ ဒီလိုကိစ္စမျိုးတွေတွေ့တာဆန်းသလား ကွာ၊ ကြွက်ကုန်းကလာတဲ့ ကြွက်မလေးတွေအတော်မှ ချောရဲ့လား"

ဟု စောထီးကမေးသည်။

"ဒါထင်တာတော့ သူတို့တစ်တွေဟာ ရွာတစ်ရွာကလာကြတဲ့ သူတွေများဖြစ်မလားလို့တောင်ထင်နေမိတယ် ..."

"ဒီအဖွဲ့မှာ မင်းကခေါင်းဆောင် မင်းကဇဝေဇဝါဖြစ်နေရင်တို့ က ဘယ်လိုလိုက်ရမှာလဲ ဒီအချိန်မျိုးမှာ တောနက်ထဲကို လှကောင်း သူကောင်းတွေလျှောက်သွားနေတယ်လို့ ဘယ်တုန်းက မင်းကြား ဖူးလို့လဲ"

ဟု ငမဲအောင်ကပါ ဝင်ပြောတော့မှ နီမောင်မှာ ဘာမှ ပြန်မ ပြောတော့ဘဲ သစ်ပင်ပေါ်မှ ဆင်းခဲ့လေသည်။ ထို့နောက် သူတို့သည် ကျိုက်ဒေးယျုံဘုရားရှိရာသို့ မှန်းပြီး ခရီးဆက်ကြလေသည်။





တစ်နေရာသို့ ရောက်သောအခါ တောနက်အတွင်းမှ စူးစူးဝါး ဝါး အော်သံတစ်ချက် ကြားလိုက်ရသည်။

"ကယ်ကြပါရှင်၊ ကယ်ကြပါ"

"ဟင် ..."

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့် ကာ ဇဝေဇဝါ ဖြစ်သွားကြသည်။

"ကယ်တော်မူကြပါရှင်"

အသံ မနီးမဝေးဆီမှ ထပ်၍ ကြားရပြန်သည်။ သည်တစ်ကြိမ် တော့ အသေအချာကြားလိုက်ရသောကြောင့် မိမိတို့ နားကြားလွဲ စရာအကြောင်းမရှိတော့ပေ။

"တစ်ယောက်ယောက်တော့ ဒုက္ခတွေ့နေပြီထင်တယ်"

"ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

"တို့သုံးယောက် သွားကူမှဖြစ်မယ် ထင်တယ်၊ ဒီလိုလုပ်ကြရ အောင်၊ သုံးယောက် တစ်ပြိုင်နက်တည်း တစ်နေရာတည်းသွားရင် အန္တရာယ်နဲ့တွေ့တဲ့အခါ အခက်အခဲတွေ့နိုင်တယ်၊ ဒီတော့ တို့ သုံး ယောက် အန္တရာယ်နဲ့တွေ့ရင် တစ်ယောက်နဲ့တစ်ယောက် ကူနိုင် အောင် တစ်နေရာစီခွဲသွားရင် မကောင်းဘူးလား"

"အေး ...ဒီအကြံကောင်းတယ်"

"တို့သုံးယောက် အဲဒီအသံကြားတဲ့နေရာမှာပဲ ပြန်ဆုံကြမယ်"



www.burmeseclassic.com

ဟု ပြောဆိုတိုင်ပင်ပြီး လက်နက်များကို အဆင်သင့်ကိုင်ဆောင်၍ အော်သံကြားရာဘက်သို့ ထွက်ခဲ့ကြလေတော့သည်။

နီမောင်စိတ်ထဲမှာတော့ ထိုအော်သံသည် ညက သစ်ပင်အောက်သို့ လာသွားသော မိန်းကလေး၏အော်သံဟဲ့ ထင်နေမိသည်။ အော်သံကြားရသောနေရာလောက်ဟု ထင်ရသောနေရာဆီမှ ကျားတစ်ကောင်၏ မာန်ဖီသံကို ကြားလိုက်ရသည်။

"ဝေါင်း ... ဝေါင်း ..."

"ဟင် ..."

နီမောင် စိတ်ပူသွားသောကြောင့် လက်ထဲမှ လေးနှင့်မြားကို အဆင်သင့်ကိုင်ဆောင်ပြီးနောက် ထိုနေရာဆီသို့ အပြေးအလွှား တက်သွားလေသည်။

ထိုနေရာသို့ရောက်သောအခါ မြင်ကွင်းက မကောင်းလှပေ။ တောင်ကုန်းတစ်ခု၏ ဆင်ခြေလျှောနေရာလောက်တွင် လဲနေသော မိန်းကလေးတစ်ယောက်ကို မြင်ရပြီး မလှမ်းမကမ်းနေရာမှာတော့ မိန်းကလေးကို ခုန်အုပ်ရန် ပြင်နေသော တောကောင်ကြီးကို တွေ့ရလေသည်။

နီမောင်အတွက် ထွေထွေထူးထူး စဉ်းစားရန် အချိန်မရှိတော့ပေ။ လေးတွင် မြားတပ်ပြီး တောကောင်ကြီးကို ပစ်သည်။

"ဝှစ် ..."





"ဝေါင်း ..."

မိမိထံမှ မြားဖြတ်သံနှင့်တစ်ဆက်တည်းမှာပင် တောကောင်ကြီးက ဝေါင်းခနဲ တစ်ချက်မာန်ဖီ၍ နောက်သို့ လှန့်ထွက်သွားလေတော့သည်။

အတော်တော့ ထူးဆန်းလှသည်။ လူနှင့် တစ်ယောက်ချင်းတွေ့ရုံနှင့် ယခုကဲ့သို့ ရှောင်သွားသော တောကောင်မျိုးဆိုတာ ရှားလှသည်။ အချို့ အစာမာန်တက်နေသော တောကောင်မျိုးဆိုလျှင် လူနှစ်ယောက် သုံးယောက် တွေ့တာတောင်မှ အသေအကြေ ဝင်ရောက်တိုက်ခိုက်ပြီး အစာကို မရရအောင် ဝင်ရောက်ဆွဲလေ့ရှိကြသည်။ သို့သော်လည်း ကြာရှည်စဉ်းစားမနေဘဲ လဲကျနေသော မိန်းကလေးရှိရာသို့ အပြေးအလွှား တက်သွားလေသည်။

ကြောက်လွန်းလို့ ဖြစ်မည်။ မိန်းကလေးမှာ လဲနေရင်းမှ သတိမရတစ်ချက်၊ ရတစ်ချက် ဖြစ်နေလေသည်။ နီမောင် အခြေအနေကို ကြည့်ပြီး မိန်းကလေးကို ပွေ့ယူလိုက်သည်။

"ဟင် ..."

ထိုမိန်းကလေး၏ မျက်နှာကိုမြင်တော့ နီမောင် အတော့်ကို အံ့သြသွားမိလေသည်။ အဘယ့်ကြောင့်ဆိုသော် မိန်းကလေးမှာ အခြားသူမဟုတ်ပေ။ ညက သူ့ဆီသို့ ရောက်လာသော မိန်းကလေး သုံးယောက်ထဲမှ သူနှင့်စကားပြောသွားသော မိန်းကလေးပင် ဖြစ်၏။



www.burmeseclassic.com

"ဒီမှာ ... ဒီမှာ ..."

သူ့အသံကြောင့် အနည်းငယ် လူးလွန့်လာသည်။

"ဒီမှာ၊ မင်း ဘာဖြစ်သွားသေးလဲ၊ သတိရလာပြီလားဟင်"

ခဏကြာတော့ မျက်စိပွင့်လာသည်။

"မင်း သတိရပြီလား"

မိန်းကလေးက ခေါင်းညိတ်ပြရင်း ...

"ကျွန်မကို အခုလို ကယ်ပေးတာ ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

တိုးတိုးပြောလေသည်။

"မင်း ဘာဖြစ်သွားသေးလဲ"

"ပြေးရင်းနဲ့ ခြေခေါက်လဲသွားတာ၊ ခြေထောက်တစ်ဖက် မ ထောက်နိုင်တော့ဘူး၊ အား ...နာလိုက်တာရှင်"

"ဒီလိုဆိုရင် မင်းကို ဘယ်လိုက်ပို့ပေးရမလဲ၊ ကျုပ် လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ကျွန်မက ခတ္တာဘောမှာ နေပါတယ်၊ အစ်ကိုနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ရတာ ကျွန်မ အဖို့တော့ ကံကောင်းတာပါပဲ"

"ဒါထက် မင်းရဲ့ အဖော်တွေကရော"

"သူတို့နဲ့ လူစုကွဲသွားကြတာ ဘယ်ရောက်ကုန်မှန်းတောင် မသိတော့ပါဘူး"

"ဒါထက် မင်းတို့ရွာက အတော်ဝေးသလားဟင်"





"မဝေးပါဘူး အစ်ကိုရဲ့၊ ဒီကုန်းတန်းအလွန်ကလေးမှာပဲ ရှိတာ ပါ ကျွန်မတို့ရွာက ကျိုက်ဒေးယျုံဘုရားနဲ့ သိပ်မဝေးလှပါဘူး"

ထိုစကားကြားတော့မှ မိမိကျောတွင်လွယ်ထားသော အိတ်ထဲ တွင် ပါလာသော ကျိုက်ဒေးယျုံဘုရားသို့ ပြန်ပို့ပေးရန် ယူလာသော ပစ္စည်းများကို သတိရလေတော့သည်။

မိန်းကလေးကို ပြန်ပို့ပေးပြီးမှပဲ သွားပို့တော့မည်ဟု စိတ်ကူး လိုက်မိလေသည်။

"မင်းခြေထောက် မထောက်နိုင်ရင် ရွာရောက်အောင် ကျုပ် လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

ထိုသို့ပြောဆိုပြီး ခြေထောက်တစ်ဖက် မထောက်နိုင်သော ခတ္တာဆိုသော မိန်းကလေးကိုတွဲပြီး ပို့ပေးရန်ပြင်ရင်း မိမိအဖော်နှစ် ယောက်ကို လှမ်းအော်၍ အချက်ပေးလိုက်သည်။

"အူ ...ဝူ ...ဝူ ..."

"အူ ...ဝူ ...ဝူ ..."

သူ့ဆီက အသံသာ တောထဲမှာ ပဲ့တင်ထပ်သွားသော်လည်း တစ်ဖက်မှ တုံ့ပြန်သံကိုတော့ မကြားရပေ။

"အူ ...ဝူ ... ဝူ ..."

ထပ်အူကြည့်တော့လည်း အခြေအနေက မထူးပေ။



www.burmeseclassic.com

"ဒီကောင်တွေ ဘယ်ဘက်ကို ရောက်သွားပြီလဲ"

စောထီးနှင့်ငမဲခေါင်အတွက် နည်းနည်းတော့ စိတ်ပူသွား
လေသည်။

"အစ်ကိုသူငယ်ချင်းနှစ်ယောက် ခရီးလွန်နေကြတယ်ထ
တယ်၊ မကြာခင်တော့ အစ်ကိုနဲ့ ပြန်တွေ့ကြမှာပါ"

ဟုပြောသဖြင့် နီမောင်မှာ အံ့သြသွားလေသည်။

ဤသို့ဖြင့် ခေါ် သံ၊ အူသံ မကြားရဘဲရှိနေသောကြောင့် ဒဏ်
ရနေသော မိန်းကလေးကိုသာ ရွာသို့ရောက်အောင် လိုက်ပို့ပေး
ဆုံးဖြတ်လိုက်သည်။

"ကဲ ...သွားကြစို့"

နီမောင်က ခြေထောက်တစ်ဖက်နာနေသော မိန်းကလေး
တစ်ဖက်မှ တွဲပြီး လိုက်ပို့လေသည်။ မိန်းကလေးက သူ့လက်မော
တစ်ဖက်ကိုတွဲပြီး လိုက်လာရာ သူ့မထံမှ သင်းပျံ့သော ပန်းရနံ့အ
ရလေသည်။

ထို့ထက် မိန်းကလေးများနှင့် နီးနီးကပ်ကပ် မနေဖူးသေ
နီမောင်အဖို့လည်း ခဏ္ဍာ ဆိုသော မိန်းကလေးနှင့် ယခုလို ပူ
ကပ်ကပ်နေရသောအခါ ရင်ထဲမှာ ကတုန်ကယင် ဖြစ်နေမိသည်

"ဒါထက် မင်းနာမည်က ခဏ္ဍာနော်"

"ဟုတ်ပါတယ်"





"မင်း အဖော်တွေက ဘယ်ရောက်လို့ မင်းက တစ်ယောက်
တည်းဖြစ်နေရတာလဲ"

"သူတို့နဲ့ လမ်းကွဲသွားလို့ လိုက်ရှာရင်း ကျားနဲ့တွေ့တာပါ။
အစ်ကိုရောက်လာလို့သာပေါ့"

"ဒါထက် မင်းတို့က တောထဲမှာ ဘာလာလုပ်နေကြတာလဲ"

"ဘုရားပန်းလှူဖို့ သစ်ခွပန်းတွေ လိုက်ရှာရင်းနဲ့ ရောက်နေကြ
တာပါ"

"ဒါထက် မေးပါရစေဦး၊ ညတုန်းက မင်းတို့တွေ တို့ရှိတဲ့
သစ်ပင်အောက်ကို ရောက်လာကြသေးတယ်မဟုတ်လား၊ ညကြီး
အချိန်မတော် ဘာလုပ်ကြတာလဲ"

"ကျွန်မတို့က ကိုယ့်အရပ် ကိုယ့်ဒေသဆိုတော့ ညအချိန်
မတော်လဲ သွားချင်သွားနေကြတာပါပဲ၊ တောထဲမှာက မြို့ရွာတွေ
မှာထက် အန္တရာယ်ကင်းပါတယ်၊ ကိုယ့်ကို ဘယ်သူကမှ အန္တရာယ်
မပေးကြပါဘူး"

"ဒါပေမယ့် သားရဲတိရစ္ဆာန်တွေရဲ့ရန်က ရှိသေးတယ်မဟုတ်
လား၊ အခုပဲ မင်း ကျားနဲ့တွေ့ပြီး ကံကောင်းလို့မသေတယ်"

"ဒါက တစ်ခါတစ်ရံကြုံရတာပါ"

မိန်းကလေးက တောကောင်နှင့် တွေ့ရသည်ကိုပင် အရေး
မကြီးသော အမူအရာဖြင့် ပြောနေရာ နီမောင်မှာ စိတ်ထဲမှ အံ့သြ



www.burmeseclassic.com

မိလေသည်။

အတန်ကြာသောအခါ တျိုက်ဒေးယျ်ဘုရားရှိရာသို့ ရောက်လာလေတော့သည်။ ထိုအခါ နီမောင်က မိမိကျောပိုးအိတ်ထဲမှာ ထည့်ထားသော ပစ္စည်းများကို သတိရသဖြင့် ...

"မင်း ဒီသစ်ပင်ရိပ်မှာ ခဏလေးစောင့်နေပါ။ ကျုပ် ဘုရားဆီကို ခဏလေး သွားလိုက်ဦးမယ်၊ ဒီမှာ ပစ္စည်းလေးတွေ ပြန်ပို့ပေးစရာရှိလို့ပါ"

ဟုပြောကာ မိန်းကလေးကို သစ်ပင်ရိပ်တစ်ခုအောက်တွင်ထားခဲ့ပြီး ဘုရားရှိရာသို့ ဆင်းလာခဲ့သည်။ ဘုရားဆီသို့ရောက်သောအခါ ဗမုန်းထန်တို့ဆီမှ ယူလာသော ပန်းအိုးနှင့်ရေခွက်တို့ကို ဘုရားပေါ် ပြန်တင်ပေးလိုက်ပြီး ဘုရားဝတ်ပြုနေစဉ် တစ်နေရာမှ အဘိုးအိုတစ်ဦး ထွက်လာလေသည်။

အဘိုးအိုကိုမြင်တော့ နီမောင် အံ့သြသွားလေသည်။ အဘိုးအိုက သူ့ကို ပြုံးပြသည်။ ထိုအဘိုးအိုမှာ တစ်ကြိမ်က ဘုရားပေါ်မှာ တွေ့ခဲ့သော အဘိုးအိုဖြစ်ပြီး သူတို့ကို ငှက်ပျောသီးနှစ်လုံးကျွေးကာ ဂမုန်းများရှိသော ဝှရှိရာသို့ ညွှန်ပြပေးခဲ့သူဖြစ်သည်။

"ပစ္စည်းတွေ ပြန်လာပို့ပေးတာလား ငါ့မြေး"

"ဟုတ်ပါတယ် အဘ၊ တခြားသူတွေ ယူသွားတာကို ကျွန်တော် ပြန်လာပြီး ပို့ပေးတာပါ"





"ဘုရားအတွက် ဆောင်ရွက်ပေးတာဆိုတော့ ကုသိုလ်ရတာပေါ့ကွယ်"

နီမောင်က အဘိုးအိုကို ကန်တော့လိုက်သည်။

"ငါ့မြေး ကျန်းမာချမ်းသာလို့ ဘေးဥပါဒ်အန္တရာယ် ကင်းပါစေ"

ဟု ဆုပေးကာ ထွက်သွားလေတော့သည်။ ပြီးသည်နှင့် တာဝန်တစ်ခုဆောင်ရွက်ပြီးသည့်ပမာ စိတ်ထဲမှာ ပေါ့ပါးသွားပြီး ခတ္တာဆိုသော မိန်းကလေးရှိရာသို့ ပြန်လာခဲ့သည်။ သစ်ပင်အောက်ရောက်တော့ မိန်းကလေးကို မတွေ့ရတော့ပေ။

"ဟင် ..."

ဟိုနားသည်နား သွားလေသည်လားဟု လိုက်လံရှာဖွေကြည့်သော်လည်း မတွေ့ရသဖြင့် စိတ်ထဲမှာ အနည်းငယ် အံ့သြသွားလေသည်။

"ဘယ်ရောက်သွားပါလိမ့်၊ သူက ခြေထောက်နာနေတာဆိုတော့ ဝေးဝေးတော့သွားနိုင်မယ် မထင်ပါဘူး"

ဟု တွေးတောရင်း ပတ်ဝန်းကျင်ကို လိုက်ရှာကြည့်တော့လည်း အစအနမျှပင် မတွေ့ရတော့ပေ။

"ခတ္တာရေ၊ ဟေး ..., ခတ္တာ"

တောထဲမှာ နာမည်မခေါ်သင့်မှန်း နားလည်သော်လည်း တတ်နိုင်တော့ပေ။ အရှို အချက်ပေးလျှင် သိနိုင်မည်မဟုတ်သောကြောင့် နာမည်ကိုသာ အော်ခေါ် လိုက်တော့သည်။



www.burmeseclassic.com

"ခတ္တာရေ … ခတ္တာ"

နောက်တစ်ကြိမ်ခေါ်လိုက်သောအခါ တောထဲမှ ခြေသံများကို ကြားရသည်။ ကြည့်လိုက်တော့ တောထဲမှ စောထီးနှင့် ငမဲအောင်တို့ ထွက်လာသည်ကို တွေ့ရသည်။

သူတို့က နီမောင်ရှိရာသို့ လျှောက်လာကြသည်။

BURMESE CLASSIC .com

"ဘယ်သူ့ကို အော်ခေါ်နေတာလဲ"

အနားရောက်တော့ စောထီးက မေးလိုက်သည်။

"ခတ္တာ ဆိုတဲ့မိန်းကလေးကို ခေါ်နေတာ၊ မင်းတို့ရော မတွေ့မိဘူးလား"

"ခတ္တာလား ဘာလားတော့ မသိဘူး၊ မိန်းကလေးတစ်ယောက်တော့ တွေ့လိုက်တယ်"

"ဟင် …"

"ဟုတ်တယ်ကွ၊ ကောင်မလေးက အတော်ချောတယ်၊ သူက တို့နဲ့တွေ့တော့ မင်း၊ ကျိုက်ဒေးယျုံဘုရားမှာ ရောက်နေပြီ လို့ သတင်းပေးသွားတာနဲ့ တို့ လိုက်လာတာ"

ဟု ပြောသဖြင့် နီမောင်မှာ အံ့သြသွားလေတော့သည်။

"မိန်းကလေးတစ်ယောက် ငါ ဒီမှာရှိတယ်လို့ ပြောသွားတယ် ဟုတ်လား"

"ဟုတ်ပ …"





"ဒီလိုဆိုရင်တော့ အဲဒီမိန်းကလေးက ခတ္တာမဟုတ်နိုင်ဘူးထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ခတ္တာဆိုတဲ့မိန်းကလေးက ခြေထောက်တစ်ဖက်နာပြီး လမ်းမလျှောက်နိုင်ဘူး"

"တို့တွေ့လိုက်တဲ့ မိန်းကလေးကတော့ အကောင်းကြီးပါကွာ၊ တွက်လိုက်တာမှ သမင်နဲ့ပြိုင်ပြေးရင်တောင် သူက နိုင်လောက်ပါတယ်"

"ကေန္တ မင်းတော့ တောထဲက လူယောင်ဆောင်တတ်တဲ့ မိန်းတွေနဲ့ တွေ့ရပြီထင်တယ်၊ ကြည့်လဲ လုပ်ဦးဟေ့၊ တော်ကြာမှ တောထဲက မပြန်နိုင်လောက်အောင် ဖြစ်နေဦးမယ်"

"ကဲ … ဒါတွေထားကြတော့၊ တို့နှစ်ယောက် ရောက်တုန်း ရောက်ခိုက် ဘုရားသွားဖူးရအောင်ဟေ့"

ဟု ပြောဆိုကာ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက် ဘုရားရှိရာသို့ ဆင်းသွားကြရာ နေရာတွင် နီမောင်တစ်ယောက်တည်း အတွေးများစွာဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

တောနက်ထဲမှ ပပေါ်ပြီဆန်းလှန်းသော မိန်းကလေး သို့မဟုတ် ခတ္တာ ဘယ်မှာလဲ။

www.burmeseclassic.com

## အခန်း (၈)

## လှေဝမ်းပျက်ထဲမှ အန္တရာယ်ဆိုး

စက်ဆန့်ရွာမှာ တောစပ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော နေရာတွင် ရှိနေသော်လည်း အတန်အသင့် စည်ကားသော ရွာကြီး တစ်ရွာပင်ဖြစ်သည်။

အိမ်ခြေတစ်ရာကျော်ခန့်ရှိပြီး လယ်သမား၊ တောလိုက်သမား သစ်ခုတ်သမားနှင့် တံငါလုပ်ငန်းနှင့် အသက်မွေးကြသူအများစု နေ ထိုင်ကြသည်။ ခနိုခြံ၊ အုန်းခြံ၊ ကွမ်းသီးခြံ စိုက်ပျိုးကြသူများလည်း ရှိသည်။ ကုန်စုံဆိုင်နှင့် အမိန့်ရတာအရက်ရောင်းသော ဆိုင်လည်း





ရှိသည်။ ဦးစွန်တိတ်ဆိုသော တရုတ်ကပြားတစ်ယောက် ဖွင့်လှစ် ထားသော ကုန်စုံဆိုင်နှင့် အရက်ရောင်းသောဆိုင်မှာ အစည်ကားဆုံး ဖြစ်တော့သည်။

ရွာတွင်ရှိကြသူအများစုမှာ လက်လုပ်လက်စားနှင့် အလုပ်ကြမ်း သမားများသောကြောင့် အရက်ဆိုင်မှာ သူတို့အတွက်တစ်ခုတည်း သော အပန်းဖြေစရာ နေရာတစ်ခု ဖြစ်နေတော့သည်။

ထို့ပြင် တစ်ရွာလုံးရှိလူများမှာလည်း ဦးစွန်တိတ် ဆိုင်ကြွေးနှင့် ကင်းသူလည်း မရှိသလောက်ပင်။ တောဆင်းမည့်သူက တစ်ခေါက် စာစားရိတ်ကို ကြွေးယူသွားပြီး ပြန်ရောက်တော့မှ ပါလာသော သစ်ကို ရောင်းပြီး ကြွေးဆပ်လိုက်ရတော့ ငွေက မကျန်တော့။ နောက်တစ်ခေါက် ဆင်းခါနီးကျတော့ ကြွေးယူရပြန်ရော။

တံငါသမားတွေမှာလည်း အချိုကြီးမရမချင်း ကြွေးယူစားရပြီး ရတော့မှ ပြန်ဆပ်ကြရသည်။ ဤသို့ဖြင့် ကြွေးသံသရာမှ မလွတ်နိုင် ကြတော့ပေ။

ဘိုကလေးမြို့မှ ဆင်းလာသော သင်္ဘော်ကလည်း ဓားမြ ချောင်း၊ စက်စုရွာများလောက်သာ ရောက်ပြီး စက်ဆန်းလို ရွာမျိုး အထိ ရောက်အောင်မလာကြသောကြောင့် ရွာသူရွာသားများမှာ ဦး စွန်တိတ် ကုန်စုံဆိုင်ကိုသာ အမှီသဟဲပြုနေရပြီး သူပြောသမျှ ဈေး၊ သူပေးသမျှ ကြွေးနှင့်သာ ဝယ်ယူစားသောက်ကြရလေသည်။



www.burmeseclassic.com

စက်ဆန်းရွာ၏သူကြီးမှာ ဦးဘဟန်ဖြစ်ပြီး အသက် ငါးဆယ်ကျော်အရွယ်ရှိပြီး ခနိမြဲ ကွမ်းသီးခြံ အုန်းခြံ များရှိကာ လယ်ကေအချို့ကိုလည်း ပိုင်ဆိုင်ထားသူဖြစ်လေသည်။ သူကြီးကတော်မှာ ဒေါ်မြမေဖြစ်ပြီး ၎င်းတို့တွင် အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ရှိ ခင်စန်းကြည်နှင့်ခင်စန်းရီ ဆိုသော သမီးနှစ်ယောက်ရှိသည်။

တစ်နေ့တွင် ဘိုကလေးမြို့ပေါ်မှ မီးသွေးဖိုပိုင်ရှင်တစ်ဦး၏သားနှင့် သမီးဖြစ်သူ ခင်စန်းရီတို့ မင်္ဂလာပွဲကို စက်ဆန်းရွာတွင် အကြီးအကျယ် ကျင်းပရာ အနီးဝန်းကျင်ရွာများကသာမက ဘိုကလေးမြို့ပေါ်မှ လူအတော်များများပင် သဘော်များဖြင့် လာရောက်ကြလေတော့သည်။

ထိုရက်တောအတွင်း စက်ဆန်းရွာတစ်ရွာလုံး ကြက်ပျံမကျအောင် စည်ကားသောအချိန်ဆိုက မမှားပေ။ တောမင်္ဂလာဆောင်ဖြစ်သည့်အတိုင်း မြို့ပေါ်မှ ဆိုင်းဝိုင်းထည့်ပြီး ဝက်သားဟင်း၊ ၎င်ပြာရည်ချက်၊ သရက်ချဉ်သုပ်၊ မဲခလီဟင်းချိုတို့ဖြင့် လာသမျှဧည့်ပရိသတ်များကို အလျှံပယ် ဧည့်ခံကျွေးမွေးလေသည်။

မြို့ပေါ်မှ ကြေးရည်တက်တစ်ဦးနှင့် မင်္ဂလာဆောင်သောပွဲမို့ နီမောင် တို့လို ရွာခံကာလသားများက လိုလေသေးမရှိအောင် ဝိုင်းဝန်းအကူအညီ ပေးကြရလေသည်။

ထိုအထဲ ဇမုန်းထန်တို့လို အရက်သေစာသောက်စားပြီး ပေါင်း





သင်းဆက်ဆံရေးကောင်းသူများကလည်း သူ့အဖွဲ့နှင့်သူ ဧည့်ခံပေးကြရသည်။ ဇမုန်းထန်တို့ ဧည့်ခံပေးရသူများမှာ အများအားဖြင့်တော့ ...က်ကြိုက်တတ်သူများပင် ဖြစ်သည်။

ထိုလူများထဲတွင် ထွန်းအောင်ကျော်တို့အဖွဲ့လည်း ပါဝင်သည်။ ...ွန်းအောင်ကျော်မှာ အသက် (၃၀) ကျော် အရွယ်ခန့်ရှိပြီး ...ိုကလေးမြို့ပေါ်မှ ဆန်စက်ပိုင်ရှင်တစ်ဦး၏ သားဖြစ်သည်။

သူနောက်မှာ အပေါင်းအသင်း သုံးယောက်ပါသေး၏။ တင်ဝင်း ...င်မောင်ထွန်း၊ အေးချစ် စသောလူရွယ်သုံးဦးတို့ ဖြစ်ကြသည်။ ထွန်း...အောင်ကျော်တွင် သူ၏ဖခင် လိုင်စင်နှင့်ကိုင်သော အမဲပစ်သေနတ်...တစ်လက်နှင့် နှစ်လုံးပြူးသေနတ်တစ်လက် ပါလာကြသည်။

သူတို့၏ရည်ရွယ်ချက်မှာ မင်္ဂလာဆောင်ရင်းနှင့် တောထဲဝင်၍ ...အမဲပစ်ရန်ပင်ဖြစ်သည်။ ဇမုန်းထန်တို့က ထွန်းအောင်ကျော်တို့မှာ ...သောက်အစားသမားများ ဖြစ်သည်ကတစ်ကြောင်း၊ သူတို့တွင် ...သနတ်များပါလာသည်က တစ်ကြောင်းကြောင့် သဘောကျကာ ...များကပ်၍ မိတ်ဆွေဖွဲ့လေတော့သည်။

အရက်ကြိုက်တာဘ်သူချင်းမို့ ခက်ခက်ခဲခဲ မိတ်ဆွေမဖွဲ့ရဘဲ ...ရက်တစ်ဝိုင်းထဲမှာပင် သောက်ရင်းစားရင်းနှင့် မိတ်ဆွေဖြစ်ကာ ...င်မင်သွားကြလေသည်။

"ဒီက ညီလေးတို့က မင်္ဂလာဆောင်လာတာ သေနတ်တွေဘာ



BURMESE CLASSIC .com
www.burmeseclassic.com

တွေ ယူလာပုံထောက်တော့ ကေန္တ အကြံအစည်တစ်ခုခုတော့ ရှိပုံ ရတယ်"

ဟု ဓမုန်းထန်က စကားစသည်။

"သေချာတာပေါ့ဗျာ၊ ကျွန်တော်တို့ ဒီရွာကို လိုက်လာတဲ့ရည်ရွယ်ချက်က ဒီရွာကအပျိုချောတွေ ဘယ်လောက်ချော၊ ဘယ်လောက်လှသလဲဆိုတာ အကဲခတ်ဖို့ရယ်၊ နောက်တစ်ချက်က တောပစ်ထွက်ကြမလို့ လာတာဗျ"

ထွန်းအောင်ကျော်က ပြန်ပြောလေသည်။

"အခု မြင်ရတွေ့ရသလောက်တော့ ဒီရွာထဲမှာတွေ့ရတဲ့ မိန်းကလေးကတော့ သာမန်ရှက်ကြမ်းရေကျူ့အဆင့်လောက်ပဲ ရှိပါတယ်၊ ဒါထက်ချောတဲ့သူတွေ ရှိသေးလားဗျ"

အသားမည်းမည်း၊ နှုတ်ခမ်းမွှေးစစနှင့် တင်မောင်ထွန်းဆိုသူက ပါ အာလေးလျှာလေးဖြင့် ဝင်ပြောလိုက်သည်။

"ရှိတာပေါ့ဗျာ၊ ဒါပေမယ့် ဒီနားမှာရှိတဲ့ ပတ်ဝန်းကျင်ရွာကတော့ မဟုတ်ဘူး"

"ဘယ်မှာရှိတာလဲ"

"ဟိုး နေသူရိန်ကုန်းတန်းဘက်မှာ ရွာတစ်ရွာရှိတယ်၊ အဲဒီရွာက မိန်းကလေးတွေကတော့ သူယောင်မယ်တွေလား အောင့်မေ့ရလောက်အောင် ချောတယ်လို့ ပြောသံကြားဖူးတယ်"





"နေသူရိန်ကုန်းတန်းဆိုတာ အဝေးကြီးသလား"

ထွန်းအောင်ကျော် စိတ်ဝင်စားသွားသည်။

"မဝေးလှဘူး၊ ဒီရွာကနေ ကုန်းလမ်းကသွားရင်လဲ ရောက်တယ်၊ ထော်ဆီထော်ပိုင် ချောင်းဖျားဘက်မှာရှိတာဆိုတော့ လှေတဲ့တက်သွားရင်လဲ ရတယ်"

"ဟုတ်တယ် ဆရာလေးရဲ့၊ အဲဒီတောထဲမှာ အမဲပစ်ချင်ရင်လဲ သားကောင်တွေ အများကြီးရှိတယ်၊ နောက်ပြီး ထူးဆန်းတာတွေလဲ အများကြီးရှိတယ်ဗျ"

ဟု ကရင်လေးကပါ ဝင်ပြောတော့ ထွန်းအောင်ကျော်က စိတ်ဝင်စားလေသည်။

"ဒီလိုဆိုရင် အမဲပစ်ရင်းနဲ့ တစ်ခေါက်လောက်သွားကြရအောင်၊ ခင်ဗျားတို့အဖွဲ့ လိုက်ပို့မလား"

"ဆရာလေးတို့ခေါ်ရင်တော့ လိုက်ပို့ပေးရမှာပေါ့ဗျာ၊ ကိုယ့်ရွာလာတဲ့ဧည့်သည်တွေပဲ၊ အကူအညီပေးရမှာပေါ့"

"ကောင်းပြီ၊ ဒီလိုဆိုရင် သွားကြမယ်၊ အဲဒီလိုလိုက်ပို့ပေးတဲ့အတွက် ကျွန်တော်က ပိုက်ဆံပေးပါ့မယ်"

"မလိုပါဘူး ဦးညီရယ်၊ ကျုပ်တို့က စေတနာနဲ့ အကူအညီပေးမယ်"

ထိုသို့ ပြောဆိုနေစဉ်မှာပင် သတို့သားလောင်း ဝင်း[illegible] ရောက်



BURMESE CLASSIC .com
www.burmeseclassic.com

လာလေတော့သည်။ ထွန်းအောင်ကျော်နှင့်ဝင်းဇော်တို့မှာ ကျောင်း
နေဖက်သူငယ်ချင်းများ ဖြစ်ကြသည်။

"ထွန်းအောင်ကျော်၊ မင်းတို့ ဘာတွေတိုင်ပင်နေကြတာလဲ"

"ဘုရားလဲ ဖူးရင်း လိပ်ဥလဲ တူးရင်းပေါ့ကွာ၊ တောထဲက
ကျိုက်ဒေးယျံဘုရားသွားဖူးရင်းနဲ့ အမဲပစ်ထွက်မလို့ တိုင်ပင်နေကြ
တာကွ"

"မင်းတို့က တောထဲလဲ တစ်ခေါက်မှ မရောက်ဖူးဘဲနဲ့ ဘယ်သူ
က လိုက်ပို့ပေးမှာမို့လဲ"

"ဟောဒီမှာလေကွာ၊ ငါတို့က သောက်ရင်းစားရင်းနဲ့ မိတ်ဆွေ
တွေတောင် ဖြစ်သွားပြီ၊ သူတို့က လိုက်ပို့ပေးမှာကွ"

ဟု ပြောကာ ထွန်းအောင်ကျော်က ဇမုန်းထန်တို့နှင့် မိတ်ဆက်
ပေးလိုက်သည်။ ထိုအခါ ဝင်းဇော်က အရက်အနည်းငယ် မော့
သောက်လိုက်ပြီး ....

"မင်းတို့သွားရင် ငါလဲ လိုက်ချင်တယ်ကွာ"

ဟု ပြောလိုက်သည်။

"မင်းက မင်္ဂလာဆောင်တော့မယ့်ဆဲဆဲ လိုက်လို့ဖြစ်မလားကွ
တော်ကြာ မင်းဇနီးလောင်းသိရင် ငြိုငြင်နေလိမ့်မယ်"

"ရပါတယ်ကွာ၊ သူတို့မသိအောင် လိုက်မှာပေါ့"

"ဘယ်လိုလိုက်မှာလဲ"





"ဒီလိုလေကွာ၊ မင်းတို့ကို တစ်နေရာလိုက်ပို့ပေးမလို့လို့နဲ့ လိုက်
ခဲ့မှာပေါ့၊ ငါက မင်္ဂလာဆောင်ပြီးတာနဲ့ တစ်ခါတည်း မြို့ကိုပြန်ကြ
မှာဆိုတော့ နောက်တစ်ခါရောက်ဖို့ မလွယ်လို့ပါ"

ဝင်းဇော်က တောင်းတောင်းပန်ပန် ပြောနေလေသည်။

"မင်းမိဘတွေသိရင်ရော ကြိုက်ပါ့မလား၊ တော်ကြာ သိသွားလို့
တို့ပါ အပြစ်ပြောနေပါဦးမယ်"

"သူတို့မသိအောင် လိုက်ခဲ့မှာပေါ့ကွ"

"ဒါဖြင့်လဲ လိုက်ခဲ့ပေါ့ကွာ၊ ကျွန်တော်တို့ ဘယ်အချိန်သွားကြ
မှာလဲ"

ထွန်းအောင်ကျော်က ဇမုန်းထန်ကို မေးလိုက်သည်။

"မနက်စောစော သွားကြမယ်လေ၊ ကျုပ်ဆီက လှေနဲ့ သွားကြ
မယ်၊ ညီလေးတို့နှစ်ယောက်က မနက်ကျတော့ အစ်ကိုဆီကို လာခဲ့
ကြပေါ့၊ အစ်ကိုတို့ လှေဆိပ်က စောင့်နေမယ်"

"ကောင်းပြီ ရော့ ... ဒီမှာ ငွေတစ်ရာ ယူသွားပါ၊ တောထဲ
ရောက်တဲ့အခါ ပျော်ပျော်ပါးပါး စားကြသောက်ကြဖို့ပါ စီစဉ်လာခဲ့ပါ"

ဟု ထွန်းအောင်ကျော်က တစ်ရာတန်ငွေစက္ကူတစ်ရွက်
ထုတ်ပေးသောအခါ ဇမုန်းထန်တို့မှာ မျက်လုံးပြူးသွားကြလေသည်။

အဘယ့်ကြောင့်ဆိုသော် တောထဲမှာနေသော သူတို့အဖို့က
တစ်ရာတန်ငွေစက္ကူကို ကိုင်သုံးဖို့ဝေးစွ၊ တစ်ကြိမ်တစ်ခါမှ မရဖူး



BURMESE CLASSIC .com
www.burmeseclassic.com

သေးသောကြောင့်ဖြစ်သည်။

ထိုခေတ်အခါက တောဝက်သားတစ်ပိဿာ တစ်ကျပ်၊ ဆတ်သား တစ်ပိဿာ တစ်ကျပ်၊ ငါးဒန်သားဆူဆူ ဝမ်းဗျဉ်းသား တစ်ပိဿာ တစ်ကျပ်၊ ငါးမူးလောက်သာ ပေးရသောခေတ်မို့ ဆတ်တစ်ကောင်လုံး၊ တောဝက်တစ်ကောင်လုံး ဖျက်ရောင်းလို့တောင်မှ ငွေတစ်ရာပြည့်အောင် မရနိုင်ပေရာ ယခု ထွန်းအောင်ကျော်က ငွေတစ်ရာတန်တစ်ရွက်ကို ရက်ရက်ရောရော ထုတ်ပေးလိုက်သောအခါ ဝမ်းသာပျော်ရွှင်စွာဖြင့် ပြန်သွားကြလေသည်။

နောက်တစ်နေ့ နံနက်စောစောမှာပင် ထွန်းအောင်ကျော်၊ ဝင်းဇော်နှင့် အဖော်သုံးယောက်တို့ ရောက်လာကြရာ ဇမုန်းထန်တို့ သုံးယောက်နှင့် စုစုပေါင်း ရှစ်ယောက် လှေတစ်စင်းဖြင့် ထော်ဆီထော် မိုင်ချောင်းဖျားဘက်သို့ တက်ခဲ့ကြလေတော့သည်။

သူတို့တတွေမှာ တောအတွေ့အကြုံမရှိသေးသောကြောင့် ယခုကဲ့သို့ တောပစ်ထွက်ရသည်ကိုပင် ပျော်နေကြသည်။ ထွန်းအောင်ကျော်နှင့်ဝင်းဇော်တို့နှစ်ယောက်မှာ သေနတ်တစ်လက်စီဖြင့် စိတ်တက်ကြွနေလေသည်။

ချောင်း၏ တစ်ဖက်တစ်ချက်တွင် သစ်တောများ အုပ်မိုးနေပြီး ထိုသစ်တောများထဲတွင် ရှဉ့်ပေါ်များ၊ တောကြောင်များ၊ မျောက်အုပ်များ တွေ့ရသည်ကိုပင် သေနတ်တပြင်ပြင်နှင့် ပစ်ချင်နေကြသည်။





တစ်ကြိမ်တွင် ချောင်းအပေါ်သို့ ကိုင်းကျနေသော လမုပင်ကိုင်း ါတွင် ခွေနေသော မြွေကြီးတစ်ကောင်က သူတို့လှေလာနေသည် လှမ်းမြင်ဟန်ဖြင့် ပါးပျဉ်းခွက်၍ ခေါင်းထောင်ကြည့်လေသည်။

"ဟို ရှေ့မှာ မြွေကြီး"

လှေဝမ်းထဲမှ တစ်ယောက်က လှမ်းအော်၍မှမဆုံးမီ လှေဝမ်း လယ်တွင် ထိုင်လိုက်လာသော ထွန်းအောင်ကျော်က ပေါင်ပေါ် ၌င် အဆင်သင့်တင်ထားသော သေနတ်ကိုကောက်ယူ၍ မောင်း ငင်ကာ မြွေကို ချိန်၍ပစ်လိုက်သည်။

"ဒိန်း ..."

သေနတ်သံက တော၏ ပွဲတင်ထပ်သံဖြင့် ဟိန်းထွက်သွားလေ ည်။ လှေသမားများကလည်း လှော်တက်ကိုချပြီး အခြေအနေကို ကြည့်နေကြသည်။ ထွန်းအောင်ကျော်ပစ်ချက်က ထိဟန်မတူပေ။ မြွေကြီးက ခေါင်းထောင်ကြည့်မြဲ ကြည့်နေသည်။

ထွန်းအောင်ကျော်က နောက်တစ်ချက်ပစ်ရန် ကျည်ထိုးမောင်း င်လိုက်သောအခါမှ ပါးပျဉ်းကိုသိမ်း၍ အောက်ဘက်သို့ လျှောခနဲ ခဝင်းသွားလေတော့သည်။ ထိုအခါမှ ရှေ့ဆက်လှော်လာကြသည်။

နောက်တစ်နေရာသို့ ရောက်သောအခါ ချောင်းတစ်ဖက်တစ် က်တွင် သစ်ပင်များ အုပ်မိုးနေသော နေရာသို့ရောက်သောအခါ ခ်ပင်ပေါ်မှ တစ်ကိုယ်လုံး နက်မှောင်နေသော တောကြောင်နက်



www.burmeseclassic.com

ကြီးတစ်ကောင် လှေပေါ်သို့ လွှားခနဲ ခုန်ဆင်းလာလေတော့သည်

လျှပ်တစ်ပြက်အခြေအနေပါပဲ။ လှေပေါ်တွင် ပါလာသူမျ

ဝရုန်းသုန်းကားဖြစ်ကာ ဘာလုပ်ရမှန်းမသိအောင် ရှိနေကြစဉ် ေ

ကြောင်နက်ကြီးက ဇမုန်းထန်ကိုယ်ပေါ်သို့ လွှားခနဲ ခုန်တက်က

မျက်နှာကို လက်သည်းဖြင့် ကုတ်လိုက်ပြီးနောက် ကမ်းပေါ်သို့ လွှ

ခနဲ ခုန်တက်သွားလေတော့သည်။

ဇမုန်းထန်မျက်နှာတစ်ဖက်တွင် အစင်းကြောင်းကြီးများထ

ကာ သွေးများ စီးကျလာလေတော့သည်။

"တောက် ... တောကြောင်ကြီးကို အကြီးကြီးပဲ၊ မပစ်လိုက်

တာ နာတယ်ဗျာ"

ဝင်းဇော်က ဟန်တစ်လုံးပန်တစ်လုံးနှင့် ပြောနေသည်။ သူ

အဖွဲ့တွင် ဒဏ်ရာအတွက် ဆေးဝါးများ မပါလာသောကြောင့် ဆေ

တိတ်အောင် မနည်းလုပ်ရသည်။ ပြီးမှ ကြောင်ကုတ်ခံရသော ဒ

ရာကို ဆေးပတ်ကြီးနှင့် ကပ်ပေးထားပြီး ရှေ့သို့ခရီးဆက်ကြလေသ

ချောင်းဖျားပိုင်းရောက်တော့ လှေကို တစ်နေရာမှာ ရပ်ထ

လိုက်ပြီး ကမ်းပေါ်တက်ရန် ပြင်နေစဉ်မှာပင် တောထဲမှ လူ ဒ

ယောက်ထွက်လာကြသည်။

၎င်းတို့သုံးယောက်စလုံးမှာ တစ်ကိုယ်လုံး ရွှံ့နွံများ ပေ

လျက် ရှိပြီး လက်ထဲမှာလည်း ဓား၊ တူရွင်းနှင့် ပစ္စည်းထည့်ထ





သော အိတ်များကို အသီးသီးကိုင်ထားကြလေတော့သည်။

"ခင်ဗျားတို့ ဘယ်ကပြန်လာကြတာလဲ"

ဇမုန်းထန်က လှမ်းမေးလိုက်သည်။

"ကျုပ်တို့ လှေပျက်ကြီးဝမ်းထဲ တူးပြီး ပစ္စည်းရှာပြီးပြန်လာတာ"

"ဘာတွေ ရခဲ့လဲဗျ"

"ဒီမှာကြည့်ကြလေ"

ဟု ပြောကာ ထိုလူသုံးယောက်က ၎င်းတို့အိတ်ထဲတွင် ထည့်လာသော ပစ္စည်းများကို ထုတ်ပြကြလေသည်။ ထိုပစ္စည်းများမှာ ရွှေထည်၊ ငွေထည်ဖြင့် ပြုလုပ်ထားသော ရှေးလက်ရာအသုံးအဆောင်များပင် ဖြစ်တော့သည်။ ထိုပစ္စည်းတွေကိုမြင်တော့ အားလုံးက အံ့သြသွားကြလေသည်။

"ခင်ဗျားတို့ ဒီပစ္စည်းတွေ ယူလာတာ ဘယ်လိုအနှောင့်အယှက်မှ မတွေ့ဘူးလား"

"ဟင့်အင်း၊ မတွေ့ပါဘူး"

ဟု ပြောဆိုကာ လူသုံးယောက်တို့သည် ၎င်းတို့ပစ္စည်းများကို ပြန်ထည့်၍ တောထဲသို့ ဝင်သွားကြလေတော့သည်။ ထိုအခါ ဇမုန်းထန်က ...

"ဘယ်လိုလဲ ဆရာလေးတို့၊ ကျုပ်တို့လဲ ရောက်တုန်းရောက်ခိုက် လှေပျက်ကြီးရှိတဲ့ဆီသွားပြီး ပစ္စည်းလေးဘာလေး ရှာကြရင်



www.burmeseclassic.com

မကောင်းဘူးလား"

ဟု အဖော်ညှိလေသည်။

"လှေပျက်ကြီးဆိုတာ ဘယ်နေရာမှာရှိတာလဲ"

"ဒီချောင်းဖျားဘက်လောက်မှာရှိတာ၊ မဝေးလှဘူး"

"အဲဒီလှေကြီးအကြောင်းကို ခင်ဗျားသိသလား"

"ကျုပ်လဲ သိပ်တော့မသိဘူး။ ရှေးလူတွေစီးလာတဲ့ လှေကြီးလို့တော့ ပြောသံကြားရတာပဲ၊ နောက်ပြီး ရှေးလူတွေ မြှုပ်နှံထားတဲ့ ရတနာတွေလဲ အဲဒီနားတစ်ဝိုက်မှာရှိတယ်လို့ သတင်းကြားရတယ်"

"သွားလေ၊ ကျွန်တော်တို့အဖွဲ့က အုပ်စုတောင့်သားပဲ၊ နောက်ပြီး သေနတ်တွေလဲ ပါတာပဲ၊ ဘာမှ ကြောက်စရာမလိုပါဘူး"

"ဟုတ်တယ်၊ ကျွန်တော်တို့က အမဲပစ်ရင် ပစ်ရ၊ ဒါမှမဟုတ်လို့ ထူးထူးဆန်းဆန်းတွေ မြင်ရလဲ ကျေနပ်ပါတယ်"

ထွန်းအောင်ကျော်ရော၊ ဝင်းဇော်ကပါ အားတက်သရော ပြောကြသောကြောင့် ကမ်းစပ်အတိုင်း၊ ချောင်းဖျားဘက်သို့ တက်လာခဲ့ကြသည်။

လှေကြီးရှိရာနှင့် နီးလာသောအခါ ဝါးတောများကို ကြိုကြားတွေ့လာရသည်။ လှေပျက်ကြီးရှိရာ ကမ်းစပ်တစ်နေရာတွင် အလျားလိုက်လဲနေသော သစ်တုံးကြီးတစ်တုံးရှိပြီး ထိုသစ်တုံးပေါ်မှ ဝါးပင်နှင့် သစ်ပင်ငယ်များ ပေါက်နေသည်။ သစ်တုံးရှိရာတစ်လျှောက်





မှာလည်း ရေညှိနှင့်အမှိုက်သရိုက်များ ဖုံးလွှမ်းနေလေသည်။

သူတို့အဖွဲ့သည် လှေကြီးကို မြင်နေရသော်လည်း ဆက်မသွားကြသေးဘဲ ထိုသစ်တုံးပေါ်မှာ ထိုင်နားရင်း ယူဆောင်လာသော အစားအသောက်များကို အမောပြေစားသောက်ကြလေသည်။

အားလုံးပြီးစားတော့မှ ဝါးနှင့်မမသားများကို တူရွင်းသဖွယ် ပြုလုပ်၍ လှေဝမ်းတစ်လျှောက်တွင် ပုံနေသော သဲနုံးမြေများကို တူးဆွဖယ်ရှားကြလေသည်။

တစ်ခု ထူးခြားသည်မှာ စောစောက တွေ့လိုက်ရသူများက လှေဝမ်းထဲမှာ တူး၍ ပစ္စည်းများရခဲ့သည်ဟု ပြောသော်လည်း လှေဝမ်းရာတစ်ဝိုက်တွင် တူးဆွထားသောနေရာဟူ၍ တစ်နေရာမှ မတွေ့ကြရခြင်းပင်။

သို့သော်လည်း သူတို့သည် ပစ္စည်းတွေ့လိုဇောကပ်ကာ အားကြိုးမာန်တက် တူးဆွကြရာ အချို့နေရာများဆိုလျှင် လှေဝမ်းခိုက်သားများပင် ပေါ်လာသည်အထိ ရှိနေသော်လည်း ပစ္စည်းနှင့်တူတာဆိုလို့ အပ်တိုတစ်ချောင်းမှပင် မတွေ့ကြရပေ။

အချိန်က နေမွန်းတည့်ချိန်လောက်ရောက်နေပြီ။ ထိုအချိန်မှာပင် ဆောင်းရာသီကာလကြီးမှာပင် မိုးပြင်များ အုံ့တက်လာရာ တစ်တောလုံး မှောင်တက်လာလေတော့သည်။

ထူးထူးခြားခြား လေပြင်းများပင် တိုက်ခတ်လာပြီး အချိန်အခါ



www.burmeseclassic.com

မဟုတ် လေပြင်းမုန်တိုင်းကျတော့မည့် လက္ခဏာများ ပေါ်လာတော့သည်။

တောပစ်ရန် ထွက်လာကြသော လူရှစ်ယောက်တို့သည် လူသုံးယောက်တွေ့ပြီး မူလစီစဉ်ထားသော တောပစ်ရန်ကိစ္စကို မေ့လျော့နေကြကာ လောဘဇောဖြင့် လောင်းလှေကြီးအတွင်းသို့ တူးဆွရှာဖွေနေကြရင်းမှ အချိန်ကုန်မှန်းမသိ ကုန်လာရာ မွန်းလွဲပိုင်းအချိန်သို့ ရောက်လာလေတော့သည်။

အချိန်အတော်ကြာသည်အထိ အခြေအနေ မထူးကြသဖြင့် စိတ်ပန်းလူပန်းဖြင့် တူးကြရာ လှေဝမ်းအလယ်လောက်တွင် အောက်တွင်ခံနေသော အရာဝတ္ထုတစ်ခုကို တူရွင်းဖြင့် သွားရောက်ထိုးမိကြသည်။

သို့သော် အပေါ်မှာ သဲနုံးများစွာကျန်နေသေးသောကြောင့် အချိန်အတော်ကြာကြာ ဆက်တူးမှ အောက်သို့ရောက်မည်ဖြစ်သောကြောင့် လှေကြီးအနီးတွင် အလျားလိုက်လဲကျနေသော သစ်တုံးကြီးပေါ်သို့ သွားရောက်ထိုင်ကာ အမောဖြေရင်း ပါလာသော အစားအစာများကို စားကြပြန်လေသည်။

"ကဲ ... ဆရာတို့က အကြမ်းမခံနိုင်ဘူး၊ ခဏအမောဖြေကြဦး၊ ကျုပ်တို့သုံးယောက် ဆက်တူးလိုက်ဦးမယ်"

ဟုပြောကာ ဇမုန်းထန်တို့ သုံးယောက်က မဓမသားအစွန်များကို ယူပြီး လှေဝမ်းထဲသို့ ဆင်းသွားကြသည်။ ထွန်းအောင်ကျော်တို့





သုံးယောက်က သစ်တုံးကြီးပေါ်မှာပင် ထိုင်ရင်း ကျန်နေကြသည်။

ဇမုန်းထန်တို့သည် မဓမသားအစွန်များဖြင့် စောစောက အမာခံထိမိသော နေရာတစ်ဝိုက်သို့ ဆက်တူးကြရာ အတန်ကြာသောအခါ လှေဝမ်းဗိုက်အောက်တည့်တည့်လောက်နေရာဆီမှ ရွှံ့နွံများ ဖုံးအုပ်နေသော သစ်တုံးကြီးတစ်တုံး ပေါ်လာလေတော့သည်။

"တောက် ... ရွှေချောင်းကြီးများ ဖြစ်မလားလို့ အပင်ပန်းခံပြီး တူးလိုက်ရတာ၊ နောက်ဆုံးတော့ သစ်တုံးကြီးဖြစ်နေတယ်၊ ကဲဟား ကဲဟာ"

ဇမုန်းထန်က ဒေါသဖြစ်ဖြစ်နှင့် လက်ထဲမှ မဓမသားအစွန်ဖြင့် သစ်တုံးကြီးကို နှစ်ချက်သုံးချက် ထိုးစိုက်ချလိုက်သည်။

"ဒုတ် ... ဒုတ်"

မဓမသားအစွန်မှာ သစ်တုံးထဲသို့စိုက်ဝင်သွားပြီး ခဏကြာတော့ ထိုနေရာမှ သွေးများ ပန်းထွက်လာသည်။

"ဟင် ..."

"ဆ ... ဆရာသမား၊ သစ်တုံးကြီးက သွေးထွက်လာပါလား"

ပြောနေရင်းမှာပင် သူတို့ သစ်တုံးဟုထင်သော မြေအောက်မှ မည်းမည်းသဏ္ဌာန်ကြီးက လူးလွန့်လှုပ်ရှားလာရာ လောင်းလှေကြီးတစ်ခုလုံးပင် သိမ့်သိမ့်တုန်လာတော့သည်။

"ဟ ... ဘာဖြစ်တာလဲ၊ ငလျင်လှုပ်တာလား"



www.burmeseclassic.com

"မဟုတ်ဘူးဟ၊ လှေအောက်က သစ်တုံးကြီးလှုပ်လာတာ"

"ဒါဖြင့် သစ်တုံးမဟုတ်လို့ပေါ့"

"သစ် ... သစ်တုံးမဟုတ်ရင် ဘာ ... ဘာလဲ"

လှေပေါ်မှာ ရောက်နေသူများ ဝရုန်းသုန်းကား ဖြစ်နေကြ မှာပင် ကမ်းစပ်တွင် သစ်တုံးပေါ်မှာထိုင်နေကြသော ထွန်းအော ကျော်တို့ ငါးယောက်မှာလည်း အောက်ဖက်မှ သစ်တုံးကြီးက လှု ရှားလာပြီး ထိုသစ်တုံးပေါ်တွင် ပေါက်နေကြသော သစ်ပင်နှင့်ဝါးပ များ သွက်သွက်ခါအောင် လှုပ်ယမ်းလာသောကြောင့် တအံ့တ ဖြစ်နေကြစဉ် သူတို့ထိုင်နေသော သစ်တုံးကြီးက မြေအောက်မှ တက်လာကာ ဝုန်းခနဲ ခါယမ်းလိုက်ရာ သစ်တုံးပေါ်မှာ ထိုင်နေ များ လွင့်စဉ်ကျကုန်ကြလေတော့သည်။

"အား ...."

"အမဲလေး ...."

ထိုအခိုက်မှာပင် သစ်တောထဲမှ သစ်ပင်သစ်ကိုင်းများ တ ဖြောင်းဖြောင်းကျိုးသံနှင့်အတူ ဝေါခနဲ အသံကြားလိုက်ရသဖြ လှည့်ကြည့်လိုက်သောအခါ မြွေတစ်ကောင်၏ ဦးခေါင်းပိုင်းကြီးအာ သစ်ပင်များကြားမှ တိုးထွက်လာသည်ကို မြင်လိုက်ကြရလေသည်။

"ဟာ ..."

"မြွေကြီးဟေ့၊ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး၊ ထန်းလုံး





လောက်ကို ရှိတယ်"

တောတောက ငြိမ်သက်နေသော နေရာတစ်ဝိုက်မှာ မြွေကြီး၏ လှုပ်ရှားမှုကြောင့် သစ်ပင်သစ်ကိုင်းများ အပိုင်းပိုင်းကျိုးပြတ်ကုန်ရာ တဝေါဝေါ တဖြောင်းဖြောင်းနှင့် တောတစ်တောလုံး ဆူညံနေကော့ သည်။ ၎င်း၏ လှုပ်ခါမှုကြောင့် မြေကြီးများလည်း သိမ့်သိမ့်တုန်နေ တော့သည်။

သစ်ပင်များမှ ခေါင်းထွက်လာသော ဦးခေါင်းပိုင်းကြီးမှာ ကြီးမားလွန်းလှပြီး ကိုယ်လုံးမှာလည်း ထန်းလုံးပမာဏကြီးလှသည်။

ဇမုန်းထန်တို့တစ်တွေမှာ မမျှော်လင့်ဘဲ တောထဲမှ မြွေကြီး ထွက်လာသည်ကို မြင်သောအခါ ဘာလုပ်ရမှန်းမသိအောင် ကြောက် ရွံ့တုန်လှုပ်သွားလေတော့သည်။ မြွေကြီး၏ကိုယ်လုံးမှာ ထန်းလုံး ခန့်ရှိပြီး ဦးခေါင်းကြီးမှာ စဉ့်အိုးတစ်လုံးစာမျှ ကြီးလှလေသည်။

နီရဲသော မျက်လုံးကြီးနှစ်လုံးနှင့် ပါးစပ်ကြီးကို ဖြဲထားပုံမှာ ကြောက်မက်ဖွယ်ရာဖြစ်နေတော့သည်။

ထိုအချိန်မှာပင် အချိန်အခါမဟုတ်ဘဲ မိုးက တဖြောက်ဖြောက် နှင့် ရွာချလာရုံမက ကဝေါဝေါနှင့် လေပြင်းများပါ တိုက်ခတ်လာ တော့သည်။

မှုလက ရွှံ့နွံများ ကပ်နေသောကြောင့် မြွေ၏ကိုယ်လုံးနှင့် အရောင်အဆင်းကို မမြင်ရသော်လည်း မိုးရွာချလိုက်သဖြင့် ရွှံ့များ



www.burmeseclassic.com

ကွာကျသွားတော့မှ အဝါနှင့်အနက်ကြားကြီးများကို တစ်စွန်းတစ်စ မြင်ရတော့သည်။

ထိုအခိုက်မှာပင် မြွေကြီးက တွေ့သမျှလူကို လိုက်လံပေါက် သတ်နေရာ ဓမုန်းထန်တို့တစ်တွေမှာ ခြေဦးတည့်ရာ ပြေးကြရင်းမှ တောနက်ထဲမှာ လူစုကွဲကုန်ကြလေတော့သည်။

မြွေကြီးကိုယ်လုံးနှင့် ဖိမိသဖြင့် သစ်ပင်သစ်ကိုင်းများ တဖြောင်းဖြောင်း ကျိုးပွဲသံ၊ လူများ၏ ကြောက်လန့်တကြား အော်ဟစ်ပြေးလွှားသံများမှာ မိုးသံနှင့်အတူ ဆူညံနေလေတော့သည်။

****





## အခန်း (၉)

## သတို့သားရှာပွဲတော်

ဓမုန်းထန်တို့တစ်တွေ တောနက်ထဲမှာ ပြေးကြ လွှားကြရင်းနှင့် လူစုကွဲသွားကြပြီးနောက် အချို့ကတော့ ရွာကို ပြန်ရောက်လာကြသည်။ အချို့လည်း ပြန်မရောက်ကြသေးပေ။

ထိုမရောက်သူများထဲမှာ နောက်တစ်ရက်တွင် မင်္ဂလာဆောင်တော့မည့် သတို့သားဝင်းဇော်တစ်ယောက် ပြန်ရောက်လာသောကြောင့် အားလုံး ခေါင်းမီးတောက်ကြရတော့သည်။

ဝင်းဇော်၏ မိဘများကရော၊ သတို့သမီးမိဘများ ဖြစ်ကြသော



www.burmeseclassic.com

သူကြီး ဦးဘဟန်နှင့် ဒေါ်မြမေတို့မှာ ခေါင်းမီးတောက်နေကြလေပြီ။ မိတ်ဆွေတွေလည်း အကုန်ဝေ့ပြီးပြီ။ ညှိခံကျွေးမွေးရန် ထမင်းဟင်းများလည်း ချက်ပြုတ်နေကြပြီ။

နောက်တစ်ရက်ဆိုလျှင် မြို့မှငှားထားသော ဆိုင်းအဖွဲ့ပင် ရောက်လာပေတော့မည်။

"ကိုင်း ... ဘယ်လိုလုပ်ကြမလဲ၊ အခု သတို့သားလောင်းက ဘယ်မှာ ကျန်နေခဲ့တာလဲ၊ ငါ့ကို အကြောင်းစုံပြောပြစမ်းပါဦး။ ဒီအဖွဲ့မှာ ဘယ်သူဦးဆောင်သွားတာလဲ"

ဇမုန်းထန်က ခေါင်းကိုသာ တွင်တွင်ငုံ့ထားလေသည်။

"ကိုင်း ...ဇမုန်းထန်၊ မင်းတို့ခေါ်သွားတဲ့ သတို့သားက ဘယ်မှာ ကျန်နေခဲ့တာလဲ"

ဦးဘဟန်က လေသံမာမာဖြင့် မေးလိုက်သည်။

"တော ... တောထဲမှာ"

"ဘယ်လိုဖြစ်ပြီး ကျန်နေခဲ့တာလဲ"

"သူက သူငယ်ချင်းတွေနဲ့ အမဲပစ်သွားချင်တယ်ပြောလို့ ကျွန်တော်က လိုက်ပို့ပေးတာပါ။ တောထဲရောက်တော့ မြွေ ... မြွေ လိုက်လို့ ပြေးကြရင်းနဲ့ လူချင်းကွဲသွားကြတာပါ"

"မင်းတို့ကွာ၊ ဒီလောက်အရေးကြီးတဲ့ ရက်ထဲမှာများ တောပစ် ထွက်ရတယ်လို့၊ အတော်ခက်ကြတာပဲ၊ မတော်လို့ တစ်စုံတစ်ခု





ဖြစ်သွားရင် မခက်ပေဘူးလား"

"ဟုတ်ပါတော်၊ ညှိသည်တွေက သွားချင်တယ်ဆိုရင်တောင်မှ ဒီကလူတွေက အကျိုးအကြောင်းပြောပြီး တားသင့်တာပေါ့၊ အခု တော့ ကြက်တူရွေးက တော်တော်၊ မယ်ခံ့ဘော်ကကဲကဲဆိုသလိုမျိုး ဖြစ် နေပြီ၊ ကျုပ်သားမက်လောင်းသာ တစ်ခုခုဖြစ်သွားလို့ကတော့ အဲဒီ ကောင်တွေကို ထိပ်တုံးခတ်ပြီး အချုပ်သာချထားလိုက်တော့ ကိုဘဟန်"

သူကြီးကတော် ဒေါ်မြမေ ဝင်ပြောတော့မှ အခြေအနေက ပိုဆိုး နေတော့သည်။ ဇမုန်းထန်မှာ ကြောက်နေသဖြင့် မျက်နှာမှာ စီးရွက် လောက်သာ ကျန်တော့သည်။

"ကဲ ... ဒါတွေ အသာထား၊ နောက်တစ်ရက်ဆိုရင် မင်္ဂလာ ဆောင်တော့မယ်၊ အခုလောလောဆယ် သတို့သားကို တွေ့အောင် ရှာဖို့က အရေးကြီးတယ်၊ ဘယ်လိုလုပ်ကြမလဲ"

"မတွေ့တွေ့အောင် ရှာမှ ဖြစ်မှာပေါ့"

"ကဲ ...ဇမုန်းထန်၊ ငါ့သမက်လောင်းကို တောထဲကို လမ်းပြပြီး ခေါ်သွားတာ မင်းတို့ဆိုတော့ အခု ပျောက်နေတော့လဲ မင်းတို့ပဲ တွေ့အောင် သွားရှာခဲ့ကြပေတော့"

ဦးဘဟန်က တစ်ချက်လွှတ်အမိန့်ပေးသည်။

"ကျွန်တော်တို့ချည်းတော့ မသွားဝံ့လို့ မသွားပါရစေနဲ့ သူကြီး"



www.burmeseclassic.com

"ဟော ... သွားတုန်းက သွားပြီး အခုမှ မသွားဝံ့ပြန်ဘူး ဟုတ်လား။ မင်းတို့တော့ ထိပ်တုံးစာမိတော့မှာပဲ"

သူကြီးက ဆူပူကြိမ်းမောင်းပြောဆိုနေစဉ် သမီးဖြစ်သူ ခင်စန်းကြည်သည် တဘက်ကလေးတစ်ထည် ပခုံးပေါ်တင်ကာ ရွာထဲသို့ ထွက်လာခဲ့သည်။

ခင်စန်းကြည်သည် ဝင်းဇော်နှင့် မင်္ဂလာဆောင်မည့် ခင်စန်းရီ၏အစ်မတော်သူ ဖြစ်သည်။ သူမသည် နီမောင်တို့အိမ်ရှေ့သို့ ရောက်သောအခါ ...

"ဘကြီးညို၊ ဘကြီးညို"

ဟု ခေါ်လိုက်သံကြောင့် အိမ်ထဲမှာ ဆေးကြိုတ်နေသော ဦးပန်းညို ထွက်လာသည်။

"ဘာကိစ္စရှိလို့လဲ မိန်းကလေး"

"နီမောင် ရှိသလား ဘကြီးညို"

"စောစောကတော့ တွေ့လိုက်မိတယ်၊ ငှက်ပျောတောထဲမှာ မြားပစ်လေ့ကျင့်နေမယ်ထင်တယ်"

"ကျွန်မလိုက်သွားလိုက်မယ် ဘကြီးညို"

"ကိစ္စရှိလို့လား မိန်းကလေး"

"ဟုတ်ကဲ့၊ ကိစ္စ နည်းနည်းအရေးကြီးလို့ပါ ဘကြီးညို"

ဟု ပြောကာ အိမ်အနောက်ဘက်ရှိ ငှက်ပျောတောထဲသို့





ထွက်လာခဲ့လေသည်။

နီမောင်နှင့် ခင်စန်းကြည်တို့မှာ တစ်ရွာတည်းနေ တစ်ရေတည်းသောက် ကျောင်းနေဘက်များဖြစ်ရုံမက အသက်ချင်းကလည်း သိပ်မကွာလှပေ။ သို့သော် အဆင့်အတန်းချင်းမတူသောကြောင့် နီမောင်က ခပ်ခွာခွာ ခပ်မှန်မှန်သာ နေခဲ့သည်။

ခင်စန်းကြည်မှာ အသက်နှစ်ဆယ်ကျော်ဝန်းကျင်အရွယ်ခန့်ရှိပြီး ဥစ္စာပေါ၊ ရုပ်ချောလည်းဖြစ်၊ သူမ၏ ဖခင်ကလည်း ရွာသူကြီးဖြစ်သောကြောင့် ရွာမှ ကာလသားများသာမက အခြားရွာနီးချုပ်စပ်မှ ကာလသားများကပါ လာရောက်ပိုးပန်းကြရုံမက ဝုဏ်ရည်တူသော မိဘများကလည်း ချွေးမတော်ရန် နည်းအမျိုးမျိုးနှင့် ကြိုးစားခံရသူဖြစ်၏။

တကယ်တော့ ခင်စန်းကြည်သည် စက်ဆန်းရွာတွင်သာမက စက်စုဒိုင်နယ်တစ်ခုလုံး၏ ကွမ်းတောင်ကိုင်တစ်ယောက်ဆိုလျှင်လည်း မမှားပေ။

သူမ ငှက်ပျောတောထဲ ရောက်သွားတော့ ငှက်ပျောပင်စည်တွင် စက်ဝိုင်းပြားကပ်၍ မြားပစ်လေ့ကျင့်နေသော နီမောင်ကို တွေ့ရသည်။

နီမောင်က သူမကိုမြင်တော့ လေးနှင့်မြားကို သိမ်းကာ အနားသို့ လျှောက်လာသည်။ မမျှော်လင့်ဘဲ ခင်စန်းကြည်ကို တွေ့လိုက်



www.burmeseclassic.com

ရသဖြင့် နီမောင် မျက်နှာပေါ်မှာ တအံ့တသြ ဖြစ်နေဟန်ရှိသည်။

"ခင်စန်းကြည်ပါလား။ မင်္ဂလာဆောင်မှာ ဝိုင်းကူဖို့ လူလိုလို့ ငါ့ကို လာခေါ်တာလား"

"မဟုတ်ဘူး နီမောင်၊ ငါ နင့်ကို အကူအညီတောင်းမလို့ လာခဲ့တာ"

"ပြောလေ၊ ငါ ဘာအကူအညီပေးရမလဲ"

"ဒီလို နီမောင်ရဲ့၊ မြို့ကလာတဲ့ ငါ့ညီမလေးနဲ့ မင်္ဂလာဆောင်မယ့်သတို့သားက မနေ့က တောပစ်ထွက်ရင်းနဲ့ တောထဲမှာပျောက်နေလို့ ညီမလေးကလဲ ရှက်လွန်းလို့ တငိုငိုတရယ်ရယ်နဲ့ ဖြစ်နေတယ်၊ နင် ကူညီနိုင်ရင် ကူညီပေးပါဦး နီမောင်ရယ်"

ဟု ခင်စန်းကြည်က ငိုမဲ့မဲ့မျက်နှာလေးဖြင့် ပြောလေသည်။

"ငါက ဘယ်လိုအကူအညီပေးရမှာလဲ၊ တောထဲသွားပြီး လိုက်ရှာပေးရမှာလား"

"ဟုတ်တယ်၊ ငါတို့တတွေလဲ စိတ်ပျော့ပူပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင်ဖြစ်နေကြလို့ ငါလဲ နင့်ကို သတိရလို့ ပြေးလာခဲ့တာ၊ ကူညီနိုင်ရင် အကူအညီပေးပါဦး နီမောင်ရယ်"

"ဒီလောက်လဲ စိတ်ပူမနေပါနဲ့ဟာ၊ တောထဲမှာ ဘယ်လိုဖြစ်ကျန်ခဲ့တယ်၊ ဘယ်လိုအန္တရာယ်နဲ့ တွေ့တယ်ဆိုတာသာ သိဖို့ အရေးကြီးပါတယ်၊ ငါ့အဘနဲ့တိုင်ပင်ပြီး လိုက်ရှာပေးပါ့မယ်"





ဟု ပြောလိုက်တော့မှ ခင်စန်းကြည်လည်း အနည်းငယ် စိတ်သက်သာရာရသွားဟန်ဖြင့် မျက်ရည်လေးအဝိုင်းသားနှင့် ပြန်သွားလေတော့သည်။

ခင်စန်းကြည် ပြန်သွားမှ နီမောင်က အိမ်ထဲသို့ဝင်လာပြီး ဦးပန်းညိုအား အကျိုးအကြောင်း ပြောပြလိုက်သည်။

"တောထဲမှာ အများအပြွင်းတစ်ခုခုဖြစ်လို့ အခုလို ဒုက္ခရောက်ကြတာပဲ၊ ကိုယ့်ရွာသူရွာသားတွေဆိုတော့လဲ အခုလို အခက်အခဲတွေ့နေတဲ့အခါ အကူအညီပေးသင့်တာပေါ့"

ဟု ဦးပန်းညိုက ပြောလာသည်။

"ဒါပေမယ့် တောနက်ထဲမှာဆိုတော့ ရှာလို့မှ လွယ်ပါ့မလား"

"ဒီအတိုင်းလိုက်ရှာလို့ကတော့ လွယ်မယ်မထင်ဘူး။ ဂမုန်းဗေဒင်မေးကြည့်မှပဲ သိနိုင်တော့မယ်"

"ဂမုန်းဗေဒင်ဆိုတာ ဘယ်လိုဟာမျိုးလဲ အဘ"

"ဂမုန်းပင်မှာ စောင့်တဲ့ အစောင့်အရှောက်တွေကို ခေါ်မေးရတာမျိုးပေါ့"

"ဘယ်မှာလုပ်မှာလဲ အဘ"

"ဒါက ဒီနေရာမှာ လုပ်လို့မရဘူး။ ဂမုန်းပင်တွေရှိတဲ့နေရာမှာ သွားလုပ်မှရမှာ၊ တို့မြေးအဘိုး ဂမုန်းပွကို သွားကြရမယ်"

"ငမဲအောင်နဲ့စောထီးကို ခေါ်ခဲ့ရမလား အဘ"



www.burmeseclassic.com

"မဖြစ်ဘူးလေ၊ အဲဒီနေရာကို ဘယ်သူမှ အသိမပေးပါဘူးလို့ ကတိပေးထားတာ မင်းမေ့နေပြီလား"

ထိုအခါမှ ဘုရားပေါ်တွင် တွေ့ခဲ့သော အဘိုးအိုထံမှာ ကတိပေးထားခဲ့သည်ကို သတိရတော့သည်။ ထို့နောက် မြေးအဘိုးနှစ်ယောက် ရေနှင့်စားနပ်ရိက္ခာ အနည်းငယ် ထည့်ယူပြီး ကုန်းတန်းဘက်သို့ တက်ခဲ့ကြသည်။ လူမသိစေလိုသောကြောင့် လှေနှင့်မသွားဘဲ တောလမ်းခရီးမှ ခြေကျင်သွားကြလေသည်။

တောနက်ထဲရောက်သောအခါ လောင်းလှေပျက်ကြီးရှိသော နေရာသို့ အရင်သွားကြည့်ကြသည်။ ထိုနေရာမှာတော့ မြွေကြီးဝပ်နေခဲ့သော မြောင်းကြီးနှင့်ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော သစ်ပင်သစ်ကိုင်းများ ကျိုးပြတ်ပျက်စီးနေသည်ကိုသာတွေ့ရပြီး အခြားဘာမှ မတွေ့ရပေ။

"ဟိုမှာ တွေ့လား၊ လှေဝမ်းထဲမှာ တူးဆွထားတဲ့နေရာတွေ ပွနေတာပဲ၊ ဒီကလေးတွေ တောတောင်မာယာရဲ့ ပရိယာယ်ကို နားမလည်ကြဘဲ မလုပ်သင့်တာတွေ လျှောက်လုပ်လို့ ဒုက္ခတွေ့ကြရတာပဲ"

မြေးအဘိုးနှစ်ယောက် ထိုနေရာတစ်ဝိုက်တွင် လိုက်လံရှာဖွေကြည့်သော်လည်း ဘာမှမတွေ့ရသဖြင့် ကျိုက်ဒေးယျုံဘုရားရှိရာဘက်သို့ တက်ခဲ့ကြသည်။ ဘုရားရင်ပြင်တော်ပေါ်ရောက်တော့





လည်း ဘာမှမတွေ့ရပြန်သဖြင့် ဂမုန်းဂူရှိရာသို့ ဆက်လာခဲ့ကြသည်။

ဂမုန်းဂူရှိသော နေရာကိုတော့ တစ်ကြိမ်ရောက်ခဲ့ဖူးသည်မို့ အခက်အခဲမရှိ ရောက်အောင်သွားနိုင်ကြသည်။ လှိုဏ်အတွင်းမှာရှိသော ဂူပေါက်ဝအနီးသို့ ရောက်သောအခါ လူတစ်ယောက်ထွက်လာပြီး သူတို့ကို မေးသည်။

"ဘယ်ကိုလာကြတာလဲ"

"ကျုပ်တို့ ဂမုန်းဂူထဲ ခဏဝင်ပါရစေ၊ အဘဦးသူတော်ရဲ့ မိတ်ဆွေတွေပါ"

ထိုအခါမှ ဘာမှမပြောဘဲ ဂူထဲပြန်ဝင်သွားလေသည်။ အတန်ကြာတော့ ဂူထဲမှ အဘဦးသူတော် ထွက်လာသည်။

"ငါ့မြေးတို့ပါလား။ ကိစ္စရှိလို့လားကွယ်"

"ဟုတ်ကဲ့၊ အကြောင်းတစ်ခုရှိလို့ လာကြတာပါ အဘိုး"

"ဒါဖြင့် ဂူထဲကို လာကြလေကွယ်"

ဟု ခေါ်မှ ဂူထဲသို့ ဝင်လိုက်သွားကြသည်။ တစ်နေရာရောက်တော့ ဦးသူတော်က သူတို့ကို တစ်နေရာမှာ ထိုင်နိုင်းပြီး ...

"ကျုပ် အဓိဋ္ဌာန်ဝင်တော့မှာမို့ သွားတော့မယ်၊ မကြာခင် သမီးတို့ ရောက်လာပါလိမ့်မယ်၊ သူတို့ရောက်လာတော့မှ လိုတဲ့အကူအညီတောင်းကြပေါ့"

ဟု ပြောဆိုကာ ဂူထဲသို့ ဝင်သွားလေတော့သည်။



www.burmeseclassic.com

နီမောင်တို့မြေးအဘိုးနှစ်ယောက်လည်း ကျောက်ပြားတစ်ချ
ပေါ်တွင် ထိုင်စောင့်နေကြစဉ် ဂူထဲမှ လူသုံးယောက် ထွက်လာ
သည်။ အခြားသူများတော့ မဟုတ်ပေ။

သူတို့နှင့် တစ်ကြိမ်နှစ်ကြိမ် တွေ့ဖူးပြီးဖြစ်သော ခတ္တာ ဆိုသော
မိန်းကလေးနှင့် အဖော်နှစ်ယောက်တို့ကို တွေ့ရလေသည်။ နီမော
က ခတ္တာကို မြင်သောအခါ ဝမ်းသာသွားလေသည်။

ခတ္တာက ၎င်းတို့ယူလာသော ငှက်ပျောသီးမှည့်နှင့် သော
ရေတို့ကို ပေးသဖြင့် နီမောင်တို့နှစ်ယောက်လည်း စားကြရသည်

"အစ်ကိုတို့ ဒီကို ဘာလာလုပ်ကြတာလဲဟင်"

"တို့ရွာက လူတွေ ပျောက်နေလို့ လာရှာကြတာ၊ အဲဒါ အဘ
ဂမုန်းဗေဒင် မေးချင်လို့တဲ့၊ အဲဒါ ခတ္တာ အကူအညီပေးနိုင်မလားဟင်"

"ရပါတယ် အစ်ကိုရဲ့၊ အပန်းမကြီးလှပါဘူး၊ ကဲ ...ကဲ ဂူ
လာကြ"

ဟု ခေါ်သွားသဖြင့် နီမောင်တို့လည်း နောက်မှ လိုက်သွားကြ
သည်။ ဂူအတွင်းပိုင်းသို့ ရောက်သောအခါ ကျောက်ပြားချပ်ကြီးတ
ချပ်ရှိပြီး ထိုပတ်ဝန်းကျင်မှာလည်း ဂမုန်းပင်များစွာတို့ ရှိသည်။

ထိုနေရာသို့ရောက်သောအခါ ဦးပန်းညိုက အရှေ့အနော
တောင်မြောက်ဝဲယာ အရပ်ရှစ်မျက်နှာကို မှတ်သားပြီး စက်ဝိုင်းတ
ခုဝိုင်းသည်။ ပြီးလျှင် ဂမုန်းရန်လွတ် အရွက်ရှစ်ရွက်ကို ခူးယူ၍ အရ





စ်မျက်နှာနေရာတွင် မှောက်လျက်ချထားပြီး အလယ်တွင် ယူလာ
သော အမွှေးတိုင် ဖယောင်းတိုင်များကို မီးညှိ၍ ထွန်းသည်။

ထိုသို့ပြုလုပ်ပြီး ဂမုန်းနှင့်ပတ်သက်သော အစောင့်အရှောက်
များ၊ တောစောင့်နတ် တောင်စောင့်နတ်များ၊ မြင်အပ်သော ပုဂ္ဂိုလ်၊
မြင်အပ်သောပုဂ္ဂိုလ်များအား မေတ္တာပို့ တိုင်တည်ပြီး ပုတီးစိပ်နေ
လေတော့သည်။

နီမောင်တို့တစ်တွေလည်း တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စောင့်
ကြည့်နေကြလေသည်။ ဂူကြီးတစ်ခုလုံးမှာ အပ်ကျသံမျှဝင် မကြားရ
လောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

နီမောင်က အရပ်ရှစ်မျက်နှာနေရာတွင် ချထားသော ဂမုန်းရွက်
များကို အကဲခတ်ကြည့်နေသည်။ အလယ်တွင် ထွန်းထားသော
ဖယောင်းတိုင်မီး ကုန်ခါနီးသောအခါ အနောက်ဘက်အရပ်တွင် ချ
ထားသော ဂမုန်းရွက်မှာ တဖြည်းဖြည်းနှင့် အရောင်ပြောင်းလာသကဲ့
သို့ ဖြစ်လာကာ အစိမ်းရောင်မှ အညိုရောင်၊ ခဏကြာတော့ အညို
ရောင်မှ မီးကျွမ်းသောအရောင်ကဲ့သို့ မည်းလာလေတော့သည်။ ကျန်
ကဲ့ ဂမုန်းရွက် ခုနစ်ရွက်ကတော့ အစိမ်းရောင်အတိုင်းပင် ရှိနေသည်။

ဖယောင်းတိုင်မီး ငြိမ်းသွားသောအခါ ဦးပန်းညိုက ပုတီးစိပ်နေ
ရာမှ ထပြီး ဂမုန်းရွက်များကိုကြည့်ပြီး မီးကျွမ်းနေသကဲ့သို့ ဖြစ်နေ
သော ဂမုန်းရွက်ကို ကောက်ယူလိုက်သည်။ ဂမုန်းရွက်အခြေအနေ



www.burmeseclassic.com

ကို ကြည့်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။

"အခြေအနေ ဘယ်လိုလဲ အဘ"

နီမောင်က လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"ပျောက်နေတဲ့ လူတွေ ဒီကနေ အနောက်ဘက်မှာရှိတယ် ဒါပေမယ့် အခြေအနေကတော့ သိပ်ကောင်းပုံမရတော့ဘူး"

ဟု ပြန်ပြောလေသည်။

ထိုသို့ပြောပြီး အပြင်သို့ပြန်ထွက်လာစဉ် ဝူကြီးတစ်ခုလုံး သိမ့်သိမ့်တုန်လာပြီး အပေါ်မှ ကျောက်တုံးကျောက်ခဲအချို့ ပြိုကျလာသည်။ မြွေကြီးများ သိမ့်သိမ့်တုန်နေပုံမှာ လျှောင်လှုပ်သကဲ့သို့ ဖြစ်နေလေတော့သည်။

တစ်ဆက်တည်းမှာပင် ဝူပေါက်ဝ၏ အနောက်ဘက်တောထဲမှ သစ်ပင် သစ်ကိုင်းများ၊ ကျိုးပဲ့သံကြားရပြီး မရှေးမနှောင်းမှာပင် အလွန်ကြီးမားသော မြွေတစ်ကောင်၏ ဦးခေါင်းပိုင်းကြီး တိုးထွက်လာသည်ကို လှမ်းမြင်လိုက်ရသည်။

ရုတ်တရက်ရောက်လာသော မြွေကြီးကို မြင်လိုက်ရသောအခါ နီမောင်နှင့်ဦးပန်းညို့တို့နှစ်ယောက်မှာ ထိတ်လန့်တုန်လှုပ်သွားသော်လည်း နဘေးနားမှ လိုက်လာသော ခဗ္ဗာကတော့ ထူးထူးခြားခြား ဖြစ်ဟန်မရှိပေ။

ဝူပေါက်ဝသို့ ရောက်သောအခါ မြွေကြီးက ပါးစပ်ကိုဟ၍ အန်





ချလိုက်ရာ လူတစ်ယောက်ထွက်ကျလာသည်။ ထိုလူမှာ အခြားမဟုတ်ပေ။ သတို့သားလောင်း ဝင်းဇော်ပင်ဖြစ်တော့သည်။

"ဟင်"

"ဟာ"

ထိုသို့ အန်ချပြီးသည်နှင့် မြွေကြီးသည် နောက်ကြောင်းသို့ ပြန်လှည့်ကာ တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ ဦးပန်းညို့နှင့် နီမောင်တို့လည်း ဝင်းဇော်ကိုအခြေအနေ ကြည့်ကြသောအခါ ဝင်းဇော်တစ်ကိုယ်လုံးမှာ ချွဲများဖြင့် ရွှဲနေပြီး အသက်ပျောက်နေသည်ကို တွေ့ရလေသည်။

"နီမောင် ဒါ သတို့သားဆိုတဲ့ သူငယ်လား"

"ဟုတ်မယ်ထင်တယ်အဘ၊ ကျွန်တော်လည်း တစ်ခါလောက်ပဲ မြင်ဖူးတယ်"

"တို့ ဘယ်လိုလုပ်ကြမလဲ"

"အသက်မရှိတော့ဘူးဆိုတော့ ရွာပြန်သယ်ဖို့ မရတော့ဘူး"

"ဒါဖြင့်လည်း ရွာကလူတွေကိုပြန်ပြီး အကြောင်းကြားကြရုံရှိတာပေါ့။ ဒါပေမဲ့ သူ့ကိုဒီနေရာမှာ ထားခဲ့လို့တော့ မဖြစ်ဘူး တစ်နေရာ ရွှေ့ထားခဲ့မှ ဖြစ်မယ်"

"ဘာကြောင့်လဲ အဘ"

"ဒီဝူနေရာကို တခြားသူတွေ အသိပေးလို့မဖြစ်ဘူးလေ၊ အဘိုး



www.burmeseclassic.com

ကို ကတိပေးထားပြီးသားဆိုတော့ သူ့ကိုယူသွားပြီး ဂေလှပျက်ကြီးနားမှာပဲ အလောင်းစင်ပြင်ပြီး တင်ထားခဲ့ရင် မကောင်းဘူးလား”

“အဘာသဘောပဲ”

ဟုပြောကာ ဝင်းဇော်အလောင်းကို သယ်ပြီးပြန်ရင် ပြင်နေစဉ်မှာပင် ခတ္တာက နီမောင်အနီးသို့ကပ်ကာ..

“အစ်ကို ကျွန်မဆီကို တစ်ခေါက်ပြန်လာခဲ့ပါလား”

ဟုပြောသည်။

“လာခဲ့ရမလား”

“လာခဲ့လေ ကျွန်မ ကျိုက်ဒေးယုံဘုရားက စောင့်နေမယ်”

“ဒီလိုဆိုရင် ရွာမှာ ကိစ္စပြီးတာနဲ့ ပြန်လာခဲ့မယ်”

ခတ္တာက အပြုံးကလေးဖြင့် ခေါင်းညိတ်ပြလေသည်။

ထို့နောက် ဝင်းဇော်အလောင်းကို စိတ်မကောင်းစွာနှင့် သယ်ယူခဲ့ကြပြီး ဂမုန်းဝှရိုရာမှ ပြန်ထွက်လာခဲ့ကြလေသည်။

ဂူပေါက်ဝမှာတော့ ခတ္တာက မတ်တတ်ကလေးရပ်ကာ ကျန်နေခဲ့လေသည်။

****





# အခန်း (၁၀)

## သူယောင်မယ်ချစ်သူ

ဆောင်းည၏ လရောင်သည် နေသူရိန်ကုန်းတန်းတစ်ကျောပေါ်သို့ ဖြာဆင်းကျနေလေသည်။

နတ်တော်လ၏ အရှယ်ရင့် ဆောင်းရာသီ၏ ပြယုတ်ဖြစ်သော ဆီးနှင်းများက ပတ်ဝန်းကျင်တစ်ခုလုံးကို ကမ္မလာနှင့် ဖုံးအုပ်ထားသကဲ့သို့ ကနစိုပင်ကြီးများအပေါ်မှာ အခိုင်လိုက် အခက်လိုက်ပွင့်နေကြသည်။ ပန်းရနံ့များကလည်း တောတစ်တောလုံး ကြိုင်လျက်ရှိနေတော့သည်။

တစ်စွန်းတစ်စ ကျဆင်းနေသော လရောင်က သစ်ပင်သစ်ခက်များကြားမှ ကျိုက်ဒေးယုံဘုရားရင်ပြင်ပေါ်သို့ မှန်ဝါးလှစွာ ကျဆင်း



www.burmeseclassic.com

နေတော့သည်။ ဘုရားရင်ပြင်တော်ပေါ်မှာ လူနှစ်ယောက်ရှိနေကြသည်။ နီမောင်နှင့် ခတ္တာတို့ပင် ဖြစ်ကြသည်။

နီမောင်က ခတ္တာကို ပေးထားခဲ့သော ကတိအတိုင်း နောက်တစ်ရက်နှစ်ရက်ကြာသောအခါ ခတ္တာနှင့် ချိန်းထားသော ကျိုက်ဒေးယံဘုရားသို့ တစ်ခေါက်ပြန်လာကာ တွေ့ကြခြင်းဖြစ်၏။

သူတို့သည် ညဦးပိုင်းတွင် ဘုရားပေါ်ရှိ ကြုလ်ထောင့်များတွင် ပန်းရေချမ်း၊ ဆီမီးစသည်တို့ဖြင့် လိုက်လံပူဇော်ကြပြီး အတော်ကလေး ညဉ့်နက်လာသည်အထိ ရင်ပြင်တော်ပေါ်မှ မပြန်သေးဘဲ စကားပြောနေကြခြင်းဖြစ်သည်။

"မင်းရဲ့နာမည် ခတ္တာဆိုတာတော့ မင်းတစ်ခါပြောထားလို့ မှတ်မိပါတယ်၊ ကိုယ့်နာမည်က နီမောင်လို့ ခေါ်ပါတယ်"

"ကျွန်မသိပါတယ်"

ခတ္တာက အပြုံးကလေးဖြင့် ပြောသဖြင့် အံ့သြသွားလေသည်။

"ကိုယ်လည်း တစ်ခါမှ မပြောဘဲနဲ့ မင်းကဘယ်လိုသိတာလဲ"

"ဒီလိုပဲ သိတာပေါ့"

"ကဲ ဒါက ထားပါတော့ မင်းနဲ့ကိုယ်နဲ့က အသိအကျွမ်းတွေဖြစ်ကြပြီဆိုတော့ မင်းရဲ့အကြောင်းကို နည်းနည်းလောက် ပြောပြပါလား"

"အစ်ကိုက ကျွန်မကို ဘယ်လိုများထင်နေလို့လဲ"





"အင်း မှန်တဲ့အတိုင်းပြောရရင်တော့ မင်းတို့ဂမုန်းသူယောင်မယ်ဖြစ်ချင်ဖြစ် ဒါမှမဟုတ် တောထဲမှာရှိတဲ့ ကျတ်တွေက လူယောင် ဖန်ဆင်းထားသလားလို့တောင်မှ ထင်နေမိတာ"

နီမောင်က စိတ်ထဲရှိတဲ့အတိုင်းပင် ဖွင့်ပြောလိုက်သည်။

"ထင်ရက်လိုက်တာ အစ်ကိုရယ် အစ်ကိုပြောသလိုဆိုရင် တောထဲမှာရော လူတွေမနေကြတော့ဘူးလား"

"အင်း နေတဲ့လူတွေလည်း ရှိပါတယ်၊ ဒါပေမဲ့နေတဲ့လူတွေက အမဲလိုက်သမားတွေနဲ့ တောခုတ်သမားတွေလောက်သာ နေကြတာဆိုတော့ အခုလို မင်းတို့ကို တွေ့တော့ အံ့သြနေမိတယ်"

"အစ်ကိုသံသယရှိနေရင် ကျွန်မ ရှင်းပြပါ့မယ်"

"ရှေးတုံးက ကျုံတုံမြို့ဆိုတာ ခုလံသံလိုက် သုမထိုက်ဆိုတဲ့ ချောင်းဖျားဘက်မှာ ရှိခဲ့ဖူးတယ် အစ်ကိုရဲ့၊ ကြက်ပျံမကျအောင် စည်ကားခဲ့တဲ့ မြို့ကြီးတစ်မြို့ပေါ့၊ အဲဒီအချိန်မှာ ဟံသာဝတီပြည်မှာ ဗညားဒလဆိုတဲ့ မွန်ဘုရင်တစ်ပါး အုပ်ချုပ်နေတယ်၊ နောက်တော့ မြန်မာဘုရင် ဦးအောင်ဇေယျက ဟံသာဝတီကို တိုက်ခိုက်သိမ်းပိုက်လို့ ဟံသာဝတီပျက်သွားအချိန်မှာ ကျုံတုံမြို့စားကြီးလည်း သူ့မြို့ သူ့ရွာကို မြေလှန်ဖျက်ဆီးပြီး ဂုံညင်းတန်းမြစ်အတိုင်း အောက်ဖက်ကို စုန်ဆင်းလာကြရင်း လူသူမရောက်နိုင်တဲ့ မိန်းမလှကျွန်းနဲ့ အစု နေသူရိုန်ကုန်းတန်းလို့ခေါ်တဲ့ ထော်ဆီထော်ပိုင်တောဝိုက်မှာ

အခြေချနေထိုင်ခဲ့ကြတယ်၊ အဲဒါ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော် အချိန်လောက်ကပေါ့"

"အင်း ဆက်ပြောပါဦး"

"မြို့စားကြီးရှိစဉ်က ဒီတောတွေထဲမှာ ဘုရားတွေတည်သွားခဲ့တာ ရှိတယ်၊ ဒီဘက်မှာ ကျိုက်ဒေးယံ့ဘုရား၊ မိန်းမလှကျွန်းပေါ်မှာ မျောက်တစ်ရာဘုရား၊ ဟိုး အောက်တက် မရမ်းချောင်းဖျားဘက်မှာလည်း ရှိသေးတယ်"

"လူကြီးတွေ ပြောသံတော့ ကြားဖူးတယ်"

"နောက် မြို့စားကြီးမရှိတော့တဲ့အချိန်ရောက်တော့ မြို့စားကြီးနဲ့ ပါလာတဲ့ နောက်လိုက်နောက်ပါတွေဟာ ရေကြည်ရာ မြက်နုရာနေရာတွေမှာ ကိုယ့်အုပ်စုနဲ့ကိုယ် ရွှေ့ပြောင်းနေကြတယ်၊ ကဒုံ၊ ရေး၊ အမာ၊ ပျဉ်ဒရယ်၊ မရမ်းချောင်း၊ ထော်ဆီထော်ပိုင်တွေမှာ ရှေးကလူတွေ တည်ထားခဲ့တဲ့ ရွာတွေ နေရာတွေရှိနေသေးသလို လူတွေနဲ့ ဝေးဝေးနေချင်ကြတဲ့ အဖွဲ့တွေဆိုရင် တောတောင်တွေထဲမှာ လျှို့ဝှက်ပြီး နေကြတဲ့ လူတွေအများကြီးရှိတယ်"

"ဒါဖြင့် မင်းတို့လည်း အဲဒီလို လျှို့ဝှက်ပြီးနေကြတဲ့ လူတွေထဲမှာ ပါတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ပထမတော့ ကြောက်ပြီး တောထဲမှာပုန်းနေကြတာပါ၊ ကြာလာတော့လည်း အခုလို သီးသီးသန့်သန့် နေရတာ





ကို သဘောကျပြီး ဆက်နေကြတာပါ"

ဟု ခတ္တာဆိုသော မိန်းကလေးက ရှင်းပြလေသည်။

"ဒါဖြင့် အခု မင်းတို့နေတဲ့ နေရာက ဘယ်မှာလဲ"

"ဂမုန်းတူကြီးရဲ့ အတွင်းဘက်မှာပါ၊ ဒါပေမဲ့ ရွာတော့မဟုတ်ပါဘူး မိသားစု ဆွေမျိုးတွေ စုနေကြတာပါ"

"ဒါဖြင့် အဘိုးဦးသူတော်က မင်းတို့ရွာကပဲပေါ့"

"ဟုတ်ပါတယ် အဘိုးက ကျွန်မတို့အားလုံးကို အုပ်ချုပ်ပြီး စောင့်ရှောက်ထားတာပါ"

"မင်းတို့တွေ စားဖို့သောက်ဖို့ကျတော့ ဘယ်လိုစီစဉ်ကြသလဲ"

"ကျွန်မတို့နေတဲ့ နေရာတွေမှာ သီးပင်စားပင်တွေ စိုက်ပျိုးထားတာတွေ ရှိပါတယ် ငှက်ပျောပင်၊ သရက်၊ ပိန္နဲ၊ မာလကာစတဲ့ အပင်ကြီးတွေအပြင် ရာသီထွက်သီးနှံပင်တွေလည်း အစုံရှိပါတယ်၊ တခြားလိုတဲ့ပစ္စည်းတွေကိုတော့ တစ်ခါ တစ်ခါ ဓားမြချောင်းတို့ စက်စုတို့ဘက် ထွက်ပြီးဝယ်ပါတယ်"

"ပိုက်ဆံကျတော့ ဘယ်က ရကြသလဲ"

"ကျွန်မတို့ ဘိုးဘွားတွေ ကျန်ခဲ့တဲ့ ရွှေငွေ လက်ဝတ်ရတနာတွေကို ထုခွဲရောင်းချပြီး သုံးလို့ရပါတယ်၊ ပစ္စည်းဝယ်တဲ့ ဆိုင်တွေက မေးရင် တောထဲတွင် ရှာရင်းဖွေရှင်းရတာလို့ ပြောလိုက်ရုံပါပဲ"

ခတ္တာ ကြားသောအခါ နီမောင်က သဘောကျစွာ ပြုံးလိုက်



www.burmeseclassic.com

လေသည်၊

"ဒါတွေကတော့ ဟုတ်ပါပြီ၊ နောက် သိချင်တာလေးတွေကို မေးပါရစေ"

"မေးလေ အစ်ကို"

"ဝူကြီးထဲမှာရှိတဲ့ ဂမုန်းပင်တွေနဲ့ မင်းတို့က ဘယ်လိုဆက်စပ်မှု ရှိကြတာလဲ"

"ဂမုန်းပင်တွေက အဘိုးစိုက်ထားတာတွေပါ၊ အဘိုးက ဂမုန်းပင်စိုက်တာ ဝါသနာပါတယ်၊ နောက်ပြီး ဂမုန်းပင်တွေရဲ့ ထူးခြားမှုနဲ့ အစွမ်းတွေကိုလည်း စိတ်ဝင်စားတော့ အခုလို စိုက်ပျိုးထားတာပါ"

"ဘယ်လို ထူးခြားမှုတွေ ရှိလဲဟင်"

"ဒါကတော့ ခတ္တာမသိဘူး အဘိုးပုတီးစိတ်ပြီး ထွက်လာမှပဲ အစ်ကိုဖာသာမေးကြည့်ပေတော့"

ခတ္တာပြောရင်း ဝါးကျည်တောင့်ထဲမှာ ထည့်ထားသော ဂမုန်းဥနှင့် ပျားရည်စိမ်ထားသော အရည်ကို ငွေခွက်ဖြင့် ထည့်ကာ နီမောင်ကို ပေးသဖြင့် သောက်ကြည့်ရာ ထူးခြားသော အရသာရှိနေလသည်။

နှစ်ယောက်သား ဘုရားရင်ပြင်တော်ပေါ်မှာ ထိုင်စကားပြောနေကြစဉ် လရောင်ကလည်း တဖြည်းဖြည်းမြင့်တက်လာကာ အအေးဓာတ်တလည်း မိုလာတော့သည်။

"အင်း ခတ္တာတို့ဘဝကိုကြည့်ပြီး စိတ်ချမ်းသာလိုက်တာ အထူး





သဖြင့် လူတွေနဲ့ ဝေးဝေးနေကြတော့ လောဘ၊ ဒေါသ၊ မောဟ အပူတွေ မဟပ်မိတော့ လူလည်းအေးချမ်း စိတ်လည်းချမ်းသာနေကြတာ ဖြစ်ရမယ်"

"ဒါကြောင့်လည်း ကျွန်မတို့တတွေ အပြင်မထွက်တော့ဘဲ တောထဲမှာပဲ နေကြတာပေါ့အစ်ကို၊ ကျွန်မတို့ဆီမှာ ရှေးကဘိုးဘွားတွေ ထားခဲ့တဲ့ ရွှေငွေလက်ဝတ်ရတနာတွေ အများကြီးရှိပါတယ်၊ ဒါတွေကို အရင်းအနှီးပြုရင် ဘယ်လိုနေရာမဆို နေလို့ရနိုင်ပါတယ် ဒါပေမဲ့ အဲဒီပစ္စည်းတွေကြောင့်ပဲ တစ်နေ့ကျရင် စိတ်ဆင်းရဲမှုတွေရနိုင်တယ်"

နီမောင်က ခတ္တာထံမှ ထိုကဲ့သို့သော စကားများကို ကြားရသဖြင့် အံ့သြနေတော့သည်။

"စိန်ရွှေငွေ ရတနာပစ္စည်းဆိုတာ အရောင်ထွက်တယ်၊ အဲဒီအရောင်တွေက လူတွေရဲ့ လောဘစိတ်ကို သွားပြီးအရောင်ဟပ်မိရင် ဒေါသတွေ၊ မောဟတွေ၊ မစ္ဆရတွေအဖြစ် ရောင်ပြန်တွေ ထွက်လာလေ့ရှိတယ်။ ဒီအခါကျရင် ကောင်းကျိုးထက် ဆိုးကျိုးတွေဖြစ်လာဖို့များတယ်၊ ဒီတောထဲမှာ ကိုယ့်အတွက် အန္တရာယ်ကင်းပါတယ်"

"ခတ္တာဆီက ဒီလိုစကားမျိုးကြားရတာ ကိုယ်တော့အတော်အံ့သြမိပါတယ်၊ ကိုယ်လည်း လောဘ ဒေါသတွေနဲ့ကင်းတဲ့ ဒီလိုနေရာမျိုးကို သိပ်ပြီး သဘောကျတယ်"

"အစ်ကိုသဘောကျရင် ဒီမှာလာနေပါလား အစ်ကိုရဲ့"



www.burmeseclassic.com

"လာနေရင်ရော ခွာတို့က လက်ခံမှာမို့လား"

"ကျွန်မတို့က သီးခြားနေကြတာဆိုတော့ တစ်ခါတစ်ရံ ရောက်လာတဲ့ ဧည့်သည်မျိုးဆိုရင် လက်ခံပါတယ်"

"ကိုယ်က ဧည့်သည်လို သွားလိုက်ပြန်လိုက်နေချင်တာ မဟုတ်ဘူး"

"အစ်ကိုက ဘယ်လိုနေချင်လို့လဲ"

"အိမ်သူအိမ်သားဘဝနဲ့ တစ်သက်လုံးကို နေချင်တာ"

"အို"

နီမောင်၏ ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်သော စကားကြောင့် ခွာမျက်နှာလေးမှာ ရှက်စိတ်လွှမ်းသော အမူအယာဖြင့် ခေါင်းငုံ့သွားလေသည်။

"ဒါ ကိုယ့်ရင်ထဲက တကယ်ရှိတာကို ပြောတာပါ၊ ဟိုးလွန်ခဲ့တဲ့ လပိုင်းလောက်က ခွာကို ကိုယ်အိပ်မက်မက်ခဲ့ဖူးတယ်"

"ဟင်"

"အဲဒီနောက်တော့ တောထဲမှာ ခွာကို တွေ့ပြီးကတည်းက ခွာကို စွဲလန်းနေခဲ့တာပါ။ အခုတော့ စကားအခွင့်သာတုန်း ကိုယ့်ရင်ထဲမှာ ရှိတာကို ဖွင့်ပြောတာပါ။ ဒီလိုပြောတဲ့အတွက် အခွင့်အရေးယူတဲ့လူဆိုပြီး ကိုယ့်ကိုစိတ်ဆိုးသွားသလား ခွာ"

"ကျွန်မဘဝမှာ ဒီလိုစကားမျိုးတစ်ခါမှ မကြားခဲ့ဘူးတော့ အံ့ဩ





နေမိတာပါ။ ကျွန်မ အစ်ကို့ကို စိတ်မဆိုးပါဘူး"

"ဒါဖြင့် ကိုယ့်ကို အဖြေတစ်ခုခု ပေးပါလား"

"ကျွန်မ အဘိုးနဲ့ တိုင်ပင်ပါရစေ ကျွန်မတို့ဘဝမှာ အဘိုးရဲ့ ခွင့်ပြုချက်မရဘဲ ကိုယ့်သဘောနဲ့ကိုယ်ဘာမှ လုပ်လို့မရပါဘူး၊ အဘ သဘောကို သိရရင် ကျွန်မအစ်ကို့ကို အဖြေတစ်ခုတော့ ပေးပါ့မယ်"

ဟု ပြောသဖြင့် နီမောင်လည်း ကျေနပ်လိုက်ရလေတော့သည်။ ဆိုညက ညဦးအတော်နက်မှ ဂူထဲသို့ ပြန်ဝင်ခဲ့ကြသည်။ ခွာက နီမောင်ကို ဂူအတွင်းတစ်နေရာမှာ နေရာပေးခဲ့ပြီး သူမကတော့ ဂူအတွင်းသို့ ဝင်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်လင်း၍ ရွာသို့ပြန်ရန်အတွက် ခွာကို ရှာဆက်ရန် ဂူထဲသို့ ဝင်ကြည့်သောအခါ ခွာပြောခဲ့သလို အတွင်း၌ လူနေသည့်နေရာများ မတွေ့ရသလို ခွာကိုလည်း အရိပ်အယောင်မှပင် မတွေ့ရတော့ပေ။

သို့ကြောင့် ရွာသို့ပြန်လာခဲ့သည်။ နောက်ပိုင်းရက်များမှာတော့ တောတက်သွားသည့်အခါတိုင်း စောထီးနှင့် ငမဲအောင်တို့ကိုပင် အသိမပေးတော့ဘဲ တစ်ယောက်တည်း သွားပါများသောအခါ ကျန်လူများကပင် သူ့ကိုသံသယဝင်လာတော့သည်။

အဘိုးဖြစ်သူ ဦးပန်းညိုကိုယ်တိုင်ပင် မြေးဖြစ်သူနီမောင်ကို ဘဝစေ့တစောင်း အကဲခတ်ကြည့်ရသည်အထိ ဖြစ်လာတော့သည်။

နီမောင်ကတော့ ဘာမှမဖြစ်သလို ဟန်မပျက်နေသည်။

"နီမောင်"

"ဗျာ အဘ"

"မင်း ခုတလော တယ်ပြီးထူးခြားနေပါလား တောထဲတက်တာ အဖော်မခေါ်ဘဲ တစ်ယောက်တည်းသွားသွားနေတယ်ဆို"

"ဟုတ်ပါတယ် အဘ"

"ဘာကြောင့် တစ်ယောက်တည်း သွားတာလဲ"

"ဘာရယ်လို့တော့ မဟုတ်ပါဘူး အဘ၊ တစ်ယောက်တည်းသွားတာလည်း အဆင်ပြေနေတော့ အဖော်မခေါ်တော့တာပါ"

ဟုသာ အဖြေပေးလေရာ ထိုအဖြေကိုတော့ ဦးပန်းညိုက သိပ်ပြီး ဘဝင်မကျလှပေ။ နီမောင်အနေနဲ့ တစ်စုံတစ်ခုကို ဖုံးကွယ်ထားသည်ဟု စိတ်ထဲမှာ ထင်နေမိသည်။

တစ်နေ့တော့ နီမောင်မရှိခိုက် စောထီးနှင့် ငမဲအောင်ကို ခေါ်ပြီး အကျိုးအကြောင်း မေးကြည့်ရသည်။

"ကဲ မင်းတို့သိသမျှလည်း ငါ့ကို ပြောပြပါဦး"

"ကျွန်တော်တို့အထင်ပြောရရင်တော့ နီမောင်တောထဲမှာ ဂမုန်းသူယောင်မယ်တွေနဲ့တွေ့ပြီး အခုလို လှို့လှို့ဝှက်ဝှက်လုပ်နေတာလို့ ထင်တာပဲ"

"ဘယ်လို ဂမုန်းသူယောင်မယ်လဲ သေချာအောင် ပြောပါဦးဟ"





"သူ တောထဲမှာ မိန်းကလေးတစ်ယောက်နဲ့တွေ့ပြီး အသိမိတ်ဆွေဖြစ်နေကြပုံရတယ်၊ သူ အဲဒီမိန်းကလေးကို စွဲလန်းနေပုံရတယ်"

ဟုပြောသဖြင့် ဦးပန်းညိုအနေနဲ့ လေးလေးနက်နက် စဉ်းစားရတော့သည်။

"အင်း ငါ့မြေးတော့ တစ်ခုခု လွဲနေပြီနဲ့တူတယ်၊ သေသေချာချာ စုံစမ်းပြီးတော့ မဖြစ်သင့်တာ မဖြစ်ရအောင် စီစဉ်မှဖြစ်တော့မယ်"

ဟု တွေးတော စိတ်ကူးယဉ်နေမိလေသည်။

ထိုသတင်းက တဆင့်စကား တဆင့်ကြားပြီး စက်ဆန်းရွာတစ်ရွာလုံး ပျံ့နှံ့သွားလေတော့သည်။

"နီမောင်တစ်ယောက် တောထဲမှာ ဂမုန်းသူယောင်မယ်နဲ့တွေ့ပြီး တောထဲကို တစ်ယောက်တည်း ခဏခဏသွားနေသတဲ့"

"ဂမုန်းသူယောင်မယ်ဆိုတာ ဟုတ်ချင်မှဟုတ်မှာပါ။ ကျုတ်ကုန်းက ကျုတ်တွေကရော လူယောင်ဆောင်ပြီး ဖမ်းစားထားတာရော မဖြစ်နိုင်ဘူးလား"

"နင်တို့က အဲဒါတွေပဲ ပြောကြတယ်၊ အခု သူသွားသွားနေတဲ့ နေသူရိန်ကုန်းတန်းဆိုတာ ရှေးကလူတွေနေသွားခဲ့တဲ့ နေရာတွေဆိုတော့ သိုက်ကုန်းတွေဘာတွေ ရှိချင်ရှိမှာပေါ့၊ အဲဒီ ဥစ္စာစောင့်တွေရော မဖြစ်နိုင်ဘူးလား"

ဟု တစ်ယောက်တစ်မျိုး ထင်ကြေးပေးကာ ပြောဆိုနေကြ



www.burmeseclassic.com

လေသည်။ ဘယ်သူတွေဘာပြောပြော နီမောင်ကတော့ ခါတိုင်းကဲ့သို့ပင် တောထဲသို့ သွားမြဲသွားလျက် ရှိသည်။

တစ်နေ့တွင် အိပ်မက်ထဲမှာ ခတ္တာကိုတွေ့ရပြီး တောထဲမှာ စောင့်နေမည်ဖြစ်၍ လာခဲ့ပါရန် မှာကြားသွားလေသည်။

သို့ကြောင့် နံနက်စောစောမှာပင် ရွာမှထွက်လာခဲ့လေတော့သည်။ သူ ခတ္တာနှင့် မတွေ့ရတာ အတော်ကြာလေပြီ။ ကျိုက်ဒေးယုံဘုရားပေါ်မှာ တွေ့ခဲ့ရပြီးနောက်ပိုင်း တစ်ကြိမ်မှ ထပ်မတွေ့ရတော့ပေ။

ယခုလည်း ထူးထူးခြားခြား အိပ်မက်မက်သဖြင့် မိမိစိတ်စွဲ၍များ မက်လေသလားဟု ထင်နေမိသည်။

နံနက်လင်းစအချိန်သာသာလောက်မှာပင် ကျိုက်ဒေးယုံဘုရားဆီသို့ ရောက်သွားပြီး ဘုရားပေါ်တွင် ဘုရားပန်းများလဲနေသော ခတ္တာကို တွေ့ရလေသည်။

ထိုအခါမှ အိပ်မက်ထဲမှာ ခတ္တာလာပြောခြင်းသည် တကယ်ပါလားဟု သိလိုက်ရသည်။

"ကိုယ် ညက အိပ်မက်ထဲမှာ မင်းကို တွေ့လိုက်ရလို့ လာခဲ့တာ"

ထိုအခါ ခတ္တာက အပြုံးဖြင့် လှည့်ကြည့်လေသည်။

"ဟုတ်တယ်လေ ကျွန်မ အစ်ကို့ကို တွေ့ချင်လို့ လာမှာတာပါ"

ဟုပြောသည်။





"ဒါဖြင့် အိပ်မက်ထဲမှာ မင်း တကယ်ရောက်လာတာပေါ့"

ပြုံး၍ ခေါင်းညိတ်ပြသည်။

"ကိုယ်မင်းကို တွေ့ချင်လို့ လာရှာတာ နှစ်ခေါက် သုံးခေါက် ရှိသွားပြီ တစ်ခါမှ မတွေ့ရဘူး"

"ကျွန်မက အဘိုးရဲ့ ခွင့်ပြုချက်ရမှ အပြင်ကိုထွက်လို့ရတာ ကိုယ့် သဘောနဲ့ကိုယ် ထွက်လို့မရဘူး၊ အစ်ကိုရဲ့ ဒါကြောင့် အစ်ကို လာတိုင်း ထွက်မတွေ့နိုင်တာပါ"

ထိုစကားကြားသောအခါ နီမောင်စိတ်ထဲမှာ နည်းနည်းတော့ သံသယဝင်သွားမိလေသည်။

"ကဲ ထားပါတော့ အခု ကိုယ်ရောက်လာပြီဆိုတော့ ကိုယ် တောင်းထားတဲ့ အဖြေကို ပေးတော့မှာလား"

"ကျွန်မ အဘိုးဆီမှာ ခွင့်တောင်းပြီးပါပြီ ဒါပေမဲ့ အဖြေမပေးခင် အစ်ကို့ဆီက ကတိတစ်ခုတော့ တောင်းချင်ပါတယ်"

"ဘယ်လို ကတိမျိုးပါလိမ့်"

"ကျွန်မရဲ့အကြောင်းကို ဘယ်သူ့ကိုမှ မပြောပါဘူး ဆိုတာရယ် အရေးကြုံလာရင် ကျွန်မတို့ဘက်က ကာကွယ်ပေးရမယ်ဆိုတဲ့ ကတိပဲ"

"ဒီကတိမျိုးကိုတော့ ပေးနိုင်ပါတယ်၊ ခတ္တာပြောတဲ့အချက် နှစ်ချက်စလုံးကို ကိုယ့်ဘက်က သစ္စာစောင့်ပါ့မယ်၊ ကဲ ခတ္တာလို



www.burmeseclassic.com

ချင်တဲ့ ကတိကိုပေးပြီးပြီ ကိုယ်ဘောင်းထားတဲ့ အဖြေကို ပေးပေတော့"

ထိုအခါ ခတ္တာဆိုသော မိန်းကလေးက ချစ်စဖွယ်အပြုံးကလေးဖြင့် နီမောင်ကို မော့ကြည့်လိုက်ရင်း…

"ကျွန်မ အစ်ကို့ မေတ္တာကို လက်ခံပါ့မယ်"

ဟု တိုးတိုးလေး ပြောလိုက်လေသည်။

"မေတ္တာကို လက်ခံပြီးရင် တုံ့ပြန်ဖို့လည်း လိုသေးတယ်လေ"

"အတူတူပေါ့ အစ်ကိုရယ် ကျွန်မက အစ်ကို့မေတ္တာကို လက်ခံသလို ကျွန်မရဲ့ မေတ္တာကိုလည်း အစ်ကို့ကို ပေးပါ့မယ်"

"ဒီစကားကြားရတာ ကိုယ်ဖြင့် ဝမ်းသာလိုက်တာ ခတ္တာရယ်"

ဟု ခတ္တာ၏ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ဇလုံးဇထွေးဖြင့် ပြောလိုက်လေသည်။ ထိုသို့ ချစ်သူဘဝရောက်ရှိသွားသော ခတ္တာနှင့် နီမောင်တို့ နှစ်ယောက်ကြည်နူးမဆုံး ဖြစ်နေကြစဉ် ကျိုက်ဒေးယုံဘုရားရှိရာသို့ အမှတ်မထင် ရောက်လာသော လူနှစ်ယောက်ကိုတော့ သူတို့နှစ်ယောက် သတိမပြုမိလိုက်ကြပေ။

ထိုလူနှစ်ယောက်မှာ အခြားမဟုတ်ပေ။ တောပစ်ထွက်လာရင်း ထိုနေရာသို့ အမှတ်မထင် ရောက်လာသော မုဆိုးကြီးဦးမွန်ထော်နှင့် သူ့တပည့် စံနက်ကျော်တို့ပင် ဖြစ်ပေတော့သည်။

* * * *





## အခန်း (၁၁)

## တစ်ခါတစ်ရံ အချစ်ဟူသည်

သတို့သားဝင်းဇော် တောထဲမှာ သေဆုံးသွားခြင်းကိစ္စနှင့် ပတ်သက်၍ ၎င်း၏ မိဘများက မကျေနပ်ကြပေ။ ထို့အတူ သူကြီးဦးဘဟန်ကိုယ်တိုင်ကပင် ထိုသို့ဖြစ်ရခြင်းအတွက် စိတ်မကောင်းဖြစ်ရုံမက ဒေါသလည်း အကြီးအကျယ် ထွက်နေလေသည်။

"ဒီကိစ္စမျိုးဖြစ်ရတာ သိပ်ပြီးရှက်ဖို့ကောင်းတယ်၊ တစ်ဖက်က လူတွေကလည်း သူတို့သားသေရတဲ့အတွက် ဝမ်းနည်းဖို့ ကောင်းသလို တို့အတွက်လည်း သမီးအတွက်အရှက်ရပြီး နစ်နာတာပဲ၊ [illegible] ဆိုရင် ဒီနယ်တစ်ခုလုံး ဖိတ်စာတွေ ဝေပြီးမှ အခုလိုဖြစ်ရတော့

ဘယ်လောက်ရှက်ဖို့ ကောင်းသလဲ"

လူကြီး ဦးဘဟန်အသံက ဟိန်းထွက်နေလေသည်။

"ဟုတ်တယ် ကိုဘဟန် ဒီကိစ္စအတွက် တော်အရေးယူမှဖြစ်မယ် ဒီကိစ္စဟာ သွေးရိုးသားရိုး ဖြစ်ချင်မှ ဖြစ်မယ်၊ ကျုပ်သတင်းကြားရတာကတော့ တောထဲမှာ ပုန်းနေတဲ့လူတွေရှိတယ်လို့ သိရတယ်၊ မောင်ဝင်းဇော်သေရတာ အဲဒီလူတွေရဲ့ လက်ချက်ရော မဖြစ်နိုင်ဘူးလား"

သူကြီးကတော် ဒေါ်မြမေက ဝင်ပြောလေသည်။

"မင်း ဘယ်သူက ပြောသလဲ"

"တော်လဲ သိပ်ပြီး အေးတာပဲကိုး၊ အဲဒီတောထဲမှာ နေတဲ့ ကောင်မလေးတစ်ယောက်နဲ့ ကျုပ်တို့ရွာက ကောင်လေးတစ်ယောက်နဲ့ ချစ်ကြိုက်နေတယ်ဆိုတာရော ရှင်သိရဲ့လား"

သူကြီးကတော်စကားကြောင့် ဦးဘဟန်ကိုယ်တိုင် အံ့ဩသွားလေသည်။

"မင်း ဥစ္စာဟုတ်ရဲ့လားကွာ"

"ဩော် တော်ကလည်း ကျားကိုက်ပါတယ်ဆိုမှပဲ အပေါက်နဲ့လားလို့ မေးနေသလိုဖြစ်နေပြီ"

"နေပါဦး တို့ရွာက ကောင်လေးဆိုတာ ဘယ်သူလဲ"

"ဘယ်သူရှိရမှာလဲ နီမောင်လေ"





"သူနဲ့တောထဲမှာနေတဲ့ ကောင်မလေးနဲ့ ကြိုက်နေကြတယ်ဆိုတာ မင်းကို ဘယ်သူပြောတာလဲ"

"ဒီအကြောင်းကို တော် တစ်ယောက်ကလွဲပြီး စက်ဆန်းမှာရှိတဲ့ လူတွေအားလုံးသိကြတယ်၊ ဗမုန်းထန်တို့ အဖွဲ့တွေလည်း ဒီအကြောင်းတွေကို ရိပ်မိတနံသလောက် ရိပ်မိတယ်၊ ဒီထက် သေချာအောင် ပြောရရင် အခုရှက်ပိုင်း အတွင်းမှာကို သူတို့နှစ်ယောက်ကို မျက်စိနဲ့ တပ်အပ်မြင်တဲ့ လူတွေရှိနေတယ် အဲဒါရော တော်သိရဲ့လား"

"ဟင့်အင်း ငါ မသိသေးဘူး ဘယ်သူတွေများလဲ"

"ဦးမွန်ထော်တို့ ဆရာတပည့်နှစ်ယောက်ပေါ့၊ ဦးမွန်ထော်ကတော့ ဘာမှမေးလို့မရဘူး၊ သူ့တပည့် စံနက်ကျော်ကို ကျုပ် အရက်ဖိုးပေးပြီး မေးကြည့်တော့မှ အားလုံးသိရတာ၊ ကျုပ်သူ့ကိုခေါ်ထားတယ် တော် မယုံရင် ခေါ်မေးကြည့်ပါလား"

ဟုပြောသဖြင့် ဦးဘဟန်က စံနက်ကျော်ကို ခေါ်မေးလေသည်။ စံနက်ကျော်မှာ အရက်အနည်းငယ် မူးနေဟန်ရှိသည်။

"စံနက်ကျော် တော ထဲမှာ မင်းဘာတွေ တွေ့ခဲ့မြင်ခဲ့တယ်ဆိုတာ ပြောပြပါဦး"

"ကျွန်တော်နဲ့အဘထော်နဲ့ တောထဲမှာ အမဲလိုက်ရင်းနဲ့ ကိုင်းကြက်အေးယုံတုရားရောက်သွားတော့ သူတို့ နှစ်ယောက်ကို တွေ့ခဲ့ရတာပါ"



www.burmeseclassic.com

"ရှင်းအောင်ပြောစမ်းကွာ သူတို့နှစ်ယောက်ဆိုတာ ဘယ်သူလဲ"

"နီမောင်နဲ့ ကောင်မလေးတစ်ယောက်ကို တွေ့ခဲ့တာပါ ကောင်မလေးက ကျွန်တော်တို့ရွာက မိန်းကလေးတွေနဲ့ မတူဘူး အတော့်ကို ချောတယ် ရုတ်တရက်တွေ့လိုက်တော့ ကျွန်တော်တို့လည်း အတော့်ကို အံ့သြသွားတယ်"

"သေချာရဲ့လား"

"အသေအချာကို တွေ့ခဲ့ရတာပါ၊ အဘထော်ကတောင် ဒီအကြောင်းကို ဘယ်သူမှ မပြောဖို့ ပိတ်ထားသေးတယ်၊ ကျွန်တော်က သူကြီးတို့ကို ခင်လို့အခုလို ဖွင့်ပြောတာပါ"

ဟု စံနက်ကျော်က အရက်မူးမူးနှင့် အားလုံးဖွင့်ပြောပြလေသည်။

ထိုအကြောင်းကို သိသောအခါ ဦးဘဟန်သည် ဓမုန်းထန်၊ စံနက်ကျော်တို့နှင့် တိုင်ပင်ပြီး တောထဲမှာ နေထိုင်သော လူများရှိသည့် နေရာကိုသိနိုင်ရန် ကြိုးစားကြလေတော့သည်။ ထိုအကြောင်းကို သိသောအခါ ဦးမွန်ထော်က စံနက်ကျော်အား သတိပေးသည်။

"စံနက်ကျော် မင်းကို ငါတပည့်တစ်ယောက်အနေနဲ့ သတိပေးရဦးမယ် မင်းလည်း မုဆိုးတစ်ယောက်ပဲ တောထဲမှာ ကျင်လည်လာတာ ကြာပြီပဲကွာ၊ တောစည်းကမ်း လူစည်းကမ်းတွေကို သိထားပြီးပြီပဲ"

စံနက်ကျော်က ဦးမွန်ထော်ရှေ့မှာတော့ ဘာမှပြန်မပြောဘဲ





ခေါင်းငုံ့ပြီး နားထောင်နေသည်။

"တောထဲမှာဆိုတော့ တောစည်းကမ်း၊ လူစည်းကမ်း တောကောင်တွေမှာလည်း တောကောင်စည်းကမ်းဆိုတာ ထားရတယ်၊ သူ့စည်း ကိုယ့်စည်းဆိုတာ မကျော်ရဘူး မဖောက်ရဘူး စည်းဖောက်တဲ့လူဟာ မလွဲမသွေ အန္တရာယ်ဆိုးနှင့် ကြုံတွေ့ရတတ်တယ်၊ ဒါကိုတော့ မင်း သိထားစေချင်တယ်"

ဟု စေတနာနှင့် သတိပေးသော်လည်း စံနက်ကျော်ကတော့ သူကြီးဦးဘဟန်တို့ ပေးထားသော ငွေနှင့် လက်ဆောင်များကို ရထားပြီးသောကြောင့် ဦးမွန်ထော်စကားကို သိပ်ပြီး နားမဝင်လှပေ။

"စံနက်ကျော် ဒီကိစ္စအောင်မြင်ရင် မင်းလုပ်ကိုင်စားဖို့ ငါ လယ်တစ်ကွက်ချပေးမယ်"

ဟူသော သူကြီးဦးဘဟန်၏ စကားက ဆရာဖြစ်သူ၏ စကားများကိုပင် နားမဝင်နိုင်အောင် ဖြစ်နေပေတော့သည်။

ယခုအခါ သူကြီးဦးဘဟန် တာဝန်ပေးသောကြောင့် ဓမုန်းထန်တို့နှင့်လည်း တစ်ဖွဲ့တည်းဖြစ်နေရာ ၎င်းတို့ပြောသော စကားများကလည်း မက်လောက်စရာ ဖြစ်နေတော့သည်။

"မင်းပါ ပါလာတော့ ပိုကောင်းတာပေါ့ကွာ မင်းကို ပြောရဦးမယ့် စံနက်ကျော်ရေ အခု သူကြီးပေးမယ့် ဆုတွေအပြင် တို့တွေ တောထဲက လူတွေရဲ့နေရာကိုသိအောင် လုပ်နိုင်မယ်ဆိုရင် သူတို့



www.burmeseclassic.com

ဆီက ရတနာပစ္စည်းတွေပါ အများကြီးရဦးမှာကွသိရဲ့လား”

အရက်ဝိုင်းတွင် ဖမုန်းထန်ပြောသော စကားကလည်း အားရစရာပင်။

“ဘယ်လို ရတနာပစ္စည်းတွေ ရမှာလဲဗျ သေချာအောင် ပြောပြပါဦး သူတို့က ဥစ္စာစောင့်တွေလား”

“ဒီလူတွေက တို့ ထင်သလို ကျွတ်တွေလည်း မဟုတ်ဘူး ဥစ္စာစောင့်တွေလည်း မဟုတ်ဘူး၊ သူတို့က လူတွေပဲ ရှေးတုန်းကနေ သွားတဲ့လူတွေရဲ့ အဆက်အနွယ်တွေပေါ့”

“ဟုတ်လားဗျ”

“ဟုတ်တယ်ကွ သူတို့ဆီမှာ ရှေးကလူတွေ ထားခဲ့တဲ့ ရတနာပစ္စည်းတွေရှိမှာ သေချာတယ်၊ ဒီတော့ တို့က သူတို့နေရာကို တွေ့အောင်ရှာနိုင်ရင် တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ သူကြီးပေးမယ့် ဆုလည်းရမယ် နောက် သူတို့ရဲ့ ရတနာပစ္စည်းတွေလည်း ရမယ် မကောင်းဘူးလား”

“ကောင်းတာပေါ့ ဆရာသမားရယ် ဒါထက် အဲဒီလူတွေရှိတဲ့ နေရာကို ဘယ်လိုရှာကြမလဲ”

“ဒါက လွယ်ပါတယ်ကွာ ဒီရွာမှာ တောထဲက လူတွေနဲ့ အဆက်အသွယ်ရှိတဲ့လူတစ်ယောက်ရှိတယ်ဆိုတာကို မင်းသိပြီးပြီ မဟုတ်လား”

“အင်း သူကြီးပြောပြလို့တော့ သိရပြီ နီမောင် ဟုတ်လား”

“ဟုတ်တယ် နီမောင်ပဲ နီမောင်က တို့အတွက် တည်ကြက်ပဲ





ပေါ့။ သူ့နောက်ကို ခြေရာခံပြီး လိုက်နိုင်ရင် ကောင်မလေးတွေနေတဲ့ နေရာကို သိရပြီပေါ့ မကောင်းဘူးလား”

“ကောင်းတယ် ဒီအကြံသိပ်ကောင်းတယ်၊ ပစ္စည်းတွေရတော့လည်း တို့လေးယောက် ခွဲယူကြတာပေါ့ ဟား..ဟား..ဟား..ဟား”

ဖမုန်းထံ၊ စံနက်ကျော်၊ ထွန်းမောင်၊ ကရင်လေးတို့ လေးယောက်မှာ အရက်သောက်ရင်း တဝါးဝါးတဟားဟားနှင့် သဘောကျနေတော့သည်။

တစ်ဖက်တွင် ထိုကဲ့သို့ အစီအစဉ်များပြုလုပ်နေကြသည်ကို ကြားသော စောထီးနှင့် ငမဲအောင်က နီမောင်ကို သတိပေးကြသည်။ နီမောင်အနေနှင့်လည်း သာမန်တောပစ်ထွက်သော အချိန်များတွင်သာ စောထီးနှင့် ငမဲအောင်တို့နှင့် အတူတူ သွားကြသော်လည်း ခတ္တာနှင့် တွေ့ဖို့သွားသောအခါမှာတော့ တစ်ယောက်တည်း လျှို့ဝှက်ပြီး သွားလေ့ရှိသည်။

သူငယ်ချင်းများကလည်း သူ့အတွက် စိုးရိမ်ကြသော်လည်း နလုံးသားကိစ္စဆိုပြန်တော့လည်း မတားသာကြပြန်ပေ။ ဦးပန်းညိုကတော့ မြေးဖြစ်သူကို သတိပေးသည်။

“လူလေး လူတွေကို သတိနဲ့ အသိဉာဏ်ပျောက်အောင် ပြုလုပ်နိုင်တဲ့ အရာတွေထဲမှာ ဥစ္စာပစ္စည်းနဲ့ ကာမတဏှာပဲ၊ ဒီအရာနှစ်ခုနဲ့တွေ့ရင် ဘယ်လောက်သတိရှိတဲ့ လူပဲဖြစ်ဖြစ် ဖောက်တဲ့လူပဲ



www.burmeseclassic.com

ဖြစ်ဖြစ် အနည်းနဲ့အများ အမှားအယွင်းဖြစ်နိုင်တယ် ပုံမနှိုင်းအပ်ပေမယ့် ရှေ့မှာ သာဓကတွေ အများကြီးရှိခဲ့တယ်၊ ဥပမာ ဘုရားအလောင်း ရွှေဒေါင်းမင်း ညွတ်ကွင်းမိတာ အချစ်ဇောကြောင့်ပဲ”

“ဟုတ်ကဲ့ အဘ”

“လူလေးလည်း အရွယ်ရောက်လာပြီဆိုတော့ အချစ်ရေးနဲ့ ပတ်သက်တာကတော့ တစ်ချိန်မဟုတ်တစ်ချိန် တွေ့မှာပဲ ဒါက အပြစ်ပြောစရာတစ်ခုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ တစ်ခု သတိထားရမှာက ကိုယ့်အတွက်ကြောင့် တစ်ဖက်သား ဒုက္ခမရောက်ဖို့ အသိုက်အမြုံမပျက်ဖို့တော့ အထူးသတိထားကွယ်”

“ဟုတ်ကဲ့ အဘ”

“ဒီလို အဖြစ်မျိုးနဲ့ကြုံရင် မေတ္တာကနေ ဝေဒနာဖြစ်သွားနိုင်တယ်၊ သံသရာမှာလည်း ကံကြမ္မာဝဋ်ကြွေးကို ပေးဆပ်ရတတ်တယ်၊ ဒါကြောင့် တာပဲလုပ်လုပ် သတိကလေးနဲ့ လုပ်စေချင်တယ်၊ အဓိကတော့ ကိုယ့်ဆန္ဒတစ်ခုကြောင့် သူတစ်ပါးတွေ ဒုက္ခမရောက်ကြဖို့ အရေးကြီးတယ်၊ သူတစ်ပါးအတွက် အနစ်နာခံကြသူတွေက ဒုက္ခနဲ့တွေ့ရင်တောင် ကယ်မယ့်သူနဲ့တွေ့ရတတ်ကယ်ကွယ်”

ဟု ပြောဆိုဆုံးမ [illegible]လသည်။

[illegible]ဘာပဲပြောပြော ဦးပန်းညိုနှင့် မိတ်ဆွေသူငယ်ချင်းများ သတိပေးကြသလိုပင် နီမောင်အတွက် ဒါတိုင်းလို မလွတ်[illegible]ပဲတော့





သည်မှာ အမှန်ဖြစ်သည်။

မိမိတောသို့ တက်သည့်အခါတိုင်း နောက်မှလိုက်လံ ချောင်းမြောင်းခြင်းကို ခံနေရသည်။ အကယ်၍ လိုက်[illegible]ပံချောင်းမြောင်းသူများနှင့် တောထဲမှာ အမှတ်မထင်တွေ့လျှင်သော်မှ အပြစ်ပြောလို့မရပေ။ တောတက်ကြသူချင်း တောထဲမှာ ဆုံတွေ့ကြခြင်းသည် အဆန်းမဟုတ်တော့ပေ။

သို့သော်လည်း နီမောင့်အတွက် တစ်ခုခက်သည်က ယခင်ကလို ခတ္တာနှင့် လွတ်လွတ်လပ်လပ် မတွေ့ရတော့ပေ။

ခတ္တာဆီသို့ သွားဖို့စိတ်ကူးလိုက်တိုင်း သူ့နောက်မှ တစ်ယောက်မဟုတ်တစ်ယောက်က လိုက်လံချောင်းမြောင်းနေသည်ကို သတိပြုမိသဖြင့် ထိုအကြံအစည်ကို လက်လျှော့ရသည်မှာ အကြိမ်မနည်းလှတော့ပေ။

ထိုသို့မတွေ့ရလေလေ သတိရသည့်စိတ်က ပိုများလာလေလေ။

ပိုပြီး တွေ့ချင်လာလေလေမို့ မဖြစ်ဖြစ်တဲ့နည်းနှင့် တွေ့ရအောင် ကြိုးစားလေတော့သည်။

နီမောင်သည် [illegible]မိနောက်မှ နောက်ယောင်ခံလိုက်နေသူများ မရိပ်မိစေရန် အခြ[illegible]းသူများ အပြင်မထွက်ဝံ့သော ညအချိန်တွင် [illegible]တောထဲသို့ အရဲစွန့်ကာ ထွက်ခဲ့လေသည်။ နေ့အချိန်မှာပင် [illegible]ယောက်ချင်း [illegible]စ်ယောက်[illegible]ချင်း မသွားဝံ့သော နေသူရိန်[illegible]နီးတန်း



www.burmeseclassic.com

တောနက်ထဲသို့ တစ်ယောက်တည်းထွက်လာဝံ့သော သတ္တိမှာ အချစ်၏တွန်းအားကြောင့်ပင် ဖြစ်ပေသည်။

တကယ်တော့ နေ့ဘက်တွင် နောက်မှ ခြေရာခံ လိုက်နေသူများရှိနေ၍ ညအချိန်တွင် လာရသော်လည်း တကယ်တမ်းကျတော့ လွယ်ကူသောအရာတော့ မဟုတ်ပေ။

ညအချိန်ဖြစ်သောကြောင့် မိမိသွားလိုသောလမ်းကို မှန်းဆရန် ခက်ခဲသည်ကတစ်ကြောင်း ညအခါတွင် အစာရှာထွက်လာသော တောကောင်ကြီးများနှင့် ရင်ဆိုင်ပက်ပင်းမတိုးမိစေရန်နှင့် သတိကြီးစွာဖြင့် သွားလာရသည်က တစ်ကြောင်းကြောင့် စိ်ပင်ပန်း လူပင်ပန်းရှိလှပေသည်။

သို့သော် စွဲမလျော့ဘဲ ဆက်သွားမြဲ သွားလေသည်။ နီမောင်အတွက် ယခုလို ခက်ခက်ခဲခဲနှင့် အန္တရာယ်များလှသော ခရီးကို သွားရာတွင် အဘိုးဖြစ်သူ ဦးပန်းညိုနှင့်ဝါရင့်မုဆိုးကြီး ဦးမွန်ထော်တို့ သင်ကြားပြသပေးခဲ့သော စာတွေ့လက်တွေ့များက အသုံးဝင်လှပေသည်။

"ညဘက်တောထဲမှာ လမ်းပျောက်နေရင် ကောင်းကင်မှာ ကိုယ့်ကိုလမ်းပြပေးမယ့် လမ်းပြကြယ်တွေရှိတယ်၊ အဲဒါတွေကို ကြည့်ပြီး သွားနိုင်ရင် ကိုယ်လိုချင်တဲ့နေရာကိုရောက်နိုင်တယ်၊ တန်ဆောင်မုန်းလရဲ့ ညအချိန်တွေမှာ မိမိရဲ့ ဦးခေါင်းတည့်တည့်ကို ကြည့်ရင် စတုဂံကြယ်လို့ခေါ်တဲ့ လေးထောင့်ပုံ ကြယ်စုတစ်ခု ရှိတယ်၊ ကြယ်လေးလုံးရဲ့ အရှေ့ဘက်မှာ ဗြဟ္မာဘဒြပိုက်ဆိုတဲ့ ကြယ်နှစ်လုံးနဲ့ အရှေ့ဘက်မှာ ဥတ္တရာဘဒြပိုက်ဆိုတဲ့ ကြယ်နှစ်လုံးရှိတယ်၊ အဲဒီ စတုဂံကြယ်လေးလုံးကိုကြည့်ရင် အရှေ့နှင့် အနောက်အရပ်ကို သိနိုင်ပြီ"

"ဟုတ်ကဲ့"

"အဲဒီ ကြယ်စုရဲ့ မြောက်ဘက်မှာ ဗျိုင်းတာရာနဲ့ ဓူဝံကြယ်ရှိတယ်၊ ဓူဝံကြယ်ဆိုတာ ကောင်းကင်မှာ အလင်းဆုံးကြယ်ကြီးပေါ့ တောင်ဘက်မှာတော့ ဟင်္သာတာရာနဲ့ ရောမဏီနက္ခတ်ရှိတယ်"

ဟု အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်မှာ အမှတ်အသားပြုနိုင်သော ကြယ်နှင့်ကြယ်စုများကို သင်ကြားပြသပေးခဲ့သည်။ သူ့အတွက် နက္ခတ်၊ တာရာအမည်များကို စေ့စေ့ငှငှ အမှတ်အသား မပြုနိုင်သော်လည်း သောကြာကြယ်၊ ဓူဝံကြယ်၊ လိပ်ကြယ်၊ ခုနစ်စင်ကြယ် အစရှိသော ထင်ရှားသည့် ကြယ်ကြီးနှင့် ကြယ်စုများကို မှတ်သားထားရုံနှင့် ညဦးအချိန် တောထဲမှာ လမ်းမသိနိုင်သော အချိန်များတွင် မိမိသွားလိုသော အရပ်ဒေသကို အနီးဆုံး မှန်းဆနိုင်လေသည်။

ဦးမွန်ထော်ကတော့ လက်တွေ့အတွေ့အကြုံများဖြင့် သင်ကြားပေးခဲ့လေသည်။





www.burmeseclassic.com

"ငါကတော့ မင်းအဘလို တာရာတွေ နက္ခတ်တွေနဲ့တော့ မပြောတတ်ဘူးကွာ၊ ငါက တောထဲတောင်ထဲကို လက်တွေ့သွားနေတဲ့လူဆိုတော့ လက်တွေ့အသုံးချနိုင်တဲ့ ပညာရပ်တွေကိုပဲ ပြောပြမယ်"

"ပြောပါအဘ"

"နေ့အခါ တောထဲမှာ လမ်းပျောက်နေလို့ အရှေ့အနောက် တောင်မြောက်သိချင်ရင် နေဝင်နေထွက်ကို ကြည့်ရတာပဲ မိုးအခါ တိမ်တွေဖုံးနေလို့ နေမထွက်တဲ့အခါတွေမှာ သစ်ညွန့်သစ်ဖျားတွေကို ကြည့်ရတယ်"

"ဘယ်လိုကြည့်ရတာလဲ အဘ"

"မိုးရာသီမှာ တောင်ဘက်က မုတ်သုံလေနဲ့ မိုးရွာသွန်းမှုကြောင့် သစ်ညွန့်သစ်ဖျားတွေဟာ မြောက်ဘက်ကိုယိမ်းပြီး ကိုင်းညွတ်လေ့ရှိကြတယ်၊ အမြင့်မှာရှိတဲ့ ငှက်သိုက်တွေဟာ သစ်ပင်ရဲ့ မြောက်ဘက်ကိုင်းတွေမှာရှိကြတယ်"

"ဟုတ်ကဲ့"

"ဆောင်းတွင်းဘက်တွေမှာ မြောက်ပြန်လေက အမြဲတိုက်နေတော့ သစ်ညွန့်သစ်ခက်တွေဟာ တောင်ဘက်ကို ကိုင်းညွတ်နေလေ့ရှိတယ်၊ အဲဒီမှာ တစ်ခုကွာတာက ဆောင်းရာသီမှာပွင့်တဲ့ ပန်းတိုင်း။ အများအားဖြင့်တော့ သစ်ခွပန်းတွေဟာ မြောက်ပြန်လေ





နဲ့ ပါလာတဲ့ နှင်းမှုန်နှင်းစက်တွေလာတဲ့ မြောက်ဘက်ကို လှည့်ပွင့်တတ်ကြတယ်"

"အပေါ်ကို မမြင်ရတဲ့ ညအချိန်တွေမှာဆိုရင် ဘယ်လိုသိနိုင်သလဲ အဘ"

"သစ်ပင်ကို လက်နဲ့စမ်းကြည့် နေရောင်ခြည်နောက်ဆုံးထိသွားတဲ့ သစ်ပင်ရဲ့ အနောက်ဘက်ပင်စည်ဟာ ပူနွေးနေတတ်တယ် မိုးရာသီဆိုရင်တော့ တောင်ဘက်အခြမ်းဟာ ပြောင်ချောနေပြီး မြောက်ဘက်အခြမ်းဟာ ပြောင်ချောနေတတ်တယ် အဲဒါကို မှတ်ထား"

ဟု လက်တွေ့ပညာရပ်များကို သင်ကြားခဲ့ရသည်။ ယခုလည်း တောနက်ထဲမှာ ညဉ့်အချိန်မတော်ကြီး တစ်ယောက်တည်း သွားနေရသော်လည်း သူ့အတွက် လမ်းများမှာ မစိုးရိမ်ရပေ။ အရေးအကြီးဆုံးက အစာရှာထွက်လာသော တောကောင်ကြီးများနှင့် ရင်ဆိုင်မတိုးမိရန်သာ အရေးကြီးသည်။

သို့ကြောင့် သတိကြီးစွာထားရင်း ခရီးဆက်ခဲ့ရာ ညဉ့်နက်ပိုင်းအချိန်လောက်တွင် ကျိုက်ဒေးယုံဘုရားရှိရာသို့ ရောက်လာခဲ့သည်။ ထိုအချိန်ထိတော့ မည်သည့်အန္တရာယ်မှ မတွေ့ရသေးပေ။ ဘုရားရင်ပြင်တော်ပေါ် ရောက်တော့ ခတ္တာကို တွေ့လိုတွေ့ငြား လိုက်ကြည့်လိုက်တော့ မတွေ့ရပေ။

ဘုရားနှင့် အနီးတဝိုက်တွင် လှည့်ပတ်ကြည့်ရှုပြီး မတွေ့ရတော့



www.burmeseclassic.com

မှ ဂမုန်းတွင်းရှိရာသို့ ဆက်လိုက်လာခဲ့သည်။ သူသည် ထိုတွင်းရှိရာသို့ တစ်ကြိမ်နှစ်ကြိမ် ရောက်ခဲ့ဖူးသောကြောင့် အခက်အခဲမရှိ သွားနိုင်လေသည်။ သန်းခေါင်ကျော်အချိန်လောက်တွင် ဝှပေါက်ဝနှင့် မလှမ်းမကမ်းသို့ ရောက်သွားလေသည်။

ဝှပေါက်ဝရောက်သောအခါ ခွါ၏ အမည်ကိုအော်ခေါ် လိုက်ဖို့ စိတ်ကူးလိုက်သေးသည်။ သို့သော် တောနက်ထဲမှာ ညဥ့်အချိန်မတော် နာမည်မခေါ်သင့်မှန်း တွေးလိုက်မိသဖြင့် အတန်ကြာအောင်ရပ်၍ စဥ်းစားနေစဉ် အမှောင်ထဲမှာ လူတစ်ယောက်ထွက်လာသည်ကို မြင်လိုက်ရသည်။

အဘိုး ဦးသူတော်ပင် ဖြစ်ပေသည်။ ဘာပဲပြောပြော ယခုလိုအချိန်မျိုးမှာ အဘိုးဦးသူတော်ကို လှမ်းမြင်ရသဖြင့် အားရှိသွားသည်။ စိတ်ထဲမှာ ဝမ်းသာသွားသည်။

"အဘ"

သူ့ကိုမြင်တော့ ဦးသူတော်က ပြုံးပြသည်။

"ငါ့မြေး အတော့်ကို စွန့်စွန့်စားစား လာခဲ့ရပုံရတယ်၊ အင်းလေ ကိုယ့်ရင်ထဲက ဆန္ဒတစ်ခုကို ဒီလိုစွန့်စားမှ မှတ်ကျောက်မျိုးနဲ့ တင်နိုင်မှလည်း နိုင်မှာတော့မပေါ့။ တော်ကြာကျရင် မြေးမလေး ထွက်လာလိမ့်မယ် ဒီနေရာကပဲ စောင့်ပေါ့။ သူကလည်း မင်းကို စောင့်နေတယ်၊ ကိုင်း အဘိုးဘုရားဘက် သွားလိုက်ဦးမယ်ကွယ်"





ဟု ပြောကာ ထွက်သွားလေတော့သည်။ နီမောင်သည် အဘိုးမှာသွားသည့်အတိုင်း ဝှပေါက်ဝနှင့် မနီးမဝေးသစ်ပင်ရိပ်တစ်နေရာတွင် အမောပြေရင်း ထိုင်စောင့်နေလိုက်သည်။

ခွါနှင့် တွေ့ရတော့မည်မို့ ဝမ်းသာစိတ်နှင့်အတူ ကတုန်ကယင် ဖြစ်နေမိသည်။ အဘိုးအို ထွက်သွားပြီး ခဏကြာတော့ ဝှအတွင်းမှ ခွါထွက်လာသည်။ ဝှပေါက်ဝရောက်သောအခါ ရပ်ပြီး ပတ်ဝန်းကျင်ကို လိုက်လံကြည့်ရှုနေလေသည်။

နီမောင်က အမှောင်ရိပ်မှ ထွက်လိုက်ပြီး...

"ခွါ"

ဟု အသံပြုလိုက်သောအခါ တအံ့တသြအမူအယာဖြင့် နီမောင်ရှိရာသို့ လျှောက်လာလေသည်။

"အစ်ကို"

"ခွါ"

"အစ်ကို ခွါဆီကို အမှောင်ထဲမှာ လိုက်လာတယ် ဟုတ်လား"

"ဟုတ်တယ် ကိုယ် ခွါကို တွေ့ချင်လို့ လာခဲ့တာ"

"ကျွန်မလည်း အစ်ကိုနဲ့တွေ့ချင်လို့နေ့တိုင်း မျှော်နေမိတယ်"

နီမောင်က ခွါအနီးသို့ လျှောက်သွားပြီး ထွေးဖက်ထားလိုက်ရာ ခွါကလည်း ပြန်လည်ဖက်ထားလေသည်။ နွေးထွေးသော အတွေ့အထိက ရင်ကို အခုန်မြန်စေသော်လည်း မောပန်းမှုကို ပြေ



www.burmeseclassic.com

ပျောက်စေသည်။ တုန်လှုပ်မှုဖြစ်စေသော်လည်း ချမ်းမြေ့မှုကိုဖြစ်စေသည်။

"ကျွန်မက အစ်ကိုကိုနေ့တိုင်း မျှော်နေတာ အစ်ကိုဘာဖြစ်လို့ ကျွန်မဆီကို မလာတာလဲဟင်"

"ကိုယ်က လာချင်ပါတယ်၊ ဒါပေမဲ့ ရွာမှာက အရင်လို လွတ်လွတ်လပ်လပ် အခြေအနေမျိုး မဟုတ်တော့လို့ ကိုယ် ခက္ခာဆီကို မလာနိုင်တာပါ"

နီမောင်က ရွာမှ ဗမုန်းထန်တို့ အကြောင်းကို အကျဉ်းချုံးပြီး ပြောပြလိုက်သည်။

"ဒါကြောင့် ထင်ပါရဲ့။ အဘကတော့ အခုရက်ပိုင်းအတွင်းမှာ နောက်ထပ်နေရာသစ်တစ်ခုကို ရွှေ့နေရမယ်လို့ ပြောနေတယ် ဒီအကြောင်းတွေကိုများ အဘသိသလား မပြောတတ်ဘူး"

ထိုစကားကြားသောအခါ နီမောင်စိတ်ထဲမှာ စိုးရိမ်စိတ်ဝင်သွားလေသည်။

"ဒီလိုဆိုရင် ကိုယ်နဲ့ခက္ခာတွေ့လို့ ရပါတော့မလား၊ ဘယ်လိုလုပ်ကြမလဲဟင်"

"အစ်ကို ကျွန်မတို့ နေတဲ့နေရာကို တစ်ခါတည်း လိုက်ခဲ့ပါလား ကျွန်မ အဘကို ပြောပေးမယ်လေ"

"ဒီလိုတော့ မဖြစ်သေးဘူး ခက္ခာရယ်၊ ကိုယ့်အဘကို ဘာမှလည်း မပြောရသေးဘူး။ အဘတစ်ယောက်တည်းကိုလည်း ဒီအ





တိုင်းထားခဲ့လို့ မဖြစ်သေးဘူးထင်တယ်၊ ခက္ခာအစ်ကိုနဲ့ ရွာကို လိုက်ခဲ့ပါလားဟင်"

"အဲသည်လိုတော့ အဘက ခွင့်ပြုမယ်မထင်ဘူး အစ်ကိုရယ်"

ခက္ခာက နီမောင့်ရင်ခွင်ထဲမှာ မျက်နှာအပ်ကာ တရှုံ့ရှုံ့ငိုနေသည်မှအပ ဘာမှပြန်မပြောပေ။ အချစ်သည် အေးမြသယောင်နှင့် ပူလောင်မှုကို ဖြစ်စေကြောင်း ကို ခွဲခွာသော အချိန်တွင် မျက်ရည်နှင့် သက်သေပြတတ်ပေသည်။

သူတို့နှစ်ယောက်သည် အရုဏ်တက်ကာနီး အချိန်အထိ ထိုနေရာမှာ ရှိနေကြသော်လည်း ရင်ကိုအေးမြလောက်သည့် အဖြေတစ်ခုတော့ မရခဲ့ပါချေ။

တစ်ခါတစ်ရံ အချစ်သည်.....။



www.burmeseclassic.com

## အခန်း (၁၂)

## တောကြီးမာယာဝင်္ကပါ

အမှောင်ထုသည် နေသူရိန်ကုန်းတန်းတဝိုက်သို့ ဖုံးအုပ်ထားလေသည်။

ကောင်းကင်ပေါ်မှာ ကြယ်ရောင်နှင့် လရောင်အနည်းငယ် ရှိနေသော်လည်း သစ်ပင်များ ဖုံးအုပ်ထားမှုကြောင့် တောခြေတဝိုက်မှာတော့ အလင်းရောင်ကောင်းစွာ မရှိလှပေ။

ကျိုက်ဒေးယုံဘုရားနှင့် မနီးမဝေးရှိ ကမ္ဘလာပင်ကြီး တစ်ပင်၏ ခွဆုံပေါ်တွင် လူတစ်စုရောက်နေကြသည်။





သူတို့ဆိုသည်မှာ စံနက်ကျော်၊ ဇမုန်းထန်၊ ထွန်းမောင်နှင့် ကရင်လေးတို့ လေးယောက်ဖြစ်သည်။

သူတို့သည် နီမောင်နောက်သို့ ခြေရာခံလိုက်လာရင်းမှ ထိုနေရာသို့ ရောက်လာခြင်း ဖြစ်သည်။

သူတို့လေးယောက်သည် အကြံအစည်ရှိသူများပီပီ နီမောင့်အခြေအနေကို တစေ့တစောင်းဖြင့် အကဲခတ်ကြည့်နေကြရာမှ ညဦးပိုင်းအချိန်လောက်က နီမောင်တစ်ယောက် ရွာမှထွက်သွားသည်ကို မသိလိုက်ကြပေ။

နီမောင်ထွက်သွားပြီး မြင်လိုက်သူတစ်ဦးက လာရောက်သတင်းပေးတော့မှ ကပျာကယာဖြင့် ထလိုက်ကြခြင်းဖြစ်သည်။

တောနက်ထဲရောက်ပြန်တော့လည်း နီမောင်ထွက်သွားတာ အတော်ကြာပြီဖြစ်သည်ကတစ်ကြောင်း မှောင်နေသောအချိန်ဖြစ်သည်ကတစ်ကြောင်းကြောင့် အစအနကိုမှ မတွေ့ရတော့ဘဲ မှန်း၍ လိုက်လာခဲ့ရာမှ ကျိုက်ဒေးယုံဘုရားအနီးသို့ ရောက်ခဲ့ကြခြင်း ဖြစ်၏။

သူတို့တတွေ လိုက်လာကြစဉ်မှာတော့ နီမောင်သွားစဉ်ကလို ချောချောမောမော မရှိကြဘဲ လမ်းတလျှောက်လုံးလူကို အန္တရာယ်ပေးနိုင်သော တောကောင်များ မြွေဆိုးများနှင့် မကြာခဏ ရင်ဆိုင်တိုးနေသောကြောင့် ရှောင်ကွင်းသွားကြရာမှ အချိန်အတော်ကြာ



www.burmeseclassic.com

မှ ဘုရားရှိရာသို့ ရောက်လာကြခြင်းဖြစ်သည်။

သူတို့ဘုရားရှိရာသို့ ရောက်သွားတော့ နီမောင်၏အရိပ်အယောင်ကိုမျှ မတွေ့ရတော့ပေ။

သို့ကြောင့် အမှောင်ထဲမှာ ဆက်မလိုက်ဝံ့ကြတော့ဘဲ ဘုရားနှင့် မနီးမဝေးရှိ ကမ္ဘာ့လာပင်ကြီးပေါ်မှာတက်၍ စောင့်နေကြခြင်းဖြစ်သည်။

"စံနက်ကျော် နီမောင်တောထဲထွက်သွားတာ သေချာရဲ့လားကွ"

"သေချာပါတယ်ဗျ ရွာအပြင် တောစပ်မှာ တောကြောင် ထောင်နေတဲ့ ထွန်းခတို့လင်မယားက အသေအချာမြင်လိုက်လို့ ကျုပ်ကို လာပြောပြတာပါ"

"သူတစ်ယောက်တည်းလား တခြား ဘယ်သူတွေ ပါသေးသတဲ့လဲ"

"အဲဒါကော ဘာမှမပြောဘူး သူတစ်ယောက်တည်း သွားတာဖြစ်မှာပေါ့"

"အတော့်ကို သတ္တိကောင်းတာပဲ ဒီလောက်မှောင်မှောင်မည်းမည်းအချိန်မှာ တောကြီးမျက်မည်းထဲမှာ အခုလို တစ်ယောက်တည်း သွားဝံ့ဖို့ဆိုတာ မလွယ်လှဘူး"

"ဆရာသမားကလည်းဗျာ လောကမှာ အချစ်စိတ်တက်လာပြီဆိုရင် ဘာကိုမှ မကြောက်တော့တာ ဆန်းသလားဗျ။ အခုနေ ရှေ့





မှာ ကျားတစ်ကောင် ငုတ်တုတ်ထိုင်နေရင်တောင်မှ တိုက်ခိုက်ပြီးသွားမှာ သေချာတယ်"

"ဒီကောင် တောထဲကို ညအချိန်မတော်ကြီး တက်သွားတာ တို့တွေ နောက်ယောင်ခံလိုက်နေတာကို သိလို့တိတ်တိတ်ကလေး ထွက်သွားတာ ဖြစ်ရမယ်"

"ဒီလိုဆိုရင်တော့ သူ့ကောင်မလေးရှိတဲ့နေရာသွားတာ သေချာပြီ သူ့ကိုတွေ့ရင် ကောင်မလေးနေတဲ့နေရာသိရဖို့ မခဲယဉ်းတော့ဘူး"

"တကယ်လို့ ကလန်ကဆန်လုပ်နေရင်ကော ဘယ်လိုရှင်းမလဲ"

"တောနက်ထဲမှာပဲကွာ တစ်ခါတည်း အပြတ်ရှင်းပြီး လက်စဖျောက်လိုက်ရုံပဲ ရှိတာပေါ့"

"ကြည့်လည်း လုပ်ကြပါဦးနော် တော်ကြာ မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြဦးမယ်"

"စိတ်မပူစမ်းပါနဲ့ တို့တွေ လုပ်ချင်တာလုပ် ပြဿနာဖြစ်လာရင် သူကြီးရှင်းလိမ့်မယ်"

ဟု အချင်းချင်းပြောဆိုနေကြစဉ် ညဥ့်နက်ပိုင်းရောက်လာပြီမို့ တောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ထူးထူးခြားခြား ငြိမ်သက်နေသောကြောင့် ညဥ့်နက်အော်သံနှင့် ပုရစ်အော်သံကိုပင် မကြားရပေ။

ထိုအခိုက်မှာပင် တောနက်ထဲမှ မီးရောင်လိုလို မြင်ရသဖြင့်



www.burmeseclassic.com

လေးယောက်သား စကားသံရပ်ကာ အခြေအနေကို ကြည့်နေစဉ် တောထဲမှ အဘိုးအိုတစ်ယောက်နှင့် မိန်းကလေးနှစ်ယောက်တို့ ထွက်လာကြသည်။

၎င်းတို့လက်ထဲမှာ မီးတုတ်နှင့် ဓားများကိုင်ထားကြသည်။

စံနက်ကျော်မှာ အံ့ဩလွန်းသဖြင့် မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေစဉ်မှာ တောထဲမှ ထွက်လာသူများက သူတို့ရှိနေရာ သစ်ပင်အောက်သို့ ရောက်လာသည်။ ကိုင်လာသော မီးတုတ်မှ မီးရောင်ကြောင့် ပတ်ဝန်းကျင်မှာ အလင်းရောင်က ရနေသည်။

သူတို့သည် သစ်ပင်အောက်တွင် အတန်ကြာအောင် ရပ်နေကြပြီးမှ အဘိုးကြီးက အပေါ်သို့ ဖျတ်ကနဲ မော့ကြည့်လေသည်။

"သစ်ပင်ပေါ်က မောင်ရင်တို့ စောစောက ဒီနားက မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက် ဖြတ်သွားတာများ မတွေ့လိုက်မိဘူးလားကွယ့်"

ဟု လှမ်းမေးလေသည်။

"မတွေ့မိဘူးဗျ"

"ကလေးတွေ အဝေးတော်စက်ကြတာပဲ ညကြီးအချိန်မတော် ဘယ်နေရာများ လျှောက်သွားနေကြတယ် မသိပါဘူး"

"ကလေးတွေဆိုတာ ဘယ်သူတွေလဲဗျ"

"ယောကျ်ားလေးက စက်ဆန်းရွာက လာတယ်ဆိုလား ပဲ မိန်း





ကလေးကတော့ ကျုပ်မြေးမလေးပါ။ သူတို့နှစ်ယောက်က လူငယ်တို့ဘာဝ ရည်ငံနေကြတယ်လေ၊ အခုလည်း ညအချိန်မတော်ကြီး ကောင်လေးရောက်လာတာနဲ့ သူတို့နှစ်ယောက် ပျောက်သွားလို့ လိုက်ရှာကြတာပါ"

ထိုစကားကြောင့် စံနက်ကျော်တို့ လေးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဒါထက် အဘတို့က ဘယ်နေရာမှာ နေကြတာလဲ"

"ကျုပ်တို့နေတဲ့နေရာက ဒီကနေ မဝေးလှပါဘူး ဒါထက် မောင်ရင်တို့က ဘယ်ရွာကလဲ"

"ကျွန်တော်တို့က ဘိုကလေးဘက်က လာကြတာပါ အမဲပစ်ထွက်ကြရင်း အချိန်လင့်သွားလို့ သစ်ပင်ပေါ် တက်နေကြတာပါ"

"ဆောင်းတွင်းအချိန်ကြီးမှာ တစ်ညလုံး သစ်ပင်ပေါ်မှာသာနေရရင် သေဖို့ပဲရှိတော့တယ်"

"ကျွန်တော်တို့က ဒီနားတဝိုက်မှာ ရွာရှိမှန်းမသိလို့ သစ်ပင်ပေါ်တက်နေတာပါ အဘ"

"ကိုင်း ဒီလိုဖြစ်ဖို့ ကျုပ်တို့နေတဲ့ဆီကို လိုက်တည်းကြပါလား။ မနက်လင်းမှပဲ ခရီးဆက်ကြပေါ့၊ တောထဲမှာဆိုတော့ အေးတာတစ်ကြောင်း နောက်ပြီး အန္တရာယ်လည်း မကင်းလှပါဘူး ကိုင်း သစ်ပင်ပေါ်က ဆင်းခဲ့ကြပေတော့"



www.burmeseclassic.com

ဟု ပြောသဖြင့် လေးယောက်သား အချိုးရှာသကာတွေ့ဆို သလို မိမိသိချင်သော နေရာကို တကူးတက လိုက်မရှာရဘဲ မမျှော်လင့်ဘဲ ရောက်ရတော့မည်မို့ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ သစ်ပင်အောက်သို့ဆင်းကာ အဘိုးကြီးနှင့် မိန်းကလေးနှစ်ယောက်တို့ခေါ်ရာနောက်သို့ လိုက်သွားလေတော့သည်။

လမ်းတလျှောက်လုံးမှာ အဘိုးကြီးနှင့် မိန်းကလေးနှစ်ယောက်တို့က သူတို့ကို စကားတစ်ခွန်းမှမပြောတော့ဘဲ ရှေ့မှ လျှောက်ကြလေရာ သူတို့လေးယောက်မှာ နောက်မှ မှီအောင် မနည်းလိုက်ကြရသည်။

အတန်ကြာသောအခါ မီးရောင်တလက်လက်နှင့် တဲအိမ်စုတစ်စုရှိရာသို့ ခေါ်သွားသည်။ တဲအတွင်းသို့ ရောက်သောအခါ...

"လုံမတို့ရေ ညနေက အဘတို့ချက်ထားတဲ့ ဆတ်သားဟင်းနဲ့ ထမင်းယူခဲ့ပါကွယ်၊ သူတို့တွေ ညကြီးမင်းကြီးတောထဲလျှောက်သွားနေရတာ ဗိုက်ဆာနေကြရောပေါ့"

ဟု လှမ်းပြောလိုက်သည်။

"ဟုတ်ကဲ့အဘ ဟင်းတွေအေးနေလို့ ခဏလေးနွေးပြီး ယူလာခဲ့ပါမယ်"

ဟု ပြောကာ မိန်းကလေးနှစ်ယောက်က တဲအနောက်သို့ ဝင်သွားကြလေတော့သည်။





ဇမုန်းထန်၊ စံနက်ကျော်၊ ထွန်းမောင်နှင့် ကရင်လေးတို့တတွေမှာ ဤကဲ့သို့ တောနက်ထဲမှာ လူတွေနေကြသည်ကို သူများပြောသံကိုသာ ကြားဖူးကြပြီး ယခုကဲ့သို့ ကိုယ်တိုင်မြင်တွေ့ရသော အခါ အံ့သြနေကြလေသည်။

တဲအတွင်းရောက်သည့်အချိန်မှစ၍ တင်ပလ္လင်ချိတ်ထိုင်ကာ ဆေးတံကြီးကိုသာ တွင်တွင်ဖွာနေတော့သည်။

ပြီးလျှင် မျက်တောင်တစ်ချက်မှမခတ်ဘဲ သူတို့ကို စိမ်းစိမ်းကြီး လှမ်းကြည့်နေသည်ကို သတိပြုမိလိုက်သော စံနက်ကျော်မှာ ကျောထဲမှာ စိမ့်ခနဲဖြစ်သွားလေသည်။

"ဒါထက် အဘနာမည်က ဘယ်လိုခေါ်သလဲ"

ဇမုန်းထန်က မေးလိုက်သည်။

"ကျုပ်နာမည်ကိုတော့ အတော်များများက အဘိုးလို့ပဲ ခေါ်ကြတယ် မောင်တို့ကလည်း အဘိုးလို့ပဲ ခေါ်ကြပေါ့၊ ဟိုမိန်းကလေးနှစ်ယောက်ကတော့ ကျုပ်မြေးမလေးတွေပေါ့။ တစ်ယောက်က မခွေးမြူ တစ်ယောက်က မခွေးလှလို့ ခေါ်ကြတယ်"

"ဟင် နာမည်တွေက အဆန်းပါလား ဒီနာမည်မျိုးတွေကို ဦးရှင်ကြီး ဓာတ်ထုတ်အထဲမှာ ပါသလိုပဲ"

"ဒီလိုပေါ့ကွယ် လောကမှာ လူတူမရှား နာမည်တူမရှားဆိုတာ ရှိမှာပေါ့"



www.burmeseclassic.com

ထိုသို့ပြောနေစဉ် မိန်းကလေးနှစ်ယောက်က ပူပူနွေးနွေးဖြစ်နေသော ထမင်းနှင့် ဟင်းများကို ယူလာသဖြင့် လေးယောက်သား ခေါင်းမဖော်တမ်း စားသောက်ကြလေသည်။ ဆတ်သားဟင်းမှာ လတ်လက်ဆတ်ဆတ်ကို ချက်ထားသောကြောင့် ချိုရှ အရသာရှိလှပေသည်။

လေးယောက်သား မောပန်းနေသည်က တစ်ကြောင်း၊ ဗိုက်ဆာနေသည်ကတစ်ကြောင်းကြောင့် ဟင်းခွက်တွင် လက်ချင်း မကြာခဏ ဆုံသည်အထိ မြိန်ရည်ယှက်ရည် စားသောက်ကြလေသည်။

ထိုသို့ စားသောက်နေစဉ်မှာ တဲအနောက် ဘက် အမှောင်ရိပ်ထဲမှ မာန်ဖီသံများကို ကြားရလေသည်။

"ဝေါင်း"

"ဟင်"

ထိုမာန်ဖီသံကြီးကြောင့် လေးယောက်သား ခေါင်းနပန်းကြီးသွားကြတော့သည်။

"ဝေါင်း"

"ဝေါင်း"

"ဝေါင်း"

မာန်ဖီသံက တစ်သံထဲမဟုတ်ဘဲ နှစ်သံသုံးသံ ဆက်တိုက်ကြားလာရသည်။





"အဘ ဘာကောင်တွေ မာန်ဖီနေကြတာလဲ"

"အဖော်ရအောင် မွေးထားတဲ့ တောကောင်လေးတွေပါကွယ် သမီးတို့ရေ ငါသားတွေ ဗိုက်ဆာနေကြပြီထင်တယ်၊ အစာတောင်းနေကြတယ်၊ ဆတ်တစ်ပေါင်လောက် ချကျွေးလိုက်ပါကွယ်"

ဟု လှမ်းပြောလိုက်ရာ မကြာမီ အစာကို လုယက်သံ၊ မာန်ဖီသံ၊ ကိုက်ဖြတ်စားသောက်နေရာမှ ပေါ်လာသော တဂိုးဂိုး၊ တဂဲဂဲ အသံများကို အတိုင်းသား ကြားနေရသဖြင့် လေးယောက်သား နေစရာမရှိအောင် ကြောက်ရွံ့သွားကြလေသည်။

"ဒီကောင်တွေက သိပ်ဆိုးတဲ့ အကောင်တွေ၊ ကျုပ်တို့ဆီကို လူစိမ်းတွေ ဘာတွေလာတာလည်း မကြိုက်ဘူး၊ အစားကလည်း ကြမ်းသလားမမေးနဲ့ နွားတစ်ကောင်လောက်များတော့ ခဏလေးနဲ့ အရိုးကျသွားလောက်တယ်"

"အဘ မွေးထားတဲ့ အကောင်တွေက ဘာကောင်တွေလဲဟင်"

"ကြည့်ချင်ရင် ခေါ်ပြပါ့မယ်၊ ကဲ သားရေ ရှေ့ကိုတစ်ကောင်လောက် ထွက်ခဲ့ပါကွယ်"

ဟု ပြောလိုက်သောအခါ နောက်ဘက်မှ ခါးကြီးတန့်န့်ဖြင့် ကိုးတောင်ကျားကြီးတစ်ကောင် ထွက်လာပြီး အိမ်ပေါက်ဝတွင် ဆောင့်ကြောင့်ထိုင်နေတော့သည်။

"ဟင်"



www.burmeseclassic.com

တောကောင်ကြီးမှာ အတော်ကြီးမားလှပြီးဦးခေါင်းကြီးမှာပင် ခွဲတောင်းခန့် ကြီးမားလှသည်။

အိမ်ပေါက်ဝမှာပင် ဆောင့်ကြောင့်ထိုင်ကာ သူတို့ကို အစာမာန်ယစ်နေသော မျက်လုံးရဲရဲကြီးများဖြင့် လှမ်းကြည့်နေရာ လေးယောက်သား အသက်ရှူရန်ပင် မေ့နေသည်အလား ကြောက်ရွံ့တုန်လှုပ်နေကြသည်။

"အဘ မွေးထားတယ်ဆိုတာ ဒီကောင်ကြီးတွေလား"

"ဟုတ်တယ်ကွယ် အဘဆီမှာ ဒီလိုကောင်မျိုးတွေ လေးငါးကောင်ကို ရှိတာ"

ဟု ပြောပြလေသည်။

ဇမုန်းထန်တို့လည်း ထိုညက ထမင်းစားပြီးသည်နှင့် ဘယ်လိုမှ ဟန်မဆောင်နိုင်အောင် အိပ်ချင်လာသောကြောင့် ၎င်းတို့အတွက် ပေးထားသော နေရာတွင် ဝင်ရောက်အိပ်ကြရာ ခဏချင်းမှာပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားလေတော့သည်။

ဇမုန်းထန်တို့တတွေမှာ အချိန်မည်မျှကြာအောင် အိပ်ပျော်သွားကြသည် မသိပေ။ သူတို့အိပ်ယာမှ နိုးလာသောအခါ နေအတော်မြင့်နေပေပြီ။ ထိုအခါမှ သူတို့ အခြေအနေကို သိကြရတော့သည်။

"ဟင်"





"ဟာ"

"ဘယ်လိုဖြစ်တာလဲ"

အားလုံး တအံ့တသြ ဖြစ်နေကြသည်။ ညက သူတို့အိပ်နေသောနေရာမှာ တဲတစ်လုံးပေါ်မှ ဖြစ်သည်။

ယခု သူတို့ရောက်နေသော နေရာမှာ တောနက်ထဲမှ ကုန်းတစ်ကုန်းပေါ်တွင် ဖြစ်သည်။ ပတ်ဝန်းကျင်မှာ တဲလည်းမရှိ ရွာသည်းမရှိ လူလည်း တစ်ယောက်မှ မရှိပေ။

ဇမုန်းထန်၊ စံနက်ကျော်နှင့် ကရင်လေးတို့သုံးယောက်သာ အိပ်ပျော်ရာမှ နိုးလာကြသော်လည်း ထွန်းမောင်တစ်ယောက်ကတော့ ယခုတိုင် မထသေးဘဲ သစ်တုံးတစ်တုံးပေါ်မှာ ခေါင်းတင်၍ မှောက်ခုံကြီး အိပ်ပျော်လျက်ရှိနေသည်။

သို့ကြောင့် ထွန်းမောင်က မလှုပ်ပေ။ ဇမုန်းထန်က စိတ်မရှည်တော့သဖြင့် ထွန်းမောင်၏ ပခုံးကိုကိုင်ပြီး ဆွဲလှန်လိုက်သောအခါ ပက်လက်လှန်ကျလာသည်။

"ဟာ"

ထွန်းမောင်၏ လည်ပင်းတစ်ဝိုက်မှာ ညိုမည်းနေသော အပေါက်ကြီးပေါ်နေပြီး မျက်နှာမှာလည်း လွန်စွာထိတ်လန့်ကြောက်ရွံ့သော အမူအယာဖြင့် ထွန်းမောင်မှာ သေဆုံးနေလေပြီ။

"ထွန်းမောင်.... ထွန်းမောင်"



www.burmeseclassic.com

ဇမှန်းထန်က အမျိုးမျိုးလှုပ်ခေါ်ကြည့်သော်လည်း အခြေအနေက မထူးခြားတော့ပေ။

"ကျုပ်တို့ ဘယ်လိုဖြစ်တာလဲ ဆရာသမား၊ ညက ဟိုအဘိုးကြီးတွေ တဲပေါ်မှာ အိပ်နေရက်နဲ့ အခုနိုးလာတော့ လူမရှိတဲ့ ဒီနေရာရောက်နေတယ်၊ ထွန်းမောင်လည်း သေပြီ ဘယ်လို လုပ်ကြမလဲ"

စံနက်ကျော်က တုန်လှုပ်စွာ မေးသည်။

"အခုမှတော့ မထူးတော့ဘူး နီမောင့်ကိုတွေ့အောင်လိုက်ရှာရမှာပဲ သူ့ကိုတွေ့တော့မှ ကိစ္စက ပြီးမှာ"

"ဖြစ်ပါ့မလား"

"အခုမှတော့ ကြောက်မနေနဲ့တော့ စံနက်ကျော်၊ တို့လူတစ်ယောက်လည်း သေပြီးမှတော့ တို့လိုချင်တာတွေ မရမချင်း မအေးနိုင်ဘူး"

ဟု ပြောဆိုကာ သေဆုံးနေသော ထွန်းမောင်အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီး ထိုနေရာမှ ထွက်ခဲ့ကြလေသည်။

ထိုနေ့ တစ်နေ့လုံး နေသူရိန်ကုန်းတန်း၊ ကုန်းကျောတစ်ဝိုက်မှာ လိုက်ရှာကြသော်လည်း နီမောင်၏ အရိပ်အယောင်ကိုမှ မတွေ့ကြရပေ။ သို့ကြောင့် နေဝင်ကာနီးသောအခါ ပါလာသော အစားအစာများကို စားသောက်ပြီး တောင်ကုန်းတစ်ကုန်းပေါ်ရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်ရောက်နေရာယူကြရပြန်သည်။





"ဒီညတော့ သစ်ပင်အောက်က ဘယ်သူလာခေါ်လို့မှ မဆင်းနဲ့နော်"

"စိတ်ချပါ"

"ဒီတစ်ခါ သစ်ပင်အောက်မှာ ဘယ်သူပဲလာလာ ဒူးလေးနဲ့သာ ပစ်ကြကွာ"

"စိတ်ချ.. စိတ်ချ"

ပြောမယ့်သာပြောရသည်။ ဇမှန်းထန်ကိုယ်တိုင်ပင် စိတ်ထဲမှာ ကြောက်စိတ်ဝင်လျက်ရှိနေသည်။

နေဝင်သွားသည်နှင့် တောထဲမှာ အမှောင်ရိပ်က သမ်းလာလေသည်။ နေဝင်ရီတရော အချိန်လောက်တွင် တောထဲဆီမှ ခေါ်သံများ ကြားရလေတော့သည်။

သုံးယောက်သား ဒူးလေးနှင့် မြှားများကို အဆင်သင့်ကိုင်ကာ အသံကြားရာဘက်သို့ လှည့်ကြည့်နေကြသည်။

"ဇမှန်းထန်ရေ.. စံနက်ကျော်ရေ"

ခေါ်သံများက တစ်စတစ်စနီးလာလေသည်။

"ဒီအသံကို ငါကြားဖူးတယ် နီမောင်အသံမဟုတ်လား"

ဇမှန်းထန်က မေးလိုက်တော့ ကရင်ရေ ...ကာ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် ဆရာသမား အဲဒါ နီမောင်အသံပဲ"

"ဇမှန်းထန်ရေ... စံနက်ကျော်ရေ"



www.burmeseclassic.com

တဖြည်းဖြည်းနှင့် ခေါ်သံက ပိုမိုနီးလာပြီး မကြာမီတောစပ်မှ လူတစ်ယောက် တိုးထွက်လာသည်။ သူတို့လိုက်ရှာနေသော နီမောင်ကိုယ်တိုင်ပင်ဖြစ်သည်။

ဖမုန်းထန်တို့က နီမောင်ကို မြင်နေရသော်လည်း စိတ်မချသောကြောင့် ဒူးလေးများဖြင့် ချိန်ထားကြသည်။

"ကျွန်တော်ပါဗျ ခင်ဗျားတို့ဘယ်တုန်းက သစ်ပင်ပေါ်ရောက်နေကြတာလဲ"

နီမောင်က သူတို့ဒူးလေးများနှင့် ချိန်ထားသော်လည်း အရေးမကြီးဟန်ဖြင့် သစ်ပင်အောက်သို့ လျှောက်လာလေသည်။

"ခင်ဗျားတို့ ကျွန်တော့်ကို လိုက်ရှာနေကြတယ်ဆို ဘာကိစ္စရှိလို့ လိုက်ရှာနေကြတာလဲ"

"တို့ လိုက်ရှာနေတယ်ဆိုတာ မင်းကို ဘယ်သူပြောလို့ သိတာလဲ"

ဖမုန်းထန်က ဇဝေဇဝါဖြင့် ပြန်မေးလိုက်သည်။

"လမ်းမှာ ထွန်းမောင်နဲ့တွေ့လို့ သူပြောလိုက်တာပဲ"

"ဟင်... ထွန်း... ထွန်းမောင်က ပြောလိုက်တာ ဟုတ်လား"

"ဟုတ်တယ်လေ သူက ခင်ဗျားတို့နဲ့ လူစုကွဲသွားလို့ဆိုလား လိုက်ရှာနေတယ်"

"ဟင်"

ထိုစကားကြောင့် သုံးယောက်သား အကြီးအကျယ် တုန်လှုပ်သွားလေတော့သည်။

"မဖြစ်နိုင်ဘူး ဒါ လုံးဝမဖြစ်နိုင်ဘူး၊ ထွန်းမောင်သေသွားလို့ တို့ကိုယ်တိုင် မြေမြှုပ်ခဲ့တာပဲ ထွန်းမောင်နဲ့ တွေ့ခဲ့တယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ မင်းကို တောခြောက်လွှတ်လိုက်ပြီ နီမောင်"

"ကျွန်တော်ကတော့ မသိပါဘူးဗျ တောထဲမှာ ကိုယ့်ရွာသားတစ်ယောက် တွေ့ရတာနဲ့ ဝမ်းသာပြီး စကားတောင်ရပ်ပြောခဲ့သေးတယ်၊ ဒါထက် ခင်ဗျားတို့က ကျွန်တော့်ကို လိုက်ရှာနေကြတယ်ဆိုတာ ဘာအတွက်လဲဟင်"

"မင်းကို တွေ့ချင်လို့ပေါ့ကွာ"

"ဘာကြောင့် တွေ့ချင်တာလဲ"

"မင်းကို မေးစရာရှိလို့ပေါ့။ ဒါထက် မင်းတောထဲက မိန်းကလေးတစ်ယောက်နဲ့ ဖြစ်နေကြတယ်ဆိုတာ ဟုတ်လားကွ"

ဖမုန်းထန်က ဒဲ့ထိုးပင် မေးလိုက်သည်။

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

နီမောင်က အရေးမကြီးသလို ပြောလိုက်သည်။

"အဲဒီကောင်မလေးက ဘယ်မှာ နေတာလဲ"

"သူတို့ရွာက ဟိုဘက်နားက ကုန်းစောင်းမှာရှိတယ်"

"အဲဒါ မဖြစ်နိုင်ဘူး မင်းကို တောထဲက နာနာဘာဝတွေ ကျက်တွေက ဖမ်းစားဖို့ မာယာနဲ့ လှည့်ဖြားထားတာ မင်းသိရဲ့လား"







www.burmeseclassic.com

"မဟုတ်ဘူးလေဗျာ ကျွန်တော့်ချစ်သူက လူအစုစုံပါဗျ ခင်ဗျား တို့မယုံရင် လိုက်ကြည့်လေ"

ထိုစကားကြောင့် သုံးယောက်သား တစ်ယောက်မျက်နှာ တစ် ယောက် ကြည့်လိုက်ကြပြန်သည်။

မနေ့ညကပင် ယခုလို လာခေါ်တာကို လိုက်သွားမိသော ကြောင့် ထွန်းမောင်တစ်ယောက် သေဆုံးခဲ့ရသည်။

ယခုလည်း လာခေါ်နေပြန်ပြီ။

သည်တစ်ကြိမ်ကတော့ မိမိတို့ မသိသော မျက်နှာစိမ်းများ မဟုတ်ဘဲ နီမောင် ဖြစ်နေသောကြောင့် စိုးရိမ်စိတ်တော့ သိပ်မရှိ လှပေ။

"အဲဒါဆိုရင် တို့လိုက်ကြည့်မယ်"

"လိုက်ခဲ့လေ ဒါပေမဲ့ သုံးယောက်စလုံးတော့ လိုက်လို့မဖြစ် ဘူး သူတို့တတွေက တောထဲမှာ လျှို့လျှို့ဝှက်ဝှက် နေကြတာဆို တော့ လူများများလာတာ မကြိုက်ကြဘူး တစ်ယောက်ပဲ လိုက်ခဲ့ လို့ရမယ်၊ ခင်ဗျားတို့အထဲက ဘယ်သူလိုက်ခဲ့မလဲ"

ထိုသို့မေးသောအခါ သုံးယောက်သား ခေါင်းချင်းဆိုင် တိုင်ပင် ကြပြီး စံနက်ကျော်က သူလိုက်ခဲ့မည်ဟု ပြောကာ သစ်ပင်ပေါ်မှ အောက်သို့ ဆင်းသွားလေသည်။

ထို့နောက်...





နီမောင်နှင့်အတူ အမှောင်ရိပ်လွှမ်းနေသော တောနက်အတွင်း သို့ ဝင်သွားကြရာ မကြာမီ တောနက်အတွင်းဆီမှ စူးစူးဝါးဝါး အော် သံကြီးတစ်ချက် ပေါ်လာလေတော့သည်။

"အား"

"ဟင်"

ဖမုန်းထန်နှင့် ကရင်လေးတို့မှာ စံနက်ကျော်အတွက် စိုးရိမ် သွားကြသော်လည်း အမှောင်ထဲမှာ ဆင်းလိုက်မသွားဝံ့ကြပေ။

နောက်တစ်နေ့ နံနက်လင်းသောအခါ ညဦးပိုင်းက အော်သံ ကြားရာဘက်သို့ သွားကြည့်လိုက်သောအခါ သစ်ပင်ကြီးတစ်ပင် အောက်တွင် ရုပ်ပျက်ဆင်းပျက်နှင့် အသက်ပျောက်နေသော စံနက် ကျော်အလောင်းကို တွေ့ကြရလေတော့သည်။



www.burmeseclassic.com

## အခန်း (၁၃)

## အရှက်နှင့် သက်သေခံသူ

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး တစ်ပတ်ခန့်ကြာသောအခါ ဦးပန်းညို အိမ်ရှေ့သို့ သူကြီးဦးဘဟန်နှင့် ရွာသူရွာသားအချို့ ရောက်လာကြသည်။ ၎င်းတို့နှင့်အတူ စက်စုဂါတ်တဲစခန်းမှ ပုလိပ်နှစ်ယောက်တို့လည်း ပါလာကြသည်။

"ဦးပန်းညို… ဦးပန်းညို"

ခေါ်သံကြောင့် အိမ်အတွင်းမှ ဦးပန်းညိုထွက်လာသည်။

"ဩော် သူကြီးပါလား ဘာ့ကိစ္စရှိလို့ပါလဲ"

"ခင်ဗျားမြေး နီမောင်ရှိသလား"





"ရှိပါတယ် အိမ်ထဲမှာ ထမင်းစားနေပါတယ်"

"ခေါ်လိုက်ပါဗျာ ဒီမှာ စက်စုဂါတ်တဲစခန်းက ဆရာတွေ ရောက်နေကြလို့ သူတို့က ခင်ဗျားမြေးကို မေးစရာလေးတွေ ရှိနေလို့တဲ့"

သို့ကြောင့် ဦးပန်းညိုက မြေးဖြစ်သူ နီမောင်ကို ခေါ်ပေးလိုက်သည်။ နီမောင်က ထမင်းစားနေရင်းမှ အိမ်ရှေ့မှ ခေါ်သံကြားသဖြင့် ဘုမသိဘမသိဖြင့် ထွက်လာခဲ့သည်။

အိမ်ရှေ့ရောက်တော့ ဦးဘဟန်နှင့် ပုလိပ်များကို မြင်ရသောအခါ အနည်းငယ် အံ့သြသွားလေသည်။

"ဘာကိစ္စရှိလို့လဲ သူကြီး"

"ဒီလို နီမောင်ရဲ့ တလောက ဒီရွာက တောတက်သွားကြတဲ့ လူတွေထဲက စံနက်ကျော်ဆိုတဲ့ လူတစ်ယောက်ကို မင်းက လာခေါ်ပြီး သတ်ပစ်လိုက်တယ်လို့ ဇမုန်းထန်တို့က တိုင်ချက်ဖွင့်ထားလို့ နည်းနည်းပါးပါး စစ်မေးစရာရှိလို့ လာခေါ်တာပါ။ မင်း ငါတို့သာ လိုက်ခဲ့ပေတော့"

"ဗျာ ကျွန်တော်က စံနက်ကျော်ကိုသတ်လို့ ဟုတ်လား သူကြီး"

"အေး ဟုတ်တယ် ဇမုန်းထန်နဲ့ ကရင်လေးတို့က မျက်မြင်သက်သေလုပ်ပြီး အမှုဖွင့်ထားတယ်"

"ကျွန်တော် စံနက်ကျော်နဲ့က ဘယ်လို ရန်ငြိုးရန်စမှလည်း



www.burmeseclassic.com

မရှိဘူး သတ်စရာအကြောင်းလည်း မရှိဘူး ကျွန်တော် ဒီရက်ပိုင်း အတွင်းမှာ တောလည်းမတက်ဘူး သူကြီးတို့ တစ်ခုခုလွဲနေပြီထင်တယ်"

"ဟုတ်ပါတယ် သူကြီးမင်းရယ် အခုရက်ပိုင်းအတွင်းမှာ ကျုပ် မြေးလေး တောမတက်တာကြာပါပြီ စံနက်ကျော်ကို သူသတ်တယ် ဆိုတာ မဖြစ်နိုင်ပါဘူး"

ဦးပန်းညိုကပါ ဝင်ပြောသော်လည်း မရတော့ပေ။

"အဲဒါတွေက နောက်မှရှင်းကြ ပြောကြရမှာ အခု လောလော ဆယ်တော့ ကျုပ်အိမ်ကိုသာ လိုက်ခဲ့ပါ"

ဟုပြောဆိုကာ ပုလိပ်နှစ်ယောက်က နီမောင်ကို လက်ထိပ်ခတ် ၍ ခေါ်သွားကြတော့သည်။ မြင်သမျှ ကြားသမျှရွာသူရွာသားများ ကတော့ နီမောင်အကြောင်းကို ကောင်းစွာသိကြသူများပီပီ ထို ကိစ္စမဖြစ်နိုင်မှန်း ရိပ်မိကြသောကြောင့် နီမောင်အတွက် စိတ်မ ကောင်းဖြစ်ကြရသည်။ ဦးပန်းညိုကတော့ တရားသမားပီပီ မြေး ဖြစ်သူ အားမငယ်စေရန် အားပေးစကား ပြောလေသည်။

"လူကလေး လောကခံဆိုတာ ဒီလိုပဲ ကိုယ့်ဘက်က ဘယ် လောက်ပဲ ကောင်းနေနေ ကံကြွေးရှိရင် ချေရတယ်၊ ဝဋ်ကြွေးရှိရင် လည်း ခံရတယ်၊ အချိန်တန်တော့လည်း ဒါတွေက ပြီးသွားမှာပါပဲ"

ဟု ပြောနေသည်။ သူကြီးဦးဘဟန်တို့သည် နီမောင်ကို ဖမ်း ခေါ်သွားပြီး စက်စုဂါတ်တဲသို့ ခေါ်မသွားမီ သူကြီးအိမ်ရှေ့ရှိ မန်ကျည်း





ပင်အောက်မှာ ထိပ်တုံးခတ်ကာ ထားလေသည်။

ထိုအဖြစ်အပျက်ကိုမြင်သော ဦးဘဟန်၏ သမီးအကြီး ခင်စန်း ကြည်က မိခင်ဖြစ်သူ ဒေါ်မြမေကိုမေးလေသည်။

"အမေ.. နီမောင်ကို ဘာအပြစ်ရှိလို့ ဖမ်းထားတာလဲဟင်"

"ငါလည်း ဘယ်သိပါ့မလဲ ညည်းအဖေမေးကြည့်ပါလား"

ဟု ပြောသဖြင့် ဦးဘဟန်အားသောအချိန်ကို စောင့်ပြီး မေးကြည့်ရသည်။

"အဖေ နီမောင်ကို ဘာဖြစ်လို့ ဖမ်းထားတာလဲဟင်"

"စံနက်ကျော်ကို သတ်တဲ့အမှုနဲ့ မသင်္ကာလို့ ဖမ်းထားတာ"

"ဘယ်သူက တိုင်တာလဲ"

"ဖမုန်းထန်တို့က တိုင်တာလေ သူတို့ပြောတာကတော့ တောထဲမှာ ညဘက်ကြီး နီမောင်က စံနက်ကျော်ကို လာခေါ်သွား ပြီး သတ်လိုက်တာလို့ ပြောတာပဲ"

"အဖေကလဲ၊ အဖေပဲ စဉ်းစားကြည့်ပါဦး နီမောင်က ကိုယ့် မျက်စိအောက်မှာတင် ကြီးပြင်လာတာ အဲဒီလို လုပ်ပါ့မလား"

"ငါလည်း ဘယ်သိပါ့မလဲ တိုင်တဲ့လူက တိုင်ထားတော့ တွေ့ရားအရ ပုလိပ်ကို အကြောင်းကြားပြီး ဖမ်းရတာပေါ့"

"အဖေရယ် နီမောင်ဆိုတာ အင်မတန် ရိုးသားတဲ့ဟာ၊ နောက် ပြီး အကြောင်းကိစ္စရှိလို့ ခေါ်နိုင်းရင် အချိန်မရွေးလုပ်ပေးနေတာ



www.burmeseclassic.com

အဖေလည်း အသိသားနဲ့ ဟိုတလောကပဲ ကိုဝင်းဇော်ပျောက်တဲ့ ကိစ္စမှာ နီမောင်လိုက်ရှာပေးလို့ အလောင်းပြန်တွေ့တာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ် ငါလည်း စိတ်ထဲမှာတော့ ဒါ်ပ် မထင်ပါဘူး၊ ဒါပေမဲ့ လောလောဆယ် အမှုမှန်မပေါ်သေးခင်တော့ ဒီလိုပဲ အရေးယူထားရမှာပဲ"

ဟု ပြောလိုက်ရာ ခင်စန်းကြည်လည်း ဘာမှမတတ်သာတော့ပဲ စိတ်မကောင်းကြီးစွာ ဖြစ်ရတော့သည်။ သူမသည် ရေနှင့် စားစရာများကိုယူပြီး နီမောင်ကို ထိပ်တုံးခတ်ထားသော မန်ကျည်းပင်ကြီးအောက်သို့ သွားတွေ့လေသည်။

"နီမောင် ငါ နင့်ကို အခုလို မြင်ရတာ စိတ်မကောင်းပါဘူး၊ ငါ ဘာအကူအညီပေးရမှာလဲဟင်"

"ရပါတယ်ဟာ ငါ့ဘဝနဲ့ငါသာ ရှိပါစေတော့"

"ဘယ်ဟုတ်ပါ့မလဲ နီမောင်ရယ်၊ နင်က တို့အပေါ်မှာဆိုရင် အမြဲအကူအညီပေးနေတာ နင့်မှာ ကိစ္စပေါ်လာတော့မှ ဒီအတိုင်းကြည့်နေလို့တော့ ဘယ်တရားပါ့မလဲ၊ နင်လိုတဲ့ အကူအညီရှိရင် ငါ့ကိုပြော၊ ဘယ်ကိစ္စပဲဖြစ်ဖြစ် ငါအကူအညီပေးမယ်"

"ကျေးဇူးတင်ပါတယ် ခင်စန်းကြည်"

ထို့နောက် နီမောင်ကို စက်စုဂါတ်တဲရှိရာသို့ ခေါ်သွားပြီး ချုပ်ထားလိုက်လေတော့သည်။





အမှု၏အခြေအနေမှာ တစ်ဖက်မှ တိုင်ချက်ဖွင့်သူများ၏ ပြောစကားနှင့် ဖမ်းဆီးထားလောက်သော်လည်း သက်သေ သက္ခာရ ခိုင်ခိုင်လုံလုံ မပြနိုင်သောကြောင့် ဖွဲ့ချက်တင်၍ [illegible]သေးပေ။ စက်စုဂါတ်တဲမှ ဌာနအုပ် ဦးမင်းဟန်နှင့် ပုလိပ်များက တောထဲတွင် စံနက်ကျော် အလောင်းမြှုပ်ထားရာသို့ တစ်ခေါက်သွား၍ ဖော်ကြည့်ကြသောအခါ သေသူ၏ ကိုယ်ပေါ်တွင် သေလောက်သော ဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရသဖြင့် နီမောင်သတ်သည်ဆိုခြင်းမှာ ခိုင်လုံမှု မရှိပြန်ပေ။ စက်စုနှင့် စက်ဆန်းမှာ မဝေးလှသောကြောင့် ကုန်းလမ်းမှဖြစ်စေ ရေလမ်းမှဖြစ်စေ နီမောင်အတွက် စားသောက်စရာ လာပို့သူများ သတင်းလာမေးသူများမှာ မကြာခဏ ရောက်လာတတ်ကြသည်။

ထိုအထဲတွင် စံနက်ကျော်၏ ဆရာဖြစ်သူ မုဆိုးကြီး ဦးမွန်ထော်လည်း ပါလာလေသည်။ ဦးမွန်ထော်က ဌာနအုပ် ဦးမင်းဟန်အား ဝင်တွေ့ပြီး အကျိုးအကြောင်း ပြောပြသည်။

"အခု တောထဲမှာ သေသွားတဲ့ စံနက်ကျော်ဆိုတာ ကျုပ်ရဲ့တပည့်ပါ။ ဒီကောင်လေးက စရိုက်ကောင်းလှတယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူ့ကို နီမောင်သတ်တယ်ဆိုတာကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

"ကျွန်တော်တို့ကလည်း ဝတ္တရားအရသာ ဖမ်းထားရတာပါ စစ်ဆေးကြည့်လို့ သက်သေအချက်အလက်မခိုင်လုံရင် ချက်ချင်း



www.burmeseclassic.com

ပြန်လွှတ်ပေးပါ့မယ်”

“ကြုံကြိုက်တုန်း ဗြာနအုပ်ကို ပြောရဦးမယ်၊ တောထဲမှာဆိုတာ ဘာမှ အမှန်ယူလို့မရဘူး။ မာယာများလေတော့ တစ်ခါတစ်ရံ နီမောင်ကို တွေ့ရပြမယ့် နီမောင်ဟုတ်ချင်မှ ဟုတ်တာပါ၊ တစ်ခါတစ်ခါတော့လည်း နီမောင်တွေ အများကြီး တွေ့ချင်တွေ့ရတတ်ပါတယ်”

“အဲဒါတွေက တကယ်ပဲလားဗျ”

“တောထဲမှာဆိုတာ ကျက်တွေ နာနာဘာဝတွေ အများကြီးရှိတယ်၊ လူကို အန္တရာယ်ပေးနိုင်တဲ့ သားရဲတိရစ္ဆာန်တွေလည်း အများကြီးရှိပါတယ်၊ တောကောင်မာယာရဲ့ လှို့ဝှက်ချက်တွေကို မသိနားမလည်ဘဲ ဒါမှမဟုတ် သိသော်ငြားလည်း အလေးမမူဘဲ သွားလာခဲ့ရင် အသက်အန္တရာယ် တွေ့နိုင်ပါတယ်”

“ဩော် ဒါတွေလည်း ရှိတာကိုး”

“ရှိပါတယ် ဗြာနအုပ်အနေနဲ့ စံနက်ကျော်သေတဲ့ညက နီမောင် ရွာမှာ ရှိမရှိစုံစမ်းကြည့်ရင် အဖြေထွက်လာနိုင်ပါတယ်”

“ဒါပေမဲ့ သူရွာမှာရှိတာကို သက်သေပြနိုင်တဲ့သူရှိဖို့တော့ လိုတယ်ဗျ”

“ကျွန်မ သက်သေပြနိုင်ပါတယ် ဗြာနအုပ်”

“ဟင်”





ထိုသို့ လှမ်းပြောလိုက်သူမှာ အခန်းအပြင်ဘက်မှ ဖြစ်သည်။ ခဏကြာတော့ အခန်းဝမှ ပုလိပ်တစ်ယောက်က အမျိုးသမီးတစ်ယောက်ကို အခန်းထဲသို့ ခေါ်သွားလာသည်။ အခြားသူမဟုတ်ပေ။ သူကြီးဦးဘဟန်၏သမီး ခင်စန်းကြည်ပင်ဖြစ်၏။

“မင်းက ဘယ်သူလဲ”

ဦးမင်းဟန်က မေးလိုက်သည်။

“ကျွန်မက စက်ဆန်းရွာသူကြီး ဦးဘဟန်ရဲ့သမီး ခင်စန်းကြည်ပါ”

“မင်းက ဘယ်လိုသက်သေပြမှာလဲ”

“နီမောင်က ကျွန်မရဲ့ ချစ်သူပါ”

“ဟင်”

ထိုစကားကြောင့် ဦးမွန်ထော်ပင် အံ့သြသွားလေသည်။

“အဲဒီညက သူ ကျွန်မနဲ့ ချိန်းတွေ့ရင်းနဲ့ တစ်ညလုံးကျွန်မနဲ့ ရှိနေပါတယ်”

“မိန်းကလေး သေချာရဲ့လား ဒီကိစ္စမျိုးဆိုတာ မိန်းကလေးအတွက် ဘယ်လောက်နစ်နာတယ်၊ အရှက်ရတယ်ဆိုတာရော စဉ်းစားမိရဲ့လား”

“ကျွန်မသိပါတယ်၊ ဒီအကြောင်းကို အဖေတို့သိသွားရင်တောင် ကျွန်မအတွက် ဘယ်လောက်ဒုက္ခရောက်မယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ ကျွန်မရဲ့အရှက်နဲ့ ဂုဏ်သိက္ခာကိုငဲ့ပြီး အမှန်ကိုမပြောဘဲနေရင်



www.burmeseclassic.com

အပြစ်မရှိတဲ့လူတစ်ယောက်နှစ်နာသွားမှာကိုတွေးပြီး အခုလို လာပြော တာပါ"

ခင်စန်းကြည်က ရဲရဲဝံ့ဝံ့ပင် ပြန်ပြောလေရာ ဌာနအုပ်ဦးမင်းဟာ က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဒီလောက်လည်း စိတ်မပူပါနဲ့ တကယ်လို့ မင်းချစ်သူမှာ အပြစ် မရှိတာမှန်ရင် ရမန်တစ်ပတ်ပြည့်တာနဲ့ သူ့ကိုချက်ချင်း ပြန်လွှတ်ပေး လိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

ထိုသို့ပြောပြီး ခင်စန်းကြည် အချုပ်သမားများထားသော ဂါတ် တဲဘက်သို့လာကာ တာဝန်ကျနေသော ဂါတ်စာရေးအား ငွေငါးကျပ် ပေးလိုက်ပြီး အချုပ်သားနီမောင်နှင့် တွေ့လိုကြောင်း ပြောလိုက်ရာ ဂါတ်စာရေးက ချက်ချင်းဆိုသလိုပင် ပုလိပ်တစ်ယောက်အား နီ မောင်ကို သွားထုတ်ပေးရန် လှမ်းပြောလိုက်သည်။ ခဏကြာတော့ ပုလိပ်က နီမောင့်ကို လက်ထိပ်ခတ်ကာ ခေါ်လာပေးသည်။

သူတို့နှစ်ယောက်အား အချုပ်သားများကို တွေ့ခွင့်ပေးသော အခန်းထဲမှာ တွေ့ခွင့်ပေးလေသည်။ နီမောင့်ကို ယခုကဲ့သို့ အခြေ အနေမျိုးဖြင့် မြင်ရသောအခါ ခင်စန်းကြည်မှာ မျက်ရည်အဝိုင်းသား နှင့် စိတ်မကောင်းဖြစ်နေရှာသည်။

ခင်စန်းကြည်ကိုမြင်တော့ နီမောင်က အံ့သြနေလေသည်။





"နင် ငါ့ကို လာတွေ့တာလား ခင်စန်းကြည်"

ခင်စန်းကြည်က ပါးစပ်မှအသံမထွက်ဘဲ ခေါင်းညိတ်ပြရာ ပါးပြင် ပေါ်သို့ မျက်ရည်စက်များက ပေါက်ကနဲ စီးကျလာလေတော့သည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ဟာ ငါ့မှာ ဝဋ်ကြွေးရှိလို့ပဲ ဒီလိုခံရ တယ်လို့ပဲ သဘောထားပါတယ်"

"နီမောင်ရယ် ကိုယ့်မှာအပြစ်ရှိလို့ ခံရတာကတော့ ဘယ် လောက်ပဲခံရ ခံရ အရေးမကြီးပါဘူး ဒါပေမဲ့ အပြစ်မရှိဘဲ အခုလို ခံရတာကတော့ ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ"

"ငါကတော့ ကံတရားပေါ့ဟာ နင် ဒီကို ဘယ်သူနဲ့လာတာလဲ အဖေ်ပါရဲ့လား"

"ငါ အဘ ဦးမွန်ထော်နဲ့ လိုက်လာတာပါ"

"နောက်ကိုမလာပါနဲ့ဟာ ဒီနေရာမျိုးဟာ မိန်းကလေးတွေလာ လို့ သင့်တဲ့နေရာမျိုး မဟုတ်ဘူးဟ"

ခင်စန်းကြည်က ဘာမှမပြောဘဲ သူမယူဆောင်လာသော စားစရာသောက်စရာ ထည့်ထားသော အထုပ်ကလေးကို နီမောင် ကို ပေးသည်။

"ရော့ ဒါနင်စားဖို့အတွက် ငါယူလာတာ၊ ငါအခု ဒီကိုလိုက်လာ တာ ဌာနအုပ်နဲ့တွေ့ပြီး ပြောစရာရှိတာတွေ ပြောပြချင်လို့လိုက်လာတာ"

"ဘာတွေ ပြောပြခဲ့သလဲ"



www.burmeseclassic.com

"နင်နဲ့ငါနဲ့က ချစ်သူတွေဆိုတာရယ် အဲဒီညက နင် ငါနဲ့ အတူ ရှိနေတယ်ဆိုတဲ့ အကြောင်းကို ပြောပြခဲ့တယ်"

ထိုစကားကြားသောအခါ နီမောင်မှာ အံ့သြသွားလေသည်။

"နင် ဒီလိုပဲ ပြောခဲ့သလား၊ အဲဒီလိုပြောတော့ နင့်သိက္ခာကျမှာပေါ့ ခင်စန်းကြည်ရယ်"

"နင်က ငါတို့ရဲ့ အပေါ်မှာ ကူညီခဲ့တာတွေ များလှပြီ၊ ငါတို့က နင့်အတွက် ဘာတစ်ခုမှပြန်ပြီး အကူအညီပေးရတာ မရှိသေးဘူး၊ ဒီတစ်ကြိမ်တော့ နင့်အတွက် ထိုက်ထိုက်တန်တန်ပြန်ပြီး အကူအညီ ပေးလိုက်တယ်လို့သာ သဘောထားပေါ့ နီမောင့်ရယ်"

"ဒါပေမဲ့ နင့်ရဲ့ ကူညီမှုက မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာအတွက် တန်ဖိုးကြီးလှပါတယ် ခင်စန်းကြည်ရယ်"

"ဒါတွေ ဘာမှတွေးမနေနဲ့တော့ အချုပ်ထဲမှာ နင်နေကောင်းအောင်သာ ကြိုးစားပေတော့ ဌာနအုပ်က ပြောလိုက်တယ်၊ နင့်ကို ရမန်တစ်ပတ်လောက်ပဲ အချုပ်ထဲမှာထားပြီး အပြစ်မရှိရင် ချက်ချင်း ပြန်လွှတ်ပေးမှာတဲ့"

"ကျေးဇူးတင်ပါတယ် ခင်စန်းကြည်ရယ်၊ ဒါပေမဲ့ နောက်ကို ဒီကို ခဏခဏ မလာပါနဲ့ဟာ ဒီနေရာမျိုးတွေက လူကောင်းတွေ အတွက် လာလို့ သွားလို့ ကောင်းတဲ့နေရာမျိုးတွေ မဟုတ်ဘူးဟ"

ခင်စန်းကြည်က မျက်ရည်စများကို သုတ်ရင်း ခေါင်းညိတ်ပြ





လေသည်။ ထို့နောက် နီမောင်ကိုနှုတ်ဆက်ပြီး ပြန်သွားလေတော့ သည်။

သူမ ပြန်သွားသောအခါ နီမောင်မှာ ခင်စန်းကြည်ပေးထားခဲ့ သော အထုပ်ကလေးကိုကိုင်ရင်း ငိုင်လျက်သား ကျန်နေခဲ့လေတော့ သည်။ ခဏကြာတော့ ဌာနအုပ် ဦးမင်းဟန်ရောက်လာပြီး နီမောင် ကို ကြည့်၍ ရင်းရင်းနှီးနှီး အမူအယာဖြင့်...

"နီမောင်ကတော့ တကယ့်လူပဲဟ သူကြီးသမီးနဲ့ ရည်းစား ဖြစ်နေတာများ အစက ဘာကြောင့် ဖွင့်မပြောရတာလဲ ဘာလဲ ကောင်မလေးနဲ့ ညဘက်ချိန်းတွေ့တာကို လူသိမှာစိုးလို့ ရှက်နေ တာလား"

ဟု ပြောသည်။

"ဟို..ဟို..ဒီလိုပါ"

သူ့အနေနှင့် ဘာပြန်ပြောရမှန်းမသိအောင် ရှိနေတော့သည်။

"မင်းက အစကတည်းကသာ ဖွင့်ပြောလိုက်ရင် အမှုက ဒီ လောက်ရှုပ်မှာမဟုတ်ဘူး၊ အခုတော့ အချုပ်ထဲမှာ ရမန်တစ်ပတ် လောက် နေရတာပေါ့။ ကဲ..ကဲ အခုတော့ တို့လည်း စစ်ဆေးတန် သလောက် စစ်ဆေးပြီးပါပြီ စံနက်ကျော်ရဲ့ ... ဘာ တစ်စုံတစ်ယောက် ရဲ့ ပယောဂကြောင့်မဟုတ်ဘဲ သူ့ဖာသာအကြောက်လွန်ပြီး သေ တယ်ဆိုတာ သိရပြီ၊ ဒီတော့ မင်းကို ပြန်လွှတ်ပေးပါ့မယ်"



www.burmeseclassic.com

ဟု ဦးမင်းဟာန်က ပြောသည်။

"ဝမ်းသာလိုက်တာ ဌာနအုပ်ရယ်၊ ကျွန်တော့်ကို တကယ်ပြန်လွှတ်ပေးတော့မှာလား"

"တို့ ဥပဒေဘက်တော်သားတွေဟာ အပြစ်မဲ့တဲ့လူတွေကို အကြောင်းမဲ့ နှိပ်စက်လေ့မရှိပါဘူး ဒါပေမဲ့ တို့စခန်းကပြန်လွှတ်လိုက်ပေမယ့် သူကြီးဦးဘဟာန်ကတော့ မင်းကိုဖမ်းပြီး ထိပ်တုံးခတ်ဦးမှာ သေချာတယ်"

"ဗျာ"

"ဟုတ်တယ်လေ မင်းက သူ့သမီးကို သူမသိအောင် အပိုင်သိမ်းဖို့ ကြံစည်နေတာဆိုတော့ ဒေါသဖြစ်မှာ သေချာတယ်၊ ကဲ ကဲ ခံဝန်မှာ လက်မှတ်ထိုးပြီးရင် မင်းပြန်လို့ရပါပြီ"

ဟု ပြောလိုက်ရာ နီမောင်ရင်ထဲမှာ ဝမ်းသာစိတ်ကြောင့် ကတုန်ကရင်ဖြစ်လာလေတော့သည်။

* * * *





## အခန်း (၁၄)
## နောက်ဆုံးကြမ္မာ

နီမောင်သည် အချုပ်မှလွှတ်မြောက်လာပြီးနောက်တွင် မည်သူမှ မသိအောင် ဂမုန်းဂူရှိရာသို့ တစ်ခေါက်သွားလေသည်။ ဂမုန်းဂူထဲသို့ ရောက်သောအခါ ယခင်တစ်ကြိမ်ရောက်ခဲ့စဉ်က တွေ့ရသော ဂမုန်းပင်များကိုလည်း မတွေ့ရတော့ပေ။ ဂူထဲမှာလည်း လူနေသည့် လက္ခဏာများ ပစ္စည်းပစ္စယများ ဘာတစ်ခုမှ မတွေ့ရတော့ပေ။

"ခင္တာရေ... ခင္တာ"

ထိုသို့ လှည့်လည်ခေါ်နေစဉ် နှာခေါင်းထဲမှာ ဂမုန်းရနံ့ဖြူ



www.burmeseclassic.com

ပန်းရနံ့သင်းသင်းလေးက ဂူထဲမှာ ပျံ့လွင့်လာသည်။

"ဟင် ဒါ ဂမုန်းပန်းရနံ့ပါလား"

ပန်းရနံ့မှာ သာမန်သင်းပျံ့နေရုံမကတော့ဘဲ တစ်စတစ်စနှင့် ပို၍ပို၍ များလာရာ ခဏကြာသောအခါ ဂူတစ်ဂူလုံး ဂမုန်းပန်းရနံ့များ လှိုင်နေတော့သည်။

"ဟင်"

နီမောင်သည် သာမန်ထက်ပိုလာသော ဂမုန်းပန်းရနံ့များကို ရှူရှိုက်ရင်း စိတ်ထဲမှာ အံ့သြနေသည်။

သို့ကြောင့် ဂူအတွင်းပိုင်းသို့ဝင်ကာ လိုက်လံရှာဖွေနေရင်းမှ ပင် ခေါင်းထဲမှာ ရီဝေဝေ မူးနောက်နောက် ဖြစ်လာတော့သည်။

ခဏကြာတော့ တစ်ကိုယ်လုံး မလှုပ်ချင် မသယ်ချင်လောက် အောင် ဖြစ်လာတော့သည်။ စိတ်ထဲမှာလည်း လေးလံထိုင်းမှိုင်းလာ လေသည်။ အမြင်မှာလည်း မကြည်လင်တော့။

ဂူတစ်ဂူလုံး မီးခိုးငွေ့များ ဖုံးလွှမ်းနေသည်ဟု ထင်လာရပြီး စိတ်ထဲမှာလည်း ဘာမှ မသိတော့သလို ခံစားရသည်။

ထိုအခိုက်မှာပင် မီးခိုးငွေ့များထဲမှာ လူတစ်ယောက်ထွက်လာ သည်။ အနားရောက်လာတော့မှ စတ္တာမှန်းသိရတော့သည်။

"ဟင် စတ္တာ"

"အစ်ကို"





"ကိုယ်မင်းကို လိုက်ရှာနေတာ မင်းတို့ဘယ်ကို ရွှေ့သွားကြတာ လဲဟင်"

"ကျွန်မတို့ ဒီနေရာကနေ တခြားကို ပြောင်းသွားကြပြီအစ်ကို"

"ဘာဖြစ်လို့လဲဟင်"

"ဒီနေရာကို မကြာခင်မှာ ရန်သူတွေ ရောက်လာကြတော့မှာ မို့ အဘိုးက နေရာရွှေ့လိုက်တာပါ"

"ဒါဖြင့် ကိုယ်က မင်းနဲ့တွေ့ချင်ရင်ဘယ်လိုလုပ်ရမလဲဟင်"

"ကျွန်မနဲ့ နောက်တစ်ကြိမ်တွေ့နိုင်ဖို့တော့ မလွယ်တော့ဘူး အစ်ကိုရယ် အစ်ကို ဒီရက်ထဲမှာ ကျွန်မဆီကို ဘာဖြစ်လို့ မလာတာ လဲဟင်"

"ဒီရက်ထဲမှာ ကိုယ်ဒုက္ခရောက်နေလို့ စတ္တာဆီကိုမလာနိုင် တာပါ။ ဒါထက် နေပါဦး နောက်ထပ် စတ္တာနဲ့တွေ့ဖို့ မလွယ်တော့ ဘူးဆိုတာ ဘာဖြစ်လို့လဲ"

"ကျွန်မတို့က အခု ဒီနေရာမှာ နေခဲ့ကြတာ နှစ်အတော်ကြာခဲ့ ပြီအစ်ကို၊ ကျွန်မ အစ်ကိုနဲ့ချစ်မိတဲ့နောက်ပိုင်းမှာ ဒီနေရာကိုလူတွေ သိသွားကြတယ်၊ မကြာခင်မှာ ဒီနေရာကို လူစိမ်းတွေ ရောက်လာ တော့မယ်လို့ အဘိုးကပြောတယ်"

"ဟင်"

"ဒါကြောင့် နောက်တစ်နေရာကို ရွှေ့သွားကြတာပါ အဲဒီနေရာ

www.burmeseclassic.com

သစ်ကိုတော့ ဘယ်သူ့ကိုမှ မခေါ်ရဘူး၊ အသိမပေးရဘူးလို့ အဘိုးက ပြောထားတယ် အစ်ကိုရယ်၊ ဒါကြောင့် အစ်ကိုနဲ့ ကျွန်မတွေ့ဖို့ မလွယ်တော့ဘူးလို့ ပြောတာပါ”

ဟု မျက်ရည်ကလေး အဝိုင်းသားနှင့် ပြောပြလေသည်။

“ဟင် ဒါဖြင့် ကိုယ်က ခတ္တာနဲ့ခွဲရတော့မှာပေ့ါ အို ဒီလိုကတော့ ဘယ်နည်းနဲ့မှ မခွဲနိုင်ဘူး၊ ကိုယ်ခတ္တာကို လက်မလွှတ်နိုင်ဘူး၊ ခတ္တာနဲ့ပဲ အတူတူနေမယ်”

ဟုပြောကာ ခတ္တာ၏ ကိုယ်လုံးလေးကို ထွေးပွေ့ထားလိုက်သည်။ ခတ္တာကလည်း နီမောင်ရင်ခွင်ထဲမှာ တိုးဝင်ရင်း မျက်ရည်များ ဖြိုင်ဖြိုင်ကျနေလေ၏။

“မဖြစ်သေးဘူးအစ်ကိုရယ်၊ ကျွန်မတို့ဘဝက အဘိုးရဲ့ စီစဉ်မှုတွေနဲ့ နေရတာဆိုတော့ အဘိုးရဲ့ဆန္ဒကို ဘယ်လိုမှ မလွန်ဆန်နိုင်တဲ့ဘဝပါ၊ အစ်ကို့ကို ကျွန်မချစ်ပါတယ်၊ ဒါပေမဲ့ နောက်ထပ် ကျွန်မတို့နှစ်ယောက် တွေ့ဖို့တော့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး”

ဟုပြောသောအခါ နီမောင်ရင်ထဲမှာ ဆို့နင့်ကြေကွဲလျက် ရှိသည်။ နှလုံးသားကို အနှိပ်စက်ဆုံး ဝေဒနာများထဲတွင် ခွဲခွာခြင်း ဝေဒနာလည်း တစ်ခုအပါအဝင်ဖြစ်ရာ ယခုအခါ သူ့ရင်ထဲမှာ တဆစ်ဆစ် နာကျင်လျက်ရှိနေသည်။

“ကိုယ် ခတ္တာကို တကယ်ပဲ စွန့်လွှတ်ပေးရတော့မှာလား”





“ဘဝဆိုတာ ဒီလိုပေ့ါ အစ်ကိုရယ် ကိုယ့်ရင်ထဲက ဖြစ်စေချင်တဲ့ ဆန္ဒကို အခြေအနေက ခွင့်မပြုခဲ့ရင် လောကရဲ့ သားကောင်တွေ အဖြစ်ဘဝမှမတက်နိုင်တော့ မှုတာပါပဲ ကံစီမံရာအတိုင်းပေါ့ အစ်ကိုရယ်”

“ခတ္တာရယ်”

နီမောင်က မိမိနှစ်သက်မြတ်နိုးသော အရာတစ်ခုကို လက်လွှတ်ဆုံးရှုံးရတော့မည့်အလား ခတ္တာ၏ ကိုယ်ကလေးကို တင်းကြပ်စွာ ဖက်ထားလေသည်။

ထိုအခိုက်မှာပင် ဝူအပြင်ဘက်ဆီမှ ဆူဆူညံညံအသံများကို ကြားလိုက်ရသဖြင့် ခတ္တာက လူချင်းခွာလိုက်လေသည်။

“ဟောဗ်.. သူတို့ရောက်လာကြပြီ အစ်ကို၊ ဒီနေရာက အမြန်ဆုံး သွားမှဖြစ်တော့မယ်”

ဟုပြောသည်။

“ဘယ်သူတွေလဲဟင်”

“အစ်ကိုတို့ရွာက လူတွေလေ သူတို့က ကျွန်မတို့နေတဲ့ နေရာကို သိချင်လို့ လိုက်ရှာနေကြတာ အခု ဝူပေါက်ဝကိုရောက်လာကြပြီ”

“ဘယ်လိုလုပ်ကြမလဲဟင်”

“အစ်ကိုလည်း ဒီနေရာက အမြန်ဆုံးရှောင်သွားမှဖြစ်တော့မယ် သူတို့ရောက်လာလို့ တွေ့သွားရင် တစ်မျိုးထင်ကြလိမ့်မယ် လာ လာ ကျွန်မနောက်ကို လိုက်ခဲ့ပေတော့”



www.burmeseclassic.com

ဟုပြောကာ ခတ္တာက နီမောင့်လက်ကိုဆွဲပြီး ဂူအတွင်းပိုင်းသို့ ခေါ်သွားလေသည်။ ဂူအတွင်းပိုင်းရောက်သောအခါ ဂူပေါက်များ စွာတို့ကို တွေ့ရလေသည်။

ထိုနေရာရောက်သောအခါ ခတ္တာက ရပ်လိုက်ပြီး...

"ဒီဂူပေါက်ဝကသွားရင် အပြင်ဘက်ကို ရောက်သွားလိမ့်မယ်၊ သွားပေတော့ အစ်ကို၊ ကျွန်မတို့နှစ်ယောက်အတွက် ကံမကောင်းလို့ မပေါင်းရပေမယ့် ကျွန်မအစ်ကို့ကို နှစ်နှစ်ကာကာချစ်ပါတယ် တကယ်လို့ ဒီဘဝမှာကံမကုန်သေးရင်လည်း ပြန်ဆုံကြရဦးမှာပေါ့၊ ကဲ ကျွန်မသွားတော့မယ် အစ်ကို"

ဟုပြောဆိုနှုတ်ဆက်ကာ ဂူပေါက်ဝတစ်ခုအတွင်းသို့ ပြေးဝင်သွားလေရာ ထိုဂူပေါက်မှာ သူမ ဝင်သွားပြီးသည်နှင့် ပြန်လည်ပိတ်သွားလေတော့သည်။

"ခတ္တာ... ခတ္တာ"

နီမောင်အော်ခေါ်သော်လည်း ပြန်ထူးသံမကြားရတော့ပေ။

နီမောင်သည် ထိုနေရာမှာ အတန်ကြာအောင် ရပ်နေပြီး ဂူအတွင်းသို့ ဝင်လာသော ဆူဆူညံညံ အသံများကို ကြားလိုက်ရသဖြင့် ခတ္တာညွှန်ပြခဲ့သော ဂူပေါက်ထဲသို့ ဝင်လာခဲ့ရာ သူဝင်ပြီး မကြာခင်မှာ ထိုဂူပေါက်ဝမှာလည်း ပိတ်သွားလေတော့သည်။

သူသည် ထိုဂူလမ်းအတိုင်း လျှောက်လာရင်းမှ နှခေါင်းထဲမှာ





လှိုင်နေသော ဂမုန်းခတ္တာဖြူ ပန်းရနံ့များကလည်း တဖြည်းဖြည်းနှင့် လျော့နည်းလာရာမှ အပြင်သို့ရောက်သွားသောအခါ လုံးလုံးပျောက်သွားလေတော့သည်။

ထိုအခါ နီမောင်လည်း တစ်ကိုယ်လုံးရှိ အင်အားများကို နှုတ်ယူလိုက်သလို ခံစားရကာ နေရာမှာပင် လဲကျပြီးသတိလစ်သွားတော့သည်။

သူက ဂူအပြင်ရောက်သွားပြီး သတိလစ်ကာ လဲကျသွားသောအချိန်တွင် စောစောက သူနှင့်ခတ္တာတို့ရှိနေသော ဂူအတွင်းသို့ လူအချို့ဝင်လာလေတော့သည်။

ဓမုန်းထန်နှင့် ကရင်လေးတို့ ဦးဆောင်သော ရွာသူရွာသားအချို့ပင်ဖြစ်သည်။ သူတို့အားလုံး ဓားလှံလက်နက်များ မီးတုတ်များ ကိုင်ကာ ဝင်လာကြခြင်းဖြစ်သည်။

"နီမောင် ဒီဂူထဲကို ဝင်သွားတာ သေချာရဲ့လား"

"သေချာပါတယ် ဆရာသမားရဲ့ ကျုပ်တို့နှစ်ယောက် ဒီနားတဝိုက်မှာ သေသေချာချာ စောင့်ကြည့်နေတုန်း သူ ဒီဂူထဲကိုဝင်သွားတာ သေသေချာချာ မြင်လိုက်ရတာပါ"

"ဒါဖြင့်လည်း အထဲမှာ ရှိတာ သေချာပြီပေါ့"

"သေချာပါတယ်"

"ဒါဖြင့် သူကိုတွေ့တာနဲ့ သူကောင်မလေးတွေနေတဲ့နေရာကိုလည်း တွေ့မှာသေချာတာပေါ့၊ အထဲကို ဆက်လိုက်ကြရုံပေါ့"



www.burmeseclassic.com

သူတို့သည် မီးတုတ်နှင့် လက်နက်များကို အဆင်သင့်ကိုင်ကာ အတွင်းသို့ ဆက်ဝင်ခဲ့ကြသည်။

အတွင်းပိုင်းရောက်သောအခါ ရှေ့ဆက်သွားလို့ မရလောက်အောင် ဂူပေါက်လမ်းများက ပိတ်သွားလေတော့သည်။

"ဟင် ရှေ့ဆက်သွားစရာ လမ်းမရှိတော့ပါလား၊ ကရင်လေးမင်းပြောတော့ နီမောင် ဒီဂူထဲကို ဝင်သွားတာ မြင်လိုက်တယ်ဆိုအခု ဒီအထဲမှာ မရှိပါလား"

"ဝင်သွားတာတော့ သေချာပါတယ်၊ ကျွန်တော်တစ်ယောက်ထဲ မြင်တာတောင် မဟုတ်ဘူး သူတို့တတွေပါ မြင်လိုက်တာ"

"ဟုတ်တယ် နီမောင်ဒီဂူထဲ ဝင်သွားတာ အသေအချာကို မြင်လိုက်ရတာ ဒီတစ်ခါတော့ နေ့ခင်းဘက်ကြီးဆိုတော့ အမြင်လွဲစရာမရှိဘူး၊ နီမောင်မှ နီမောင်အစစ်ပဲ"

"ဒါဖြင့် ဘယ်ရောက်သွားပြီလဲ"

"တခြားကို ထွက်သွားစရာ အပေါက်များ ရှိနေရော့သလား၊ သေသေချာချာ လိုက်ကြည့်ကြပါဦး"

သူတို့တတွေ ပြောပြောဆိုဆိုနှင့် ဂူအတွင်းပိုင်းသို့ လှည့်လည်ကြည့်ရှုကြသော်လည်း ဝင်ပေါက်ထွက်ပေါက် မတွေ့ရဘဲ ကျောက်တုံး ကျောက်ခဲများ ပိတ်ဆို့နေသည်ကိုသာ တွေ့ရတော့သည်။

ထိုအခိုက်မှာပင် ဂူကြီးတစ်ခုလုံး သိမ့်သိမ့်တုန်လာလေတော့သည်။





"ဟင်...ဘာဖြစ်တာလဲ"

"ငလျင်လှုပ်တာများလား"

"မသိဘူး ဂူကြီးတစ်ခုလုံးတော့ မှောင်လာတာပဲ"

စောစောက သူတို့ဝင်လာသော ဂူပေါက်ဝဘက်တွင် အပြင်ဘက်မှ အလင်းရောင်များ ဝင်နေသောကြောင့် အတွင်းပိုင်းတွင် အတန်အသင့် အလင်းရောင်အရိပ်ရနေသော်လည်း ယခုအခါမှာတော့ အပေါက်ဝမှ တစ်စုံတစ်ခုဖြင့် ပိတ်ဆို့လိုက်သလို မှောင်ကျသွားပြီး အတွင်းပိုင်းတစ်ခုလုံး အလင်းရောင်ပျောက်သွားလေတော့သည်။ ထို့ထက် ဂူကြမ်းပြင်တစ်ခုလုံးမှာလည်း သိမ့်သိမ့်တုန်လာတော့သည်။

ဂူအတွင်းပိုင်း ရောက်နေကြသော ဖမုန်းထန်တို့ လူစုမှာ အပေါက်ဝဘက်မှ တရွေ့ရွေ့ဝင်လာသော မည်းမည်းသဏ္ဍာန်ကြီးကို ကြည့်ကာ ထိတ်လန့်တုန်လှုပ်နေကြလေသည်။

"ရှူး... ရှူး"

မလှမ်းမကမ်းရောက်လာပြီး တရှူးရှူးနှင့် နှာမှုတ်သံကြားရတော့မှ ဝင်လာသော သတ္တဝါမှာ အလွန်ကြီးသော မြွေကြီးတစ်ကောင်ဖြစ်မှန်း သိရလေတော့သည်။

သို့သော်လည်း သူတို့အတွက် ထွက်ပေါက်မရနိုင်တော့ပေ။

"မြွေ... မြွေကြီး"



www.burmeseclassic.com

"ဘယ်... ဘယ်လို လုပ်ကြမလဲ"

"အခုမှတော့ ရှောင်လို့ မလွတ်တော့ဘူး။ ရှိတဲ့ လက်နက်တွေနဲ့ တိုက်ကြရုံ ရှိတော့တာပေါ့"

ထိုအချိန်တွင် ဂူပေါက်ဝဘက်ဆီမှ တအိအိဝင်လာသော မြွေကြီးက မီးရောင်နှင့် လှမ်းမြင်နိုင်သော နေရာသို့ ရောက်လာလေတော့သည်။

"ဟင်"

ဇမုန်းထန်များစွာ ထိတ်လန့်တုန်လှုပ်သွားလေတော့သည်။ သူမြင်လိုက်ရသော မြွေကြီးမှာ အခြားမဟုတ်ပေ။ ကျွန်းအောင်ကျော်တို့နှင့် လိုက်သွားစဉ်က နေသူရိန်ကုန်းတန်းမှ လောင်းလှေပျက်ကြီးအနီးတွင် တွေ့ခဲ့ရသော မြွေကြီးဖြစ်မှန်း ကောင်းစွာ မှတ်မိလိုက်လေသည်။

သူတို့တတွေ ဘယ်လိုလုပ်ရမှန်း မသိခင်မှာ တအိအိ ဝင်လာသော မြွေကြီးက အနီးသို့ ရောက်လာလေတော့သည်။ တစ်ပေါက်တည်းရှိသော ဂူပေါက်ဝကို မြွေကြီးက ပိတ်ထားသကဲ့သို့ ရှိသောကြောင့် ထွက်မရမည့်အတူတူ လက်ထဲမှ ဓားလှံလက်နက်များဖြင့် ထိုးခုတ်တိုက်ခိုက်ကြလေတော့သည်။

"ဖြီး... ဖြီး"

မြွေကြီး၏ မာန်ဖီသံပေါ် လာပြီး တွေ့သမျှလူကို လိုက်လံပေါက်





သတ်လေတော့သည်။

ငှင်းပါးစပ်နှင့် ကိုက်မိသည်နှင့် ဇလထဲမြောက်ပါသွားပြီး ခဏချင်းမှာပင် အသက်ပျောက်သွားကြသည်။

သို့စေကာမူ သားရေပြားထက်ပို၍ မာကျောလှသော မြွေကြီး၏ ကိုယ်ခန္ဓာအနှံ့ကို ဓားလှံလက်နက်များဖြင့် ထိုးခုတ်တိုက်ခိုက်ကြသော်လည်း အရာမထင်လှပေ။

သို့ဖြင့် မြွေကြီး၏ လက်ချက်ဖြင့် ဇမုန်းထန်တို့တတွေမှာ တစ်ယောက်ပြီးတစ်ယောက် သေဆုံးကုန်လေရာ နောက်ဆုံးဇမုန်းထန်တစ်ယောက်သာ ကျန်ခဲ့တော့သည်။

ဇမုန်းထန်လည်း လွတ်လမ်းမမြင်တော့သဖြင့် မြွေကြီးကို ကွေ့ရှောင်ပြီး ဂူပေါက်ဝသို့ ထွက်ပြေးရာ သူပြေး၍ ခြေလှမ်းလေးငါးလှမ်းမျှသာ လှမ်းရသေးသည်။ နောက်ဘက်မှ ခြေထောက်ကို ပတ်ဆွဲခြင်းခံရလိုက်သည်။

မြွေကြီးက သူ့ကို အမြီးနှင့်ပတ်ကာ လှမ်းဆွဲယူလိုက်ပြီး တစ်ရစ်ခြင်းပတ်လိုက်ရာ နောက်ဆုံးတော့ ဇမုန်းထန်တစ်ကိုယ်လုံးကို ပတ်မိသွားလေတော့သည်။

"အား"

ဇမုန်းထန်၏ ကြောက်မက်ဖွယ်ရာ အော်သံကြီးက ဂူအတွင်းမှာ ပဲ့တင်ထပ်သွားလေတော့သည်။



www.burmeseclassic.com

## အခန်း (၁၅)
## ချစ်သူတို့အပြုံး

ခေါင်းထဲမှာ မူးဝေနောက်ကျိုနေရာမှ တစ်စတစ်စပြန်လည် သတိရလာသည်။ နားထဲမှာလည်း ခေါ်သံလိုလို ကြားနေရသည်။

"နီမောင်… နီမောင်… သတိရပြီလား"

"ဟင်"

အားယူ၍ မျက်လုံးဖွင့်ကြည့်လိုက်တော့ နံဘေးနားမှာ ဦးပန်းညို့နှင့် ဆေးဆရာကြီး ဦးဗန်ကောင်းတို့ကို တွေ့ရလေသည်။

"ကျွန်တော် ဘယ်ရောက်နေတာလဲဟင်"





"မင်း ရွာကို ပြန်ရောက်နေပြီလေကွာ၊ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး"

နီမောင်မျက်လုံးမှိတ်၍ ပြန်စဉ်းစားနေသည်။ ဂူထဲမှာ ခတ္တာနဲ့ တွေ့ပြီး ပြန်အထွက်တွင် ဂူပေါက်ဝ၌ သတိမေ့လဲသွားသည်ကို ပြန်၍ အမှတ်ရနေသည်။

"ခတ္တာဘယ်မှာလဲ သူဘယ်ရောက်သွားပြီလဲ"

သူ့စိတ်ထဲမှာ အသံမထွက်အောင် ရေရွတ်နေလေသည်။

"မင်းပျောက်လို့ လိုက်ရှာရင်းနဲ့ ဂူပေါက်ဝတစ်ခုမှာ သတိလစ်နေတာတွေ့လို့ ရွာကိုပြန်ခေါ်လာကြတာ၊ မင်းနောက်ကို လိုက်ကြတဲ့ ဓမုန်းထန်တို့တတွေကတော့ ဂူတစ်ဂူထဲမှာ အားလုံးသေနေကြတာ တွေ့ရတယ်"

"ဟင်"

"ဒီလိုပေါ့ကွာ လူဆိုတာ လောဘနဲ့ အသက်ရှင်နေကြတာပဲ၊ ကောင်းတဲ့ဘက်မှာ လောဘထားပြီးလုပ်ရင် ကောင်းကျိုးများများ ရနိုင်သလို မကောင်းတဲ့ဘက်မှာ လောဘထားမိရင်တော့ ပျက်စီးတတ်တာပဲပေါ့၊ ဒါထက် မင်းကို ပြောရဦးမယ် စောစောက မင်းသတိမေ့နေတုန်းက သူကြီးဦးဘဟန်တို့ ဇာ်မယားတောင် လာသွားကြသေးတယ်"

"ဟင်"



www.burmeseclassic.com

နီမောင် အံ့သြသွားသည်။ ထိုအခါ ဦးပန်းညိုက ဝင်ပြော

သည်။

"ဟုတ်တယ် လူလေးရဲ့ သူတို့လာကြတာ တခြားမဟုတ်ဘူး မင်းနဲ့ သူ့သမီး ခင်စန်းကြည်တို့ လုံငယ်ချင်း ရည်ငံနေကြတာကို သိသွားလို့ သူတို့ဘက်က မကန့်ကွက်တဲ့အပြင် မင်းနေကောင်းလာရင် လူကြီးစုံရာနဲ့ လာရောက်တောင်းရမ်းဖို့ ဟာပြောကြတာလေ မင်း ဝမ်းမသာဘူးလား"

"ဟို... ကျွန်တော်... ကျွန်တော်"

နီမောင် ဘာပြောရမှန်း မသိအောင်ဖြစ်သွားတော့သည်။

"အခုမှတော့ ရှက်မနေပါနဲ့တော့ကွာ မင်းအချုပ်ခံနေရတုန်းက မိန်းကလေးကိုယ်တိုင် သူ့နဲ့မင်းနဲ့ ရည်ငံနေကြတဲ့အကြောင်း စခန်းရုံးမှာ လာဖွင့်ပြောသွားတဲ့အကြောင်းက တစ်ရွာလုံး သိကုန်ကြပြီလေ၊ ဒါကြောင့်လည်း ဦးဘဟန်တို့က တစ်ရက်က နှစ်ရက် မဖြစ်ရအောင် ဒီစကားဆိုလာတာပေ့ါ"

ဟု ပြောပြသောအခါ နီမောင့်အတွက် ဘယ်လိုမှ ငြင်း မကောင်းမှန်း ရိပ်မိလိုက်သည်။

တကယ်တော့ ခင်စန်းကြည်သည် သူ့အတွက် ပစ်ပစ်ခါခါ ငြင်း စရာမိန်းကလေးတစ်ယောက်တော့ မဟုတ်ပေ။

ကျောင်းနေဘက်သူငယ်ချင်းလည်းဖြစ် တစ်ရွာတည်းနေ တ



BURMESE CLASSIC .com



ရေထဲသောက် တစ်ယောက်အကြောင်း တစ်ယောက်သိကြသူချင်း လည်း ဖြစ်ပြန်၊ နောက်တစ်ချက်က ခင်စန်းကြည်သည် ငယ်စဉ်ကတည်းက သူ့အပေါ် သံယောဇဉ်ရှိနေသူမို့ အစစအရာရာ အနစ်နာခံတတ်သူအတွက် သူ့အနေနှင့် ငြင်းပယ်ပိုင်ခွင့် မရှိတော့ပေ။

ထိုအခိုက်မှာပင် သူတို့အိမ်သို့ ခင်စန်းကြည်ရောက်လာလေရာ ဦးဗန်ကောင်းနှင့် ဦးပန်းညိုတို့က အလိုက်သိစွာဖြင့် အပြင်ဘက်သို့ ထွက်သွားကြလေသည်။

"နင်... နေကောင်းသွားပြီလား"

"ခေါင်းနည်းနည်း မူးနေတာကလွဲရင် ကျန်တာကတော့ ကောင်းသွားပါပြီ ဒါထက် စောစောက နင့်အဖေနဲ့ အမေတို့အဘတို့ဆီ လာသွားကြတယ်လို့ပြောတယ်"

ခင်စန်းကြည်က ရှက်စနိုးအမူအယာဖြင့် ခေါင်းငုံ့သွားရင်း...

"ဟုတ်တယ်"

ဟု ပြန်ပြောလေသည်။

"တို့နှစ်ယောက်ရဲ့ အကြောင်းတွေကို ပြောသွားကြတယ်လို့ ပြောတယ် နင့်သဘောက ဘယ်လိုလဲဟင်"

"အို... ငါဘာပြောရမှာလဲ"

"မဟုတ်ဘူးလေ လူကြီးတွေက တို့နှစ်ယောက်ကိုတစ်မိုး ထင်ပြီး လက်ထပ်ဖို့ စီစဉ်နေကြတာကိုပြောတာ၊ ဒီလိုလုပ်လိုက်ရင်



www.burmeseclassic.com

နင်တို့ဘက်က သိပ်ပြီးနစ်နာမယ်"

"ဘယ်လိုနစ်နာမှာလဲ"

"ဩော် နင်တို့အခြေအနေနဲ့ဆိုရင် တို့ဘက်က ဘာမှပြည့်ပြည့်စုံစုံမှ မရှိတော့..."

"အဲဒါတွေက လိုလို့လား။ အဓိကက အချင်းချင်းနားလည်မှုရှိပြီး နှစ်သက်မှုရှိဖို့ပဲ မဟုတ်လား၊ ကဲ ငါကပဲမေးရဦးမယ် လူကြီးတွေ စီစဉ်ပေးတာကို နင့်အနေနဲ့ ဘယ်လိုသဘောထားသလဲ နီမောင်"

"ငါ့ဘက်ကတော့ ဘာမှပြောစရာမရှိပါဘူး၊ နင့်ကို ငယ်ငယ်ကတည်းက ခင်တယ်၊ သံယောဇဉ်ရှိတယ်၊ နောက်ပြီး ကိုယ့်အပေါ်နားလည်မှု ပေးနိုင်တဲ့ ချစ်သူအဖြစ် လက်ခံပါတယ် နင်ကရောဟင်"

"မေးစရာလိုသေးလို့လား မိန်းကလေးတန်မဲ့ အချုပ်ခန်းထဲအထိလိုက်လာမှတော့ တော်ရုံသံယောဇဉ်နဲ့များ လိုက်လာတယ်လို့ထင်နေသေးလို့လား"

"မထင်တော့ပါဘူး ခင်စန်းကြည်ရယ် နင့် မေတ္တာနဲ့ စေတနာကို ငါနားလည်ပါပြီ၊ ဒါကြောင့် တစ်သက်လုံး ကြင်ကြင်နာနာ လက်တွဲသွားပါ့မယ်လို့ ငါကတိပေးပါတယ်"

နီမောင်က ခင်စန်းကြည်လက်ကလေးကို ဆုပ်ကိုင်ရင်း ရင်ထဲမှ စကားကို ပြောလိုက်သောအခါ ခင်စန်းကြည်၏ မျက်နှာပေါ်မှာ





နှစ်သက်ဖွယ်ရာ အပြုံးရိပ်ကလေးများ ယှက်သန်းသွားလေတော့သည်။

လောကတွင် ချစ်ခင်နှစ်သက်ဖွယ်ကောင်းသော အရာများထဲမှာ ချစ်သူတို့၏ အပြုံးသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေတော့သည်။

* * * *



BURMESE CLASSIC .com
www.burmeseclassic.com

## နိဂုံး

လရောင်သည် ထော်သီထော်ပိုင်သစ်တောများပေါ်သို့ ဖြာကျနေလေသည်။

လေတိုးလိုက်တိုင်း သစ်ရွက်သစ်ခက်များ လှုပ်ရှားသံနှင့်အတူ ကျူက်ဒေးယံ့စေတီတော်ရှိရာဘက်မှ ဆည်းလည်းသံကလေးများ ပြန့်လွင့်ထွက်လာသည်။

နှင်းဆမ်းသောအခါသမယတွင် ဆောင်းလေနှင့်အတူ သစ်ခွပန်းရနံ့ ဂမုန်းရနံ့တို့က ပတ်ဝန်းကျင်တဝိုက်သို့ ပြန့်နှံ့လျက် ရှိနေသည်။ ဘုရားရင်ပြင်တော်ပေါ်မှာ မိန်းကလေးတစ်ယောက်ရပ်နေသည်။

သူမသည် လက်အုပ်ကလေးချီရင်း တစ်စုံတစ်ခုကို ဆုတောင်း



BURMESE CLASSIC .com



နေလေသည်။ သူမရှေ့မှာတော့ ခတ္တာပန်းခက်အဖြူများ ထိုးထားသော ပန်းအိုးတစ်အိုးက ရှိနေလေသည်။

ခတ္တာပန်းရနံ့များက ဝေ့ဝဲ ပျံ့နှံ့နေသည်။

လရောင်ဖြင့် မိန်းကလေးမျက်နှာပေါ်မှ မျက်ရည်စီးကြောင်းများက အတိုင်းသားပေါ်နေလေသည်။

"ဤခတ္တာပန်းများကို လှူရသည့်အကျိုးကြောင့် ဘဝဆက်တိုင်း၊ ဆက်တိုင်း ချစ်သူနှင့် ကွေကွင်းရသော ဒုက္ခများနှင့် ကင်းဝေးရပြီး ချစ်သောသူနှင့် ဘဝဆက်တိုင်း ပေါင်းရပါစေ ဘုရားတပည့်တော်ကို သနားသဖြင့် ဤဆုကိုပေးသနားတော်မူပါ အရှင်ဘုရား"

လွမ်းဆွတ်ဖွယ်ရာကောင်းလှသော သူမ၏ ဆုတောင်းသံကလေးများမှာ လေနှင့်အတူ ပျံ့လွင့်ပျောက်ကွယ်သွားသည်။ ဘကယ်တော့ ဘဝချင်းခြားနေသော်လည်း ထားရှိအပ်သော ချစ်ခြင်းမေတ္တာချင်းကတော့ မခြားကြပါပေ။

သူမ၏ပတ်ဝန်းကျင်တစ်ဝိုက်မှာ မီးခိုးငွေ့ကဲ့သို့ မြူခိုးအငွေ့များက ဝေ့ဝဲရစ်သိုင်းလျက်ရှိနေသည်။ အတန်ကြာတော့ ဘုရားရင်ပြင်တော်ပေါ်သို့ ဝတ်ဖြူစင်ကြယ် ဝတ်ထားသော အဘိုးအိုတစ်ဦးက မျက်နှာပြင်ပေါ်၌ မျက်ရည်များစီးကျနေသော မိန်းကလေးကို နှစ်သိမ့်ကာ ပြန်ခေါ်သွားလေသည်။



www.burmeseclassic.com

"ကိုယ့်စိတ်ကိုသာ ဖြေပါတော့ သမီးရယ်၊ သမီး ဖြတ်သန်းခဲ့ရ တဲ့ ဘဝပေါင်းများစွာတို့မှာ ချစ်သူပေါင်းများစွာတို့နဲ့ ကြုံဆုံခဲ့ရပါပြီ ဒီချစ်သူတွေအားလုံးကလဲ ကိုယ်က ခွဲရင်ခွဲ၊ ဒါမှမဟုတ်ရင် သူတို့က ခွဲသွားကြတာပဲ မဟုတ်လား။ ဒါကြောင့် ကျခဲ့ရတဲ့မျက်ရည်တွေဟာ သမုဒ္ဒရာတစ်စင်းထက်တောင် နည်းလိမ့်မယ်မဟုတ်ပါဘူးကွယ်၊ ဒါ ကြောင့် ကိုယ့်စိတ်ကို အတတ်နိုင်ဆုံး ဖြေပြီး ဒီအကြောင်းတွေကို မေ့လိုက်ပါတော့ကွယ်"

ဟု ဖျောင်းဖျနှစ်သိမ့်ပေးရာ မိန်းကလေးက အဘိုးအို၏လက် မောင်းတစ်ဖက်ကို ဖက်၍ ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။

တကယ်တော့ လောကဓံတရားသည် အချစ်နှင့်အမုန်းကို ခွန်တွဲလျက် ပေးထားလေရာ အချစ်ကိုနှစ်သက်လျှင် အမုန်းကို မလွဲ မသွေ လက်ခံရတတ်သည်။

အမုန်းနှင့်တွေ့ရသော်လည်း တစ်ချိန်မှာ အချစ်ကိုလည်း ပြန် လည် ကြုံတွေ့ရပါသည်။

လောကတရားကို ဥပေက္ခာပြုလျက် ကံကြမ္မာရဲ့အလှည့်က ပေးသော ခံစားမှုကို မလွဲမသွေ လက်ခံရုံမှတစ်ပါး အခြားမရှိတော့ သည်တွင် မိန်းကလေးနှင့်အဘိုးအိုတို့လည်း ဘုရားရင်ပြင်တော် ပေါ်မှ တရွေ့ရွေ့ ဆင်းသွားကြလေတော့သည်။

လေအဝေ့ဝယ် သာယာနာပျော်ဖွယ်ကောင်းသော ဆည်း





လည်းသံကလေးများကတော့ ပတ်ဝန်းကျင်တစ်ဝိုက် ပျံ့နှံ့လျက်။

ဤနေရာတွင်ကျွန်ုပ်ရေးသားသော (သူယောင်မယ်ချစ်သူ) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုသည်လည်း ဤနေရာတွင် နိဂုံး ကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခီအတ္တာနံ ပရိဟာရန္တု...

ကြီးစတ္တ